# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် (၁၀) ရက် ၊ တနင်္ဂနွေနေ့ ၊ (10-9-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၃၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များအား လားရှိုးမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဝင်များဖြစ်ကြသည့် ဦးရွှေကြိမ်၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ **စာမျက်နှာ ၁၈ ကော်လံ ၁** ➡




ရတနာပုံ
၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၀ ရက်
အယ်ဒီတာ့အာဘော်

# ထိန်းသိမ်းစို့လေ ယဉ်ကျေးမှုအမွေ

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံအတူတကွ စုစည်းနေထိုင်ခဲ့ကြသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ တိုင်းရင်းသားလူမျိုးပေါင်းစုံတွင် ကိုယ်ပိုင်ယဉ်ကျေးမှုကိုယ်စီရှိကြပြီး မြတ်နိုးလေးစားဖွယ်ရာ ယဉ်ကျေးမှုအဖြာဖြာကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးမှာ တိုင်းရင်းသားညီအစ်ကိုများအားလုံး၏ သမိုင်းပေးတာဝန်တစ်ရပ်ပင်ဖြစ်သည်။

ထိုသို့ မြန်မာတိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအတွက် ယခုနှစ်တွင်လည်း (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နိုင်ငံတော်ကအားပေးချီးမြှောက်မှုများစွာဖြင့် ခမ်းနားဝေဆာစွာကျင်းပသွားမည်ဖြစ်ပါသည်။ နိုင်ငံတော်အဆင့်ပြိုင်ပွဲကြီးသို့ မိမိတိုင်းဒေသကြီးနှင့်ပြည်နယ်၏ဂုဏ်ကိုဆောင်ကာ လာရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့မှ မျိုးဆက်သစ်လူငယ်မောင်မယ်များစွာက ခရိုင်အဆင့်ပြိုင်ပွဲအသီးသီးတို့၌ အင်တိုက်အားတိုက် ယှဉ်ပြိုင်လေ့ကျင့်နေကြပြီဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့်လည်း တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းစဉ်လာယဉ်ကျေးမှုများကိုလေးစားလိုက်နာပြီး ထိန်းသိမ်းစောင့်ရှောက်ပေးလျက်ရှိသည်။ ထို့ကြောင့် ယခုနှစ် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့် ထပ်တူအမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေးဟူသော ဦးတည်ချက် ၄ ရပ်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံ၏ယဉ်ကျေးမှုအမွေအနှစ်များကို လက်ဆင့်ကမ်းထိန်းသိမ်းခဲ့သူ၊ မြတ်နိုးစွာ ဆက်လက်လက်ဆင့်ကမ်းသင်ယူသူတို့သည် ယဉ်ကျေးသိမ်မွေ့သော နှလုံးသားမှတစ်ဆင့် နိုင်ငံနှင့် နိုင်ငံသားတို့အပေါ် စစ်မှန်သောမျိုးချစ်စိတ်များ ခိုင်မာရှင်သန်နေကြသူများဖြစ်သည်။ မိမိနိုင်ငံနှင့် တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို မျက်ကွယ်ပြုလျှင် ယဉ်ကျေးမှုအနုသုခုမပညာရပ်များ တိမ်ကောပပျောက်သွားပြီး ခေတ်သစ်နယ်ချဲ့တို့၏လက်နက်တစ်ခုဖြစ်သော တိုင်းတစ်ပါးယဉ်ကျေးမှုတို့ ဝင်ရောက်ခြယ်လှယ်ခြင်းကိုခံရကာ မိမိတို့၏ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်များလျော့နည်းပျက်စီးမှုတို့ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။

ထို့ကြောင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်တို့ ထင်ဟပ်နေသည့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပခြင်းသည် လွန်စွာအဓိပ္ပာယ်ပြည့်ဝလှပေသည်။ တိုင်းရင်းသားညီအစ်ကိုအပေါင်းတို့၏ သမိုင်းကြောင်းရှည်လျားတည်ရှိသည့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ ကမ္ဘာတည်သရွေ့တည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးက ညီညာဖြဖြ ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းဆောင်ရွက်ကြရမည်သာဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး စက်တင်ဘာ ၉**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့် ပြည်သူစုစုပေါင်း ၂၃၂၂၃ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"မဟာမုနိရုပ်ရှင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ နေ့စဉ် လာရောက်ဖူးမြော်ကြပါတယ်။ ရွှေသက်န်းကပ်လှူသူတွေ၊ ပန်းကပ်သူတွေ၊ ရေသပ္ပာယ်သူတွေနဲ့ စည်ကားနေပါတယ်။ ပြတိုက်က သမိုင်းဝင်ပြခန်းတွေကို ဝင်ရောက်လေ့လာကြတာ တွေ့ရပါတယ်။ ဘုရားဖူးတွေက ငါးကန်၊ လိပ်ကန်ကိုသွားပြီး ငါးစာ၊ လိပ်စာတွေ ကျွေးကြပါတယ်။ ရှုခင်းကောင်းတဲ့ နေရာတွေမှာလဲ အလှဓာတ်ပုံရိုက်သူတွေနဲ့ စည်ကားနေပါတယ်။ ဆိုင်ခန်းတွေလဲ ဖွင့်လှစ်ရောင်းချနေပြီး ဘုရားဖူးတွေကလဲ အမှတ်တရပစ္စည်းတွေ ဝယ်ယူနေတာကို တွေ့ရပါတယ်။ နေ့ထူးနေ့မြတ် ရက်တွေဆိုရင် ဘုရားဖူးဦးရေ များပါတယ်"ဟု မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ ညနေထိ ဘုရားဖူးဦးရေ ၂၂၉၀၇၀ လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှဝင်ရောက်ဖူးမြော်နိုင်ကြောင်း သိရသည်။

ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ ညနေထိ ဘုရားဖူး ၂၀၂၈ ဦး လာရောက်ဖူးမြော်ကြောင်း ဝေရောစန ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၁၁၂၅ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။ (၁၈၅)

# မန္တလေးဈေးကွက်တွင် မြေထောက်ပဲ အရောင်းအဝယ်ကောင်းပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၇၀၀၀၀ ဖြင့် ဈေးကောင်းရရှိ

**မန္တလေး စက်တင်ဘာ ၉**

မန္တလေး ဈေးကွက်တွင် မြေထောက်ပဲအရောင်းအဝယ်ကောင်းပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၇၀၀၀၀ ဖြင့် ဈေးကောင်းရရှိနေကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိတွင် မြေထောက်ပဲများကို တရုတ်နိုင်ငံဘက်က ဝယ်ယူမှုများရှိလာပြီး ပြည်တွင်း၌လည်း အရောင်းအဝယ် ကောင်းသောကြောင့် မန္တလေးဈေးကွက်အတွင်း မြေထောက်ပဲများ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"အခုလက်ရှိမှာ မြေထောက်ပဲတွေကို တရုတ်နိုင်ငံအပြင် အိန္ဒိယနိုင်ငံဘက်ကပါ ပြန်ပြီးဝယ်ယူမှုတွေရှိလာပါတယ်။ ပြည်တွင်းကလဲ ဝယ်ယူတာ များလာတာကြောင့် အရင်ကထက် ဈေးကောင်းပိုရလာပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် စက်တင်ဘာလ ပထမပတ်အတွင်းက မြေထောက်ပဲဈေးနှုန်းမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၆၅၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ယခုအခါ အရောင်းအဝယ်ကောင်းလာသဖြင့် ယနေ့တွင် မြေထောက်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၇၀၀၀၀ ထိ ပေါက်ဈေးရှိပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။

"မြေထောက်ပဲက မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်ကောင်းမွန်တဲ့ ပဲအမျိုးအစားတွေထဲက တစ်မျိုးအပါအဝင်ဖြစ်ပါတယ်။ အခုဈေးကွက်ထဲမှာ မြေထောက်ပဲက ဈေးကောင်းပြန်ရနေတယ်"ဟု ဦးစက်မောင်ဆွေက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

# ဧရာဝတီမြစ်အတွင်း ကမ်းပြိုမှုကြောင့် တံစုန်းများမျောပါလာနိုင်သဖြင့် မန္တလေးဆိပ်ကမ်းမှရေယာဉ်များ အထူးသတိပြုသွားလာရန်လိုဟုဆို

**မန္တလေး စက်တင်ဘာ ၉**

ဧရာဝတီမြစ်အတွင်း ကမ်းပြိုမှုကြောင့်တံစုန်းများမျောပါလာနိုင်သဖြင့် မန္တလေးဆိပ်ကမ်းမှရေယာဉ်များ အထူးသတိပြုသွားလာရန် လိုအပ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းညွှန်ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ယခုအခါ ဧရာဝတီမြစ်အတွင်း မြစ်ရေတဖြည်းဖြည်းမြင့်တက်လာခြင်းကြောင့် ထီးချိုင့်၊ ကသာ၊ ရွှေကူ၊ ဗန်းမော် စသည့်အထက်ပိုင်းဒေသများတွင် ရေတက်ချိန်ဖြစ်သည့်အတွက် ကမ်းပြိုမှုများ၊ မြစ်ရေတိုက်စားမှုများကြောင့် ကမ်းအနီးရှိ သက်တမ်းရင့်သစ်ပင်ကြီးများ ကျိုးကျပျက်စီးပြီး ရေစီးဖြင့် မျောပါလာနိုင်သဖြင့် မန္တလေးဆိပ်ကမ်းမှခရီးသည်တင်ရေယာဉ်များနှင့်ကုန်တင်ရေယာဉ်များအနေဖြင့် အထူးသတိပြုသွားလာကြရန် လိုအပ်ကြောင်း သိရသည်။

"ဧရာဝတီမြစ်ကြောင်းတစ်လျှောက် မန္တလေးကနေ ဗန်းမော်ဘက် ရေလမ်းကြောင်းကိုသွားမဲ့ ရေယာဉ်တွေအနေနဲ့ အခုရေများချိန်မှာ အထူးသတိထားဖို့လိုပါတယ်။ ကမ်းပြိုမှုကြောင့် သစ်ပင်တွေ မျောပါလာတာတွေရှိတယ်။ တကယ်လို့ ရေယာဉ်တွေက အဲဒီတံစုန်းတွေကိုမမြင်ဘဲ ဖြတ်မောင်းမယ်ဆိုရင် ရေယာဉ်ဝမ်းဗိုက်ပေါက်ပြီး နစ်မြုပ်တဲ့ထိအန္တရာယ်ရှိနိုင်တယ်။ ရေလမ်းကြောင်းကောင်းပေမဲ့လဲ ရေယာဉ်တွေ သတိထားပြီး သွားလာဖို့လိုပါတယ်"ဟု ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

အလားတူ ယခုလက်ရှိ မန္တလေးဆိပ်ကမ်းမှ ရေယာဉ်များအနေဖြင့် ဗန်းမော်ဘက်သို့ သွားလာရာတွင် ရေလမ်းကြောင်း ကောင်းမွန်နေ၍ ယခင်သွားနေကျရေလမ်းကြောင်းအတိုင်းမသွားဘဲ ရေလမ်းကြောင်းအသစ်မှသွားလာလျှင်လည်း အထူးသတိပြုသွားလာကြရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# စဉ့်ကူးမြို့နယ် ကျောက်ငွေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးရွာတွင်း ၄၀၀ ပို့ဓာတ်အားလိုင်းသွယ်တန်းခြင်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**စဉ့်ကူး စက်တင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်ငွေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို စက်တင်ဘာ ၈ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သပိတ်ကျင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်စိုး၊ စဉ့်ကူးမြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံတို့က ကျောက်ငွေ့ကျေးရွာတွင် ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာအတိုးရငွေများဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ လက်တွေ့ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ရာ အဆိုပါလုပ်ငန်းများကို အကျိုးရှိရှိအသုံးချရန်နှင့် ပိုင်ဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

အဆိုပါ ကျောက်ငွေ့ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းမှ ငွေကျပ် ၁၂ ဒသမ ၂ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၄၈ ဒသမ ဝ၆၃၄ သန်းတို့ဖြင့် ဆောင်ရွက်သည့် ၄၀၀ ဗို့ ဓာတ်အားလိုင်း အရှည် ၇၅၂၄ ပေ သွယ်တန်းခြင်းလုပ်ငန်းကို ဩဂုတ်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် အဆိုပါကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၇၃ ဦးတို့က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၂ ဒသမ ၂၅ သန်းဖြင့် သတ္တမအကြိမ်မြောက် ထုတ်ချေးလည်ပတ်လျက်ရှိကြောင်း စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းထံမှ သိရသည်။

**ချစ်ဦးကို**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့၊ အကွက် (၅၃၄)၊ ၃၇-၃၈ လမ်းကြား၊ ၈၅ လမ်းနေ အလှူရှင် ကိုနိုင်းက ဦးစင်မောင်-ဒေါ်သန်းမြင့်တို့အားရည်စူး၍ ဆွမ်းအတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအဖွဲ့ဝင် ဦးဝင်းမြင့်နှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်က လက်ခံရယူစဉ်။

# စဉ့်ကိုင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၉၁၅၆ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**စဉ့်ကိုင် စက်တင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၉၁၅၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စဉ့်ကိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဇော်က ပြောပြ၍ သိရသည်။

စဉ့်ကိုင်မြို့နယ်အတွင်းရှိ မိုးစပါး ၂၉၁၅၆ ဧကကို မေလ တတိယပတ်ကစ၍ လျာထားစိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် သိပ္ပံနည်းကျနည်းစနစ်များဖြင့် စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"စဉ့်ကိုင်မြို့နယ်မှာ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စပါးကို ဒေသနဲ့ကိုက်ညီတဲ့ စပါးမျိုးတွေကို အဓိကထားစိုက်ပျိုးတာပါ။ ဌာနက ညွှန်ကြားချက်တွေနဲ့ စိုက်ပျိုးကြတာပါ။ စပါးမျိုးသက်တမ်းတွေ အနေနဲ့ကတော့ မျိုးအလိုက် သက်တမ်းရှိကြပါတယ်။ နှစ်စဉ် တောင်သူတွေ အထွက်နှုန်းတိုးအောင်လဲ ကွင်းသရုပ်ပြပွဲတွေ၊ အသိပညာပေးဆွေးနွေးပွဲတွေ လုပ်ပေးပါတယ်။ နွေ၊ မိုးသီးနှံတွေ စိုက်ပျိုးတဲ့အခါမှာလဲ လျာထားချက်ပြည့်မီရုံသာမက လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်"ဟု ဦးသန်းဇော်က ပြောပြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ဆန်စားသုံးမှု ဖူလုံစေရေးအတွက် စဉ့်ကိုင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၉၁၅၆ ဧကကို လျာထားစိုက်ပျိုးခဲ့ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တောင်သူများအနေဖြင့် စပါးစိုက်ပျိုးကြရာတွင် မိုးရေ၊ ဆည်ရေသောက်စနစ်ဖြင့် စိုက်ပျိုးခြင်း၊ မြစ်ရေတင်စနစ်ဖြင့် စိုက်ပျိုးခြင်းနှင့် မြေအောက်ရေစနစ်ဖြင့် စိုက်ပျိုးခြင်း စသည့်နည်းစနစ်မျိုးစုံဖြင့် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ (၁၈၅)

# အမရပူရမြို့နယ် ငယ်တိုးကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မန္တလေး စက်တင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ကျေးရွာဖြစ်သည့် ငယ်တိုးကျေးရွာအတွက် လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကူစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များအား ရန်ပုံငွေကျပ် ၃၃၈ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း စတုတ္ထအကြိမ်အဖြစ် အမရပူရမြို့နယ် ငယ်တိုးကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူဦးရေ ၁၁၀ ကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေကျပ် ၃၃၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးက ပြောပြ၍ သိရသည်။

**သူသူ**

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်မြို့သို့ ဩဂုတ်လအတွင်းက အုန်းသီးအလုံးရေ ၅၂၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၉**


ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်မြို့သို့ ဩဂုတ်လအတွင်းက အုန်းသီးအလုံးရေ ၅၂၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း မော်လမြိုင်ကျွန်းမြို့နယ် အုန်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်စုစုခိုင်က ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ အုန်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသထွက်အုန်းသီးများကို ဝယ်ယူပြီး အခွံပါ၊ အခွံမပါနှင့် အနုသီး စသည့်ပုံစံဖြင့် အသီးသုံးမျိုးကို တင်ပို့ရောင်းချနေကြောင်း၊ ပြီးခဲ့သည့်ဇူလိုင်လတစ်လအတွင်းက အုန်းသီးအလုံးရေ ၃၇၀၀၀၀ ထိသာတင်ပို့ရောင်းချခဲ့ရပြီး ဩဂုတ် ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း အုန်းသီးအလုံးရေ ၅၂၀၀၀၀ ထိတင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်မှာ လက်ရှိ အုန်းသီးတွေ လှိုင်လှိုင်ထွက်ရှိနေပါတယ်။ ဒေသထွက်အုန်းသီးတွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချပေးနေပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ်လတစ်လအတွင်း အုန်းသီးအလုံးရေ ၅၀၀၀၀၀ ကျော်ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပြည်တွင်းဈေးကွက်အပြင် ပြည်ပဈေးကွက်ပါ အဝယ်လိုက်နေတာကြောင့် တင်ပို့အားတက်နေတာပါ။ အုန်းသီးဝယ်လိုအားတက်လာသလို ဈေးကောင်းလဲရရှိနေပါတယ်။ ရန်ကုန်ကနေတစ်ဆင့် ပြည်ပဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် အုန်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်စုစုခိုင်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ထွက်ရှိသည့်အုန်းသီးများကို ကုန်တင်ကား၊ ကုန်တင်ရေယာဉ်များဖြင့် တင်ပို့ရောင်းချနေပြီး အုန်းသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၆၁၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါဒေသထွက်အုန်းသီးများ ဈေးကောင်းရရှိလာခြင်း၊ ဝယ်လိုအားကောင်းလာခြင်းကြောင့် အုန်းစိုက်ပျိုးသူများ၊ ကုန်ထမ်းလုပ်သားများ၊ ပွဲရုံလုပ်ငန်းရှင်များ၊ ကုန်တင်ကားအငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# စီးပွားရေးအောင်မြင်အောင် လောဘမီးကိုရှောင်

မျိုးသူ(ကုန်သွယ်မြှင့်)

လောဘသည်မကောင်းပါဟုပြောကြသည်။ အထူးသဖြင့် ဗုဒ္ဓဘာသာတွင် လောဘ၊ ဒေါသ၊ မောဟတို့သည် မကောင်းသောအကြောင်းတရားများဖြစ်ကြသည်ဟုခံယူကြသည်။ လောဘ၊ ဒေါသနှင့် မောဟကြောင့် ဖြစ်ပေါ်လာသောအကျိုးဆက်များသည် ကောင်းမွန်ခြင်းမရှိနိုင်ဟုခံယူကြသည်။ လောဘသည် မက်မောခြင်းကိုဖြစ်စေပြီး မက်မောခြင်းကြောင့် သူ့အသက်ကိုလည်းသတ်နိုင်၏၊ မပေးသည်ကိုလည်းယူနိုင်၏၊ သူတစ်ပါးသားမယားကိုလည်းပြစ်မှားတတ်၏၊ မဟုတ်မမှန်စကားကိုလည်းပြောနိုင်၏၊ သူတစ်ပါးကိုလည်း ထိုအတိုင်းပြုရန်ဆောက်တည်စေ၏ဟု မှတ်သားဖူးသည်။

လောဘကြောင့် ငါးပါးသောသီလကို ပျက်စေနိုင်သည်။ ဤနေရာတွင် လောဘနှင့်ဆန္ဒကို ကွဲပြားရန်လည်း လိုအပ်သည်။ အထိုက်အလျောက်သောဆန္ဒ၊ လောဘ၊ လိုချင်စိတ်တို့သည် လူကိုတွန်းအားဖြစ်စေပြီး တိုးတက်မှုကို ပေးစွမ်းနိုင်သည်။ သို့ရာတွင် ဆန္ဒ၊ လောဘနှင့် လိုချင်စိတ်တို့သည် အစွန်းကိုရောက်ကာ အလွန်အကျွံဖြစ်လာသည့်အခါတွင်မူ ကောင်းခြင်းမရှိဘဲ ဆိုးကျိုးကိုသာ ပေးစွမ်းနိုင်သည်။ လူ့အဖွဲ့အစည်းအတွင်း ပျက်စီးခြင်းများကို ဖြစ်စေနိုင်သည်။

ဆန္ဒပြင်းပြမှုနှင့် စိတ်အားထက်သန်မှုများကြောင့် ဟစ်တလာသည် လူထုခေါင်းဆောင်ဖြစ်လာသော်လည်း လွန်ကဲသောလောဘကြောင့် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ခဲ့ရသည်ကိုတွေ့နိုင်သည်။ လောဘသည် လူ့ဘဝတွင် အတိုင်းအတာတစ်ခုထိလိုအပ်သော်လည်း ကြီးမားလာသည်နှင့်အမျှ မေတ္တာ၊ အကြင်နာ၊ ကိုယ်ချင်းစာနာမှု၊ လူသားဆန်မှုတို့ကို ပျောက်ပျက်စေသည်။

**လိုအပ်ချက်နှင့် လိုအင်ဆန္ဒ**

စီးပွားရေးသမားတစ်ဦးသည် လိုအပ်ချက်နှင့် လိုအင်ဆန္ဒတို့ကို ကွဲပြားရန်များစွာလိုအပ်သည်။ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတစ်ခုကို အကောင်အထည်ဖော်ရာတွင် ကုန်ပစ္စည်းထုတ်လုပ်သည်ဖြစ်စေ၊ ဝန်ဆောင်မှုလုပ်သည်ဖြစ်စေ အခြားသူတစ်ဦးထံမှ ထိုက်တန်သော အဖိုးအခတစ်ခုကို ယူခြင်းဖြစ်သဖြင့် မိမိအတွက်အပြင် အခြားသူများ၏ လိုအပ်ချက်နှင့် လိုအင်ဆန္ဒများကို ကွဲကွဲပြားပြားသိရှိရန်လိုအပ်သည်။ လိုအပ်ချက်ဟူသည်မှာ တစ်စုံတစ်ရာသည် အသက်ရှင်သန်ရပ်တည်ရန်အတွက် အဓိကအချက်များသည် လိုအပ်ချက်များဖြစ်သည်။ အဆိုပါသတ်မှတ်ချက်ဖြင့် ကြည့်မည်ဆိုလျှင် စားဝတ်နေရေး၊ ဆေးဝါးကုသခြင်းများသည် ဘဝအတွက် လိုအပ်ချက်များဖြစ်သည်။ ပညာရေး၊ ကျန်းမာရေး၊ သွားလာရေး၊ ဆက်သွယ်ရေးစသည်တို့သည်လည်း ဘဝအတွက်လိုအပ်ချက်များဖြစ်သည်။ အဆိုပါလိုအပ်ချက်များကိုမှီ၍ လူသားတို့၏ စီးပွားရေးများပေါ်ပေါက်လာကာ လိုအပ်ချက်အပေါ်တွင် လိုအင်ဆန္ဒများဖြစ်အောင် ဆောင်ရွက်လာပြီး လိုအပ်ချက်နှင့် လိုအင်ဆန္ဒတို့သည် မကွဲပြားတော့သည့်အခြေအနေမျိုးများဖြစ်လာသည်။

ဥပမာ-သွားလာရေးအတွက် မော်တော်ကား လိုအပ်သည်မှာမှန်သော်လည်း အလွန်ဈေးကြီးမြင့်သော Luxury ကားကြီးတစ်စီးစီးရန်ဆန္ဒမှာ လိုအင်ဆန္ဒဖြစ်လာသည်။ သို့ရာတွင် အဆိုပါဇိမ်ခံကားကြီးကို စီးလိုခြင်းအတွက် ငွေကြေးချမ်းသာကြွယ်ဝရန်ကြိုးစားပြီးဝယ်ယူသည်မှာ လက်ခံနိုင်သောလိုအင်ဆန္ဒဖြစ်သော်လည်း ငွေကြေးချမ်းသာရန်ကြိုးစားသည့်နည်းလမ်း မှားခြင်း၊ မှန်ခြင်းသည် ရှိလာသည်။ ထို့ပြင် ဇိမ်ခံကားကြီးတစ်စီးမှ နှစ်စီး၊ နှစ်စီးမှ သုံးစီးစသည်ဖြင့်လိုချင်သည်မှာ ဆန္ဒထက် လောဘဖြစ်လာသည်။ ထိုအထိရှိသောလောဘသည်လည်း လက်ခံနိုင်သော်လည်း ချမ်းသာကြွယ်ဝမှုအတွက်၊ လိုချင်လောဘအတွက် အသက်သတ်ခြင်း၊ လိမ်လည်ခြင်း၊ မပေးသည်ကို ယူခြင်း၊ လောင်းကစား၊ မူးယစ်ဆေးဝါးစသည့် မမှန်ကန်သောစီးပွားရေးများကို လုပ်ဆောင်ခြင်း

❖ လိုချင်မှုသည် လောဘနှင့် မက်မောမှုဖြစ်သည်။ လိုချင်မှုသည် အထိုက်အလျောက်လိုအပ်သောအကြောင်းတစ်ခုဖြစ်သည်။ လောဘနှင့် မက်မောမှုသည် စေ့ဆော်မှု၊ တွန်းအားပေးမှုများဖြစ်သည်။ ထို့ကြောင့်ပင် ဈေးကွက်ဖော်ဆောင်မှုပညာတွင် အဆိုပါလိုချင်ဆန္ဒကို ဖြစ်ပေါ်လာစေရန်ဖန်တီးခြင်း အများအပြားပါဝင်လာသည်။ အရောင်အသွေး၊ လုပမှု၊ ချစ်ခင်အောင်ဖန်တီးနိုင်မှု၊ ပုံပန်းသဏ္ဍာန် စသည်တို့သည် လိုချင်ဆန္ဒနှင့် လောဘကို ဖန်တီးလာစေသည်ကို တွေ့နိုင်သည်။ ❖

စသည်တို့သည်ကား လူ့အသိုင်းအဝိုင်းကလက်မခံနိုင်သည့် လောဘများဖြစ်လာသည်။ ထို့ကြောင့် ချမ်းသာကြွယ်ဝအောင်ဆောင်ရွက်ရာတွင် လိုအပ်ချက်နှင့် လိုအင်ဆန္ဒကို ကွဲပြားရန်အရေးကြီးလာသည်။

လိုအပ်ချက်သည် အချိန်အခါကြောင့် ပြောင်းလဲသွားမည်မဟုတ်ဘဲ လိုအင်ဆန္ဒနှင့် လောဘသည် အချိန်တိုင်းပြောင်းလဲနေနိုင်သည်။ ထို့ပြင် လူသားအားလုံးအတွက် လိုအပ်ချက်သည် တူညီသော်လည်း လိုအင်ဆန္ဒနှင့် လောဘမှာမူ လူတစ်ဦးနှင့်တစ်ဦး တူညီမည်မဟုတ်ပါ။ ထို့ပြင် လူတစ်ဦးတည်းတွင်ပင် တစ်ချိန်နှင့်တစ်ချိန်၊ အသက်အရွယ်ငယ်စဉ်နှင့်ကြီးမြင်းချိန်တွင် တူညီနေမည်မဟုတ်ပါ။ စီးပွားရေးလုပ်ငန်းအားလုံးကိုကြည့်လျှင် အခြေခံသည် လူသားများ၏ အသက်ရှင်ရပ်တည်ရေး၊ စားဝတ်နေရေးပေါ်တွင် အခြေခံသည်ကို တွေ့နိုင်သည်။

လိုအပ်ချက်ကိုသေချာစွာခွဲခြားကြည့်လျှင် ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်နှင့် စိတ်ပိုင်းဆိုင်ရာလိုအပ်ချက်များ နှစ်မျိုးကွဲပြားသည်ကို တွေ့နိုင်သည်။ ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်များမှာ အထက်ကဖော်ပြခဲ့သော အသက်ရှင်ရပ်တည်ရေး၊ အစားအစာ၊ အောက်ဆီဂျင်နှင့် ရေစသည့်လိုအပ်ချက်များဖြစ်ကြသည်။ စိတ်ပိုင်းဆိုင်ရာလိုအပ်ချက်များမှာ ကျေနပ်နှစ်သိမ့်မှုရှိစေရေးဖြစ်သည်။ အခြားသော စိတ်ပိုင်းဆိုင်ရာလိုအပ်ချက်များမှာ လုံခြုံမှုရှိခြင်း၊ မေတ္တာတရား၊ ကိုယ်ချင်းစာတရားစသည့် လူသားဆန်မှုများဖြစ်ကြသည်။ အထက်ပါလိုအပ်ချက်များမပြည့်စုံခြင်းသည် ရုပ်နှင့် စိတ်ကျန်းမာရေးအတွက် အဓိကကျသည်ကို တွေ့နိုင်သည်။ အထက်ပါလိုအပ်ချက်များမရှိခြင်းသည် သေဆုံးခြင်းဆီဦးတည်သည်ကို တွေ့နိုင်သည်။

လိုချင်မှုသည် လောဘနှင့် မက်မောမှုဖြစ်သည်။ လိုချင်မှုသည် အထိုက်အလျောက်လိုအပ်သောအကြောင်းတစ်ခုဖြစ်သည်။ လောဘနှင့် မက်မောမှုသည် စေ့ဆော်မှု၊ တွန်းအားပေးမှုများဖြစ်သည်။ ထို့ကြောင့်ပင် ဈေးကွက်ဖော်ဆောင်မှုပညာတွင် အဆိုပါလိုချင်ဆန္ဒကိုဖြစ်ပေါ်လာစေရန် ဖန်တီးခြင်း အများအပြားပါဝင်လာသည်။ အရောင်အသွေး၊ လုပမှု၊ ချစ်ခင်အောင်ဖန်တီးနိုင်မှု၊ ပုံပန်းသဏ္ဍာန် စသည်တို့သည် လိုချင်ဆန္ဒနှင့် လောဘကိုဖန်တီးလာစေသည်ကို တွေ့နိုင်သည်။

မိမိတို့အတွက် လိုအပ်ချက်နှင့် လိုအင်ဆန္ဒကို စိတ်တွင် ကွဲပြားမှုမရှိဘဲ လိုအင်ဆန္ဒကို လိုအပ်ချက်ဟု ထင်မြင်တတ်သည့်အခါများ မကြာခဏကြုံရတတ်သည်။ ထိုအခါမျိုးတွင် စိတ်တွင်ကွဲပြားရန်အတွက် မိမိလိုချင်သောအရာသည် မိမိအသက်ရှင်ရပ်တည်ရေး၊ မိမိဘဝအတွက် မရှိမဖြစ်လိုအပ်ပါသလား၊ ထိုအရာကိုမရရှိလျှင် အသက်ရှင်သန်နိုင်သလား၊ လူ့ဘဝတွင် ရပ်တည်နိုင်သေးလားဆိုသည်ကို ကိုယ့်ဘာသာပြန်မေးကြည့်ရန်ဖြစ်သည်။ ထို့ပြင် အရေးပေါ်အခြေအနေများအတွက် ငွေကြေးစုဆောင်းထားခြင်း၊ ကြွေးဆပ်ခြင်း၊ ပင်စင်ယူချိန်တွင် နေထိုင်ရန်အိမ်အတွက် ငွေကြေးစုဆောင်းခြင်း စသည်တို့သည် ငွေကြေးလိုအပ်ချက်များဖြစ်ကြသည်။ သို့ရာတွင်လေယာဉ်ပျံဝယ်စီးရန် ငွေကြေးရှာဖွေခြင်းသည် လိုအင်ဆန္ဒ၊ လောဘသာဖြစ်သည်။

**လိုအပ်ချက်၊ လိုအင်ဆန္ဒနှင့် လောဘများဖြင့် အကျိုးရှိစေရေး**

ကျွန်တော်တို့ဆောင်ရွက်ရမည်မှာ လူသားတို့၏ လိုအပ်ချက်၊ လိုအင်ဆန္ဒနှင့် လောဘများကိုအသုံးချ၍ အကျိုးရှိစေရေးပင်ဖြစ်သည်။ ဆန်စပါးကိုစိုက်ပျိုးရာတွင် အထွက်ကောင်းသည်ထက် ကောင်းအောင်ဆောင်ရွက်ခြင်းသည် လိုအင်ဆန္ဒဖြစ်သော်လည်း ကိုယ်ကျိုးနှင့် အများအကျိုးအတွက် တစ်ပြိုင်နက်တည်းဆောင်ရွက်ခြင်းမည်သည်။ ဆန်ကို ကြိတ်ခွဲပြီး ရောင်းချရာတွင် ဆန်ကို ကောင်းသည်ထက်ကောင်းအောင်ကြိတ်ခွဲပြီးရောင်းချခြင်းသည် မိမိစီးပွားအတွက် အကျိုးရှိစေသကဲ့သို့ အများအတွက်လည်း အရည်အသွေးမြင့် ဆန်ကောင်းကောင်းကို ရစေသည်။ သို့သော် ဆန်ကောင်းကောင်းကို သိုလှောင်ပြီး ဈေးကစား၍ အမြတ်များများရအောင် ဆောင်ရွက်ခြင်းသည် မိမိအတွက်သာအကျိုးရှိစေပြီး အများအတွက်၊ စားသုံးသူအတွက် အကျိုးမရှိသဖြင့် မှန်ကန်သောလောဘမဟုတ်သည်ကို သတိပြုရမည်ဖြစ်သည်။ အလားတူပင် ဆန်၊ ဆီ၊ ဆား၊ ဆေး စသည့်စားသောက်ကုန်များ၊ ရေများ၊ စိုက်ပျိုးရေးပစ္စည်းများစသည်တို့သည် လူသားတို့အတွက် အကျိုးရှိစေသောကုန်ပစ္စည်းများဖြစ်သဖြင့် အဆိုပါကုန်ပစ္စည်းများဖြင့် စီးပွားရှာခြင်းသည် ကောင်းမွန်သော်လည်း လောဘ၏စေ့ဆော်မှုကြောင့် အမြတ်ကြီးစားခြင်း၊ ဈေးကစားရန်သိုလှောင်ခြင်း၊ အတုအပပြုလုပ်ခြင်း၊ စားသုံးသူကို ထင်ယောင်ထင်မှားဖြစ်စေရန် လိမ်လည်ပြောဆိုရောင်းချခြင်းတို့သည် လောဘကြီးခြင်းဖြစ်ပြီး စီးပွားရေးလုပ်ငန်းရှင်တို့အတွက် ရှောင်ကြဉ်သင့်သည့်အချက်များဖြစ်သည်။

အထူးသဖြင့် အတုအပများနှင့် စားသုံးသူကိုနစ်နာစေသည့်လိမ်လည်မှုများသည် မသမာသောစီးပွားရေးဟု သတ်မှတ်နိုင်သည်။ ထိုကဲ့သို့ မသမာသောစီးပွားရေးလုပ်ငန်းများကို ထိရောက်စွာတားဆီးနိုင်ရန်လိုအပ်မည်ဖြစ်သည်။

စားသုံးဆီများဈေးမြင့်တက်လာသည့်အချိန်တွင် မြေပဲဆီအနံ့ထည့်ကာ ရောင်းချခြင်းသည် စားသုံးသူများကို များစွာထိခိုက်စေသောရောင်းချခြင်းဖြစ်သည်။ စားသုံးသူများအနေဖြင့် အနံ့ထည့်ရုံမျှဖြင့် ဈေးနိမ့်သောဆီကို ဈေးအမြင့်ဖြင့် ဝယ်ယူစားသုံးရခြင်းဖြစ်၍ စားသုံးသူများအနေဖြင့် ငွေကြေးအရ နစ်နာရသည့်အပြင် ပစ္စည်းအရည်အသွေးအညံ့များသာ ရရှိသဖြင့် မိအေးနှစ်ခါနာဖြစ်ရသည်။ ထို့ကြောင့် ထိုကဲ့သို့သော အတုအပနှင့် စားသုံးသူကိုထင်ယောင်ထင်မှားဖြစ်စေသည့် စားသောက်ကုန်ရောင်းချခြင်း၊ ထုတ်လုပ်ခြင်းများကို ထိရောက်စွာအရေးယူသင့်သည်။

စီးပွားရေးဆိုင်ရာလိုအင်ဆန္ဒများသည် သေချာစွာစစ်ဆေးသုံးသပ်နေခြင်းမပြုလျှင် လေးနက်သောစီးပွားရေးဆိုင်ရာအကျိုးသက်ရောက်မှုများကိုဖြစ်စေသည်။ ချမ်းသာကြွယ်ဝမှုမညီမျှခြင်းသည် အထက်ဖော်ပြပါ စီးပွားရေးလိုအင်ဆန္ဒများမှသည် ကြီးထွားလာပြီး အစွန်းရောက်သောလောဘများကြောင့် ဖြစ်တတ်သည်။ အစွန်းရောက်သောလောဘမောင်းနှင်သော စီးပွားရေးသည် ချမ်းသာကြွယ်ဝမှုကို အလွန်အကျွံမြင့်မားလာစေပြီး လူ့အဖွဲ့အစည်းနှင့် ကင်းဝေးသွားတတ်သည်။ ချမ်းသာ၊ ဆင်းရဲ ကွာဟမှုကြီးမားသည့် လူ့အဖွဲ့အစည်းကို ဖြစ်ပေါ်စေပြီး ထိခိုက်မှုများဖြစ်လာစေတတ်သည်။ လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာ တင်းမာမှုများကို ဖြစ်ပေါ်လာစေတတ်သည်။ အစွန်းရောက်လောဘဖြင့်စီးပွားရှာခြင်းသည် လူ့အဖွဲ့အစည်းအတွင်း မညီမညာတိမ်းစောင်းမှုများကိုဖြစ်စေသည်။

လောဘတကြီးဖြင့်လုပ်သောအလုပ်များဖြင့် ငွေကြေးရှာဖွေနိုင်ကြသည်မှာ လောင်းကစားခြင်းလုပ်ငန်းဖြင့် ငွေရှာခြင်း၊ လောင်းကစားခြင်း၊ သိုဝှက်ထားခြင်း၊ လိမ်ညာခြင်း၊ ပရိယာယ်သုံးခြင်းတို့ကို ဆောင်ရွက်တတ်ပြီး ခိုးဝှက်ခြင်းကိုပင်ပြုလုပ်၍ စီးပွားရှာတတ်သည်။ များများစွန့်စားလျှင် များများပြန်ရမည်ဟု ခံယူပြီး စီးပွားရေးကို လုပ်ကိုင်တတ်ကြသည်။ ထိုလုပ်ငန်းများမှာ လောင်းကစားဆန်ပြီး အကျိုးမဲ့တတ်သည်။ High Risk, High Return, but High Danger. ဟု ခံယူပြီး များများစွန့်စားများများပြန်ရတတ်သော်လည်း နောက်ဆက်တွဲအနေဖြင့် အန္တရာယ်လည်းကြုံရမည်ကို စဉ်းစားရန်လိုသည်။ စီးပွားရေးကို အကျိုးအမြတ်အတွက် အလုပ်လုပ်သည်မှန်သော်လည်း လူသားဆန်စေချင်သည်။ လူသားချင်းညှာတာထောက်ထားမှုများ၊ ကိုယ်ချင်းစာစိတ်များထားစေချင်သည်။

**ကောင်းရောင်းကောင်းဝယ်**

ထို့ကြောင့် ကောင်းရောင်းကောင်းဝယ်ဖြစ်စေရန်အတွက် ကောင်းသည်ကိုပြော၊ ကောင်းသောအပြုကောင်းမှုသက်မွေး၊ ကောင်းရေးလုံ့လ၊ ကောင်းထသတိ၊ ကောင်းဘိတည်ကြည်စွာလုပ်ရန်လိုအပ်သည်ဟု ပြောလိုသည်။ ရောင်းဝယ်သောပစ္စည်းများကို ကောင်းရောင်းကောင်းဝယ်ဖြစ်သလားဆိုသည်ကို တိုင်းတာကြည့်ရန်လိုအပ်သည်။ မိမိစီးပွားရေးသည် ကောင်းသော အသက်မွေးဝမ်းကျောင်းဖြစ်ရန် လိုအပ်သည်။ သို့ရာတွင် မိမိစီးပွားရေးတစ်ခုတည်းကိုသာ မကြည့်ဘဲ စားသုံးသူများ၏အကျိုးကျေးဇူးကိုပါ ကြည့်ရန်လိုအပ်သည်။

စားသုံးသူများသည် ကုန်ပစ္စည်းထုတ်လုပ်သူ၊ ရောင်းဝယ်သူများ၏ကျေးဇူးကို စောင့်သိရန်လည်း လိုအပ်သည်။ ထို့ကြောင့် အတုအပများထုတ်လုပ်ရောင်းချခြင်း၊ စားသုံးသူကို ထင်ယောင်ထင်မှားဖြစ်စေရန် ကြော်ငြာပြီးရောင်းချခြင်း၊ အမြတ်များစွာတင်၍ ရောင်းချခြင်း၊ ဈေးကစားခြင်းများကို ရှောင်ကြဉ်ကြရန် လိုအပ်သည်။ စီးပွားရေးသမားကောင်းတစ်ဦးဖြစ်ရန်အတွက် အဓိကလိုအပ်ချက်မှာ ကိုယ်ချင်းစာတရားနှင့် လူသားဆန်မှုဖြစ်သည်ဟုဆိုချင်သည်။ မည်သို့ပင်ဖြစ်စေကာမူ "အောင်မြင်ခြင်းသည်လည်း နောက်ဆုံးအခြေအနေမဟုတ်ပါ။ ဆုံးရှုံးမှုကြောင့်လည်း သေစေနိုင်သည်မဟုတ်ပါ။ အရာအားလုံးသည် ဆက်လုပ်ရန်အတွက် တွန်းအားများသာဖြစ်သည်"ဟု ဝင်စတန်ချာချီပြောခဲ့သောစကားများဖြင့် လူသားဆန်ဆန်လုပ်ကိုင်သော စီးပွားရေးလုပ်ငန်းရှင်များဖြစ်သင့်သည်။

ယခုအချိန်တွင် ညည်းညူနေရုံဖြင့် အလုပ်ဖြစ်မည်မဟုတ်သဖြင့် "အောင်မြင်သောလမ်းကို ရောက်ရန်အတွက် ပြောဆိုငြင်းခုံနေခြင်းများကိုရပ်ပြီး အလုပ်စတင်လုပ်ပါ"ဟူသော ဝေါ့လ်ဒစ်စနေ၏ စကားဖြင့်လည်းတိုက်တွန်းရင်း စီးပွားရေးတိုးတက်အောင်လုပ်ဆောင်၊ လောဘမီးလျှံကိုလည်းရှောင်ဟု ရေးသားလိုက်ရပါသည်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။ ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ကျောက်ကန်းမြို့နယ်တွင် ငရုတ်ပွသီးတစ်ပိဿာလျှင် ငွေကျပ် ၉၇၀၀ ထိ ဈေးရရှိ၍ တောင်သူများအဆင်ပြေနေ

**ကျောက်ကန်း စက်တင်ဘာ ၉**

ရောဝတီတိုင်းဒေသကြီး ကျောက်ကန်းမြို့နယ်တွင် ဒေသထွက်ငရုတ်ပွသီး တစ်ပိဿာလျှင် ငွေကျပ် ၉၇၀၀ ထိ ဈေးကောင်းရရှိနေခြင်းကြောင့် ငရုတ်စိုက်တောင်သူများ အဆင်ပြေနေကြောင်း ကျောက်ကန်းမြို့နယ်မှ ငရုတ်ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်သင်းသင်းက ပြောပြ၍ သိရသည်။

ကျောက်ကန်းမြို့နယ်တွင် ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ငရုတ်ပွသီးတစ်ပိဿာလျှင် ငွေကျပ် ၆၅၀၀ မှ ၇၀၀၀ ထိသာဈေးရှိခဲ့ပြီး လက်ရှိ စက်တင်ဘာ ၁ ရက်မှ စက်တင်ဘာ ၈ ရက်ထိ ငရုတ်ပွသီး တစ်ပိဿာလျှင် ငွေကျပ် ၉၇၀၀ ထိ ဈေးရရှိနေကြောင်း၊ အဆိုပါငရုတ်ပွသီး ဈေးကောင်းရရှိနေခြင်းသည် ယခုနှစ် ငရုတ်ပွသီးစိုက်သူနည်းခဲ့ခြင်းကြောင့်ဖြစ်ပြီး ငရုတ်ဈေးကောင်းနေသည့်အတွက် ငရုတ်စိုက်တောင်သူများ အဆင်ပြေနေကြောင်း သိရသည်။

"ကျောက်ကန်းမှာ အခု ငရုတ်သီးဈေးက ငရုတ်ပွသီးတင်မဟုတ်ဘဲ တခြားငရုတ်သီးတွေလဲ ဈေးကောင်းရရှိနေပါတယ်။ ဒီနှစ် ငရုတ်ပွသီးဈေးက အရင်ကထက် တော်တော်လေး ဈေးကောင်းနေပါတယ်။ ဒေသထွက် ငရုတ်တွေ အထွက်နည်းလာလို့ ဈေးကောင်းရနေတာဖြစ်ပါတယ်။ ဒီဘက်ကနေ ထွက်တဲ့ ငရုတ်ပွသီးတွေကို ဒေသဈေးအပြင် အခြားဒေသတွေကိုလဲ တင်ပို့ရောင်းချပါတယ်။ ဒီနှစ်ငရုတ်ပွသီးက ဈေးကောင်းရတော့ စိုက်တဲ့သူတွေ အဆင်ပြေတာတွေ့လာရပါတယ်။ ငရုတ်ပွသီးဈေးကောင်းနေပေမဲ့လဲ ရောင်းအားကကောင်းနေဆဲပါပဲ"ဟု ကျောက်ကန်းမြို့နယ်မှ ငရုတ်ရောင်းဝယ်ရေးပွဲရုံ လုပ်ငန်းရှင် ဒေါ်သင်းသင်းက ပြောပြသည်။

ကျောက်ကန်းမြို့နယ်မှထွက်ရှိသည့်ငရုတ်ပွသီးများကို စနစ်တကျ ရွေးချယ်သန့်စင်ထုပ်ပိုးကာ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနေကြောင်း၊ အဆိုပါဒေသတွင် တောင်သူများသည် ငရုတ်ပွသီးအပြင် ဖူးစားပြောင်း၊ အစေ့ထုတ်ပြောင်း၊ ဖရဲသီး၊ နာနတ်သီး၊ ကြံ၊ ခရမ်းချဉ်သီး စသည့်သီးနှံများကိုလည်း စိုက်ပျိုးကြကြောင်း၊ အဆိုပါ ငရုတ်ပွသီးကို တောင်သူတစ်ဦးလျှင် တစ်ဧကမှ ငါးဧကထိ စိုက်ပျိုးကြကြောင်း ငရုတ်ရောင်းဝယ်ရေးပွဲရုံ လုပ်ငန်းရှင် ဒေါ်သင်းသင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ရွှေဦးပြုစု တို့ရွှေရှု

\- ရွှေဦးပြုစု အတတ်ပညာ၊  
လူတိုင်းသင်ယူပါ၊  
ဖေးမကူကာ အများအတွက်၊  
ကယ်တင်ပေးကြအသက်။

\- အနာဂတ်မျိုးဆက် ရှေ့မျှော်ရည်၊  
ဖွဲ့စည်းကြက်ခြေနီ၊  
လူတိုင်းကူညီ ဘာသာမခွဲ၊  
ပေါင်းစုလက်တွေမြဲ။

\- သဘာဝဘေးထဲ အရောက်လာ၊  
ကယ်တင်ကြလို့သာ၊  
ထိခိုက်ဒဏ်ရာ ကုသပေး၊  
ရွှေဦးပြုစုမနှေး။

\- ရက်မြတ်ကိုရွေး သတ်မှတ်ကာ၊  
လမြတ်စက်တင်ဘာ၊  
ဒုတိယစနေမှာ အတည်ပြု၊  
ကမ္ဘာ့ရွှေဦးပြုစု။

\- အားလုံးပေါင်းစု နိုင်ငံတကာ၊  
ဂုဏ်ပြုညီညီညာ၊  
လက်တွဲလို့သာ ဆောင်ရွက်ပေး  
ကူညီကြကာမနှေး၊  
ရွှေဦးပြုစုပေး။ ။

**ရွှေတိုး(ထုံးဘို)**

# ဟိုပန်မြို့နယ် ကောင်းဆန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ဟိုပန် စက်တင်ဘာ ၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ဟိုပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိစေရန်ရည်ရွယ်၍ ကောင်းဆန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟိုပန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်စိုး၊ ဟိုပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ကောင်းဆန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးတင်မောင်စိုးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ဟိုပန်မြို့နယ် ကောင်းဆန်းကျေးရွာ၌ သောက်သုံးရေရရှိရေးအတွက် အရှည်နှစ်မိုင် စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဂါလန် ၂၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ်သန်း ၄၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများစုဖွဲ့၍ ယခုနှစ်ဇူလိုင်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကောင်းဆန်းကျေးရွာရှိ ကျေးလက်နေပြည်သူများနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် ရာသီမရွေး သောက်သုံးရေဖူလုံစွာရရှိနိုင်မည်ဖြစ်ကြောင်း ဟိုပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုကိုဦးက ပြောပြ၍ သိရသည်။

**မြို့ထက်အောင်(မျော်ဘွယ်)**

# သာယာဝတီမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သာယာဝတီ စက်တင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ချောင်းသုံးခွကျေးရွာအုပ်စု သဲဖြူရွာသစ်တန်း၊ ချောင်းသုံးခွနှင့် စစ်ကွင်းကလေးကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက သဲဖြူရွာသစ်တန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရွှေဦးစွာ သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးနိုင်မင်းထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စုသဲမွန်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်သည့် ကျေးရွာများတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်း၊ အရောင်းအဝယ် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည့်အပြင် မိသားစုဝင်ငွေတိုးပွားစေရေးအတွက်လည်း အကျိုးပြုစေမည်ဖြစ်ကြောင်း၊ ထို့ပြင် ရရှိလာသော မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မည်ဖြစ်၍ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကိုလည်း အကျိုးပြုစေမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သဲဖြူရွာသစ်တန်း၊ ချောင်းသုံးခွနှင့် စစ်ကွင်းကလေးကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၇ ဦးကို ငွေကျပ် ၂၂ ဒသမ ၂၅ သန်း၊ မွေးမြူရေးလုပ်ကိုင်သူ ၁၃၄ ဦးကို ၂၃ ဒသမ ၂ သန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူလေးဦးကို ငွေကျပ် ၁ ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၉၅ ဦးကို ၄၆ ဒသမ ၆၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စုသဲမွန်ထွန်းထံမှ သိရသည်။

**အေးမြတ်**

## နိုင်ငံတကာ သတင်းများ

# နယူးဒေလီ ဂျီ-၂၀ ထိပ်သီးညီလာခံဘုံကြေညာချက်၌ ယူကရိန်းပြဿနာအတွက် ရုရှားနိုင်ငံကို ရှုတ်ချထားခြင်းမရှိ



**ဒေလီ စက်တင်ဘာ ၉**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ယနေ့တွင် ကျင်းပခဲ့သော ဂျီ-၂၀ ထိပ်သီးညီလာခံ အဖွင့်နေ့မှာပင် ဂျီ-၂၀ ခေါင်းဆောင်များက ဘုံကြေညာချက်တစ်ရပ်ကို အတည်ပြုနိုင်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဂျီ-၂၀ ညီလာခံ အဖွင့်နေ့ဖြစ်သည့် ယနေ့မှာပင် ဘုံကြေညာချက်တစ်ရပ် အတည်ပြုထားနိုင်ပြီဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ် မိုဒီက ကြေညာခဲ့သည်။

အဆိုပါ ဂျီ-၂၀ ထိပ်သီးညီလာခံ ဘုံကြေညာချက်တွင် ယူကရိန်းစစ်ရေးပဋိပက္ခအတွက် ရုရှားနိုင်ငံကို ရှုတ်ချထားခြင်း မရှိကြောင်း သိရသည်။

သို့သော် နယ်မြေသိမ်းယူရေးအတွက် စစ်အင်အားအသုံးပြုမှုကို ရှောင်ရှားရန် ကမ္ဘာ့နိုင်ငံအားလုံးကို အဆိုပါ ဂျီ-၂၀ ဘုံကြေညာချက်၌ တိုက်တွန်းထားသည်။

အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် နိုင်ငံတကာလူသားချင်းစာနာမှုဆိုင်ရာ ဥပဒေများအပါအဝင် နိုင်ငံတကာဥပဒေမူဘောင်များကိုလိုက်နာကြရန် နိုင်ငံအားလုံးကို ဂျီ-၂၀က တိုက်တွန်းခဲ့ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

ယူကရိန်းပြဿနာနှင့် ပတ်သက်၍ ဂျီ-၂၀ နိုင်ငံများကြား သဘောထားအမြင် ကွဲလွဲနေချိန်တွင် အဆိုပါဘုံကြေညာချက်ကို ဂျီ-၂၀ ထိပ်သီးညီလာခံက အတည်ပြုခဲ့ခြင်းဖြစ်သည်။

နယူးဒေလီ ဂျီ-၂၀ ထိပ်သီးညီလာခံသို့ တရုတ်သမ္မတရှီကျင့်ဖျင်နှင့် ရုရှားသမ္မတပူတင်တို့ တက်ရောက်မှုမရှိခဲ့ကြောင်း သိရသည်။

KKO

# မော်ဒိုက်၌ သမ္မတရွေးကောက်ပွဲကျင်းပ ပြည်သူများ ပါဝင်မဲပေး

**မာလေ စက်တင်ဘာ ၉**

အိန္ဒိယသမုဒ္ဒရာ မော်ဒိုက်ကျွန်းစုနိုင်ငံ၌ ယနေ့တွင် သမ္မတရွေးကောက်ပွဲကျင်းပခဲ့ရာ မော်ဒိုက်ပြည်သူများ ပါဝင်မဲပေးခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

မော်ဒိုက်သမ္မတရွေးကောက်ပွဲကို အိန္ဒိယနှင့် တရုတ်နိုင်ငံတို့ကြား အားပြိုင်မှုတစ်ရပ် အနေဖြင့်လည်း လေ့လာသူများက ရှုမြင်ထားသည်။

အိန္ဒိယသမုဒ္ဒရာဒေသ အင်အားကြီးနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံနှင့် အာရှအင်အားကြီး တရုတ်နိုင်ငံတို့သည် မော်ဒိုက်နိုင်ငံ၌ ဩဇာတည်ဆောက်ရေးအတွက် အပြိုင်အဆိုင်ကြိုးပမ်းလျက်ရှိသည်။

မော်ဒိုက်သမ္မတရွေးကောက်ပွဲတွင် လက်ရှိသမ္မတ အီဘရာဟင်ဆိုလီနှင့်အတိုက်အခံသမ္မတလောင်း မိုဟာမက်မူအစ်ဇူတို့ အကြိတ်အနယ်ယှဉ်ပြိုင်ရဖွယ်ရှိသည်။

သမ္မတ အီဘရာဟင်ဆိုလီသည် သမ္မတရာထူး ရယူထားစဉ်ကာလအတွင်း အိန္ဒိယအဓိကမူဝါဒကို အားပေးခဲ့သူဖြစ်သည်။

အတိုက်အခံ သမ္မတလောင်းမူအစ်ဇူမှာ တရုတ်နိုင်ငံကို လိုလားသူဖြစ်ပြီး မော်ဒိုက်နိုင်ငံအတွင်းရှိ အိန္ဒိယစစ်ဘက် ကင်းလှည့်လေယာဉ်များနှင့် တပ်ဖွဲ့ဝင် ၇၅ဦးတို့ကို အိန္ဒိယသို့ ပြန်ပို့မည်ဖြစ်ကြောင်း ကတိပေးထားသည်။

မော်ဒိုက်သမ္မတရွေးကောက်ပွဲ နောက်ဆုံးမဲရလဒ်များမှာ စက်တင်ဘာ ၁၀ ရက်တွင် ပေါ်ထွက်လာဖွယ်ရှိကြောင်း သိရသည်။

KKO



# မွန့်ဘလန့် ဥမင်လမ်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းကို ၂၀၂၄ ခုနှစ် စက်တင်ဘာလထိ ပြင်သစ်နှင့်အီတလီဆိုင်းငံ့ထားမည်

**ပဲရစ် စက်တင်ဘာ ၉**

အီတလီနှင့် ပြင်သစ်နိုင်ငံတို့အား ချိတ်ဆက်ပေးထားသော မွန့်ဘလန့်ဥမင်လမ်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းကို လာမည့်နှစ်စက်တင်ဘာလထိ ဆိုင်းငံ့ထားရန် ပြင်သစ်နှင့် အီတလီတာဝန်ရှိသူများက သဘောတူထားကြောင်း ရိုက်တာသတင်းဌာနက စက်တင်ဘာ ၈ ရက်တွင် ဖော်ပြခဲ့သည်။

မွန့်ဘလန့် ဥမင်လမ်းကြောင်း ပိတ်ထားချိန်တွင်အစားထိုးအသုံးပြုနိုင်သည့် အခြားဥမင်လမ်းကြောင်းတစ်ခုမှာ ပြီးခဲ့သည့် ရက်သတ္တပတ်များအတွင်း ယာဉ်သွားယာဉ်လာ တစ်စိတ်တစ်ပိုင်း ပိတ်ထားရပြီးနောက် မွန့်ဘလန့်ဥမင်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းကို ဆိုင်းငံ့ထားရန် အီတလီနှင့် ပြင်သစ်တို့က သဘောတူထားခြင်းဖြစ်သည်။

ပြင်သစ်နှင့် အီတလီတို့သည် မူလကမွန့်ဘလန့်ဥမင်လမ်းကြောင်းကို ပြုပြင်ထိန်းသိမ်းမှုပြုလုပ်ရေးအတွက် စက်တင်ဘာ ၄ ရက်မှစ၍ ရက်သတ္တ ၁၅ ပတ်ကြာပိတ်ထားရန် စီစဉ်ထားသည်။

သို့သော် ယင်းဥမင်လမ်းကြောင်းကိုပြုပြင်ထိန်းသိမ်းနေစဉ်မော်တော်ယာဉ်များသုံးစွဲနိုင်သည့် ဖရီးဂျပ်စ်အမည်ရှိ ဥမင်လမ်းမှာ ပြင်သစ်နိုင်ငံဘက်ခြမ်း၌ ဖြစ်ပွားခဲ့သည့် မြေပြိုမှုများကြောင့် တစ်စိတ်တစ်ပိုင်းပိတ်ထားရသည်။

အယ်လ်ပိုင်း တောင်တန်းကို ဖြတ်ဖောက် တည်ဆောက်ထားပြီး အရှည် ၇ ဒသမ ၂ မိုင်ရှိသော မွန့်ဘလန့်ဥမင်လမ်းကို မော်တော်ယာဉ် ၁ ဒသမ ၇ သန်းတို့က ပြီးခဲ့သည့်နှစ်အတွင်း အသုံးပြုခဲ့သည်။

မွန့်ဘလန့်နှင့် ဖရီးဂျပ်စ်ဥမင်လမ်းများသည် အီတလီထုတ်ကုန်များပြင်သစ်သို့ ဝင်ရောက်ရာ အဓိက လမ်းကြောင်းများဖြစ်ရာ ယင်းလမ်းကြောင်း နှစ်ခုလုံး ပိတ်ထားခဲ့ပါက အီတလီအတွက် စီးပွားရေးအရ အဆုံးအရှုံးများ ရှိလာနိုင်ကြောင်း သိရသည်။

KKO

# အာဖရိကသမဂ္ဂကို ဂျီ-၂၀ အမြဲတမ်း အဖွဲ့ဝင်နိုင်ငံအဖြစ် သတ်မှတ်ကြေညာ

**ဒေလီ စက်တင်ဘာ ၉**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ဂျီ-၂၀ ထိပ်သီးညီလာခံကို ယနေ့တွင် စတင်ကျင်းပခဲ့ပြီး အာဖရိကသမဂ္ဂကို ဂျီ-၂၀ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံအဖြစ် သတ်မှတ်ကြေညာခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဂျီ-၂၀ ထိပ်သီးညီလာခံအဖွင့်မိန့်ခွန်းတွင် အိန္ဒိယဝန်ကြီးချုပ် မိုဒီက အာဖရိကသမဂ္ဂဥက္ကဋ္ဌ အဇာလီအက်ဆိုမာနီကို ဂျီ- ၂၀ အဖွဲ့ဝင်အဖြစ် ဂျီ-၂၀ ခေါင်းဆောင်စားပွဲ၌နေရာယူရန် ဖိတ်ကြားခဲ့သည်။

ဂျီ-၂၀ မိသားစုတွင် မိသားစုဝင်တစ်ဦးအဖြစ် ပါဝင်လာသည့် အာဖရိကသမဂ္ဂကို မိမိတို့ဂုဏ်ပြုကြိုဆိုကြောင်း အိန္ဒိယဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

အိန္ဒိယဝန်ကြီးချုပ်၏ အဆိုပါကြေညာချက်နှင့်အတူ အာဖရိကသမဂ္ဂသည် ဥရောပသမဂ္ဂကဲ့သို့ပင် ဂျီ-၂၀ အဖွဲ့ဝင် နိုင်ငံတကာအဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်နိုင်ပြီဖြစ်သည်။

ဂျီ-၂၀ အဖွဲ့သည် ယခင်က အာဖရိကသမဂ္ဂကို ဆွေးနွေးပွဲဖိတ်ကြားခံနိုင်ငံတကာအဖွဲ့အစည်းအဖြစ် သတ်မှတ်ထားသည်။

အာဖရိကသမဂ္ဂကို ဂျီ-၂၀ အဖွဲ့၏ အဖွဲ့ဝင်အဖြစ်ဝင်ရောက်ခွင့်ပေးရန် ယခုနှစ်အလှည့်ကျဥက္ကဋ္ဌ အိန္ဒိယနိုင်ငံက ဂျီ-၂၀ ခေါင်းဆောင်များကို အဆိုပြုထားပြီးဖြစ်ကြောင်း သိရသည်။ KKO

# မြောက်ကိုရီးယားနိုင်ငံ ဖွဲ့စည်းတည်ထောင်မှု ၇၅ နှစ်ပြည့်အခမ်းအနား ပြုံယမ်းမြို့၌ ကျင်းပ

**ပြုံယမ်း စက်တင်ဘာ ၉**

မြောက်ကိုရီးယားနိုင်ငံ ဖွဲ့စည်းတည်ထောင်မှု ၇၅ နှစ်ပြည့်အခမ်းအနား စစ်ရေးပြချီတက်ပွဲကို ပြုံယမ်းမြို့၌ စက်တင်ဘာ ၈ ရက်တွင် ကျင်းပခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါစစ်ရေးပြ ချီတက်ပွဲအခမ်းအနားကို မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်ကိုယ်တိုင်တက်ရောက်ခဲ့ကြောင်း မြောက်ကိုရီးယားအစိုးရအာဘော်ကေစီအင်န်အေသတင်းဌာနက သတင်းထုတ်ပြန်ထားသည်။



ပြုံယမ်းမြို့ ကင်မ်အီဆွန်းရင်ပြင်၌ကျင်းပခဲ့သော မြောက်ကိုရီးယားနိုင်ငံဖွဲ့စည်းတည်ထောင်မှုနှစ်ပတ်လည် အခမ်းအနားသို့ တရုတ်အစိုးရ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့လည်း တက်ရောက်ခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် တရုတ်အစိုးရကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့သည်။

ကေစီအင်န်အေ သတင်းဌာန၏အဆိုအရ မြောက်ကိုရီးယားနိုင်ငံဖွဲ့စည်းတည်ထောင်မှု ၇၅နှစ်ပြည့်နှစ်ပတ်လည်နေ့တွင် ရုရှားသမ္မတပူတင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ကလည်း ဂုဏ်ပြုသဝဏ်လွှာများ ပေးပို့ခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ယခုလအတွင်း ရုရှားနိုင်ငံသို့သွားရောက်၍ ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံဆွေးနွေးဖွယ်ရှိသည်ဟုသတင်းများပေါ်ထွက်လျက်ရှိကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## နာဆာ၏ ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်က အင်္ဂါဂြိုဟ်ပေါ်၌ အောက်ဆီဂျင်စမ်းသပ်ဖန်တီးမှုလုပ်ငန်းစဉ်ကို အောင်မြင်စွာအဆုံးသတ်နိုင်ခဲ့



**ဝါရှင်တန် စက်တင်ဘာ ၉**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ်ပေါ်၌ အောက်ဆီဂျင်စမ်းသပ်ဖန်တီးမှုလုပ်ငန်းစဉ်ကို အောင်မြင်စွာအဆုံးသတ်နိုင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က စက်တင်ဘာ ၈ ရက်တွင် ရေးသားတင်ပြထားသည်။

ပါဆီးဗရင့်စ်အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ်ပေါ်သို့ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် ဆင်းသက်ခဲ့ပြီးနောက်ပိုင်း MOXIE အမည်ရှိ အောက်ဆီဂျင်ထုတ်လုပ်ရေးစနစ်ကို စတင်စမ်းသပ်ခဲ့သည်။

ပြီးခဲ့သည့် ဩဂုတ် ၇ ရက်တွင် ပါဆီးဗရင့်စ်သည် MOXIE စနစ်ကို ၁၆ ကြိမ်မြောက်နှင့် နောက်ဆုံးအကြိမ်အဖြစ်အောင်မြင်စွာ စမ်းသပ်ခဲ့ကြောင်း သိရသည်။

နောက်ဆုံးအကြိမ်စမ်းသပ်မှုတွင် MOXIE စနစ်သည် အောက်ဆီဂျင်ပမာဏ ၉ ဒသမ ၈ ဂရမ် (သုည ဒသမ ၃၅ အောင်စ)ထုတ်ပေးနိုင်ခဲ့သည်ဟု နာဆာတာဝန်ရှိသူများက ပြောကြားကြောင်း သိရသည်။

MOXIE စနစ်သည် သုံးနှစ်တာကာလအတွင်း အောက်ဆီဂျင်ပမာဏ ၁၂၂ ဂရမ် (၄ ဒသမ ၃ အောင်စ)ထိ ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

MOXIE စနစ်သည် အင်္ဂါဂြိုဟ် လေထုလွှာအတွင်းရှိ ကာဗွန်ဒိုင်အောက်ဆိုက်များကို အောက်ဆီဂျင်အဖြစ် ပြုပြင်ပြောင်းလဲပေးနိုင်သော စနစ်ဖြစ်ကြောင်း သိရသည်။

KKO

## ဂျပန်အာကာသစာတ်ပုံဆရာ ရှာဖွေတွေ့ရှိထားသည့် နီရှိမူရာကြယ်တံခွန်က စက်တင်ဘာ ၁၂ ရက်တွင် ကမ္ဘာမြေကို အနီးဆုံးမှတ်မှဖြတ်ကျော်မည်

**ဝါရှင်တန် စက်တင်ဘာ ၉**

ဂျပန်အာကာသဓာတ်ပုံဆရာ ရှာဖွေတွေ့ရှိထားသည့် နီရှိမူရာကြယ်တံခွန်သည် စက်တင်ဘာ ၁၂ ရက်တွင် ကမ္ဘာမြေကို အနီးဆုံးမှတ်မှ ဖြတ်ကျော်မည်ဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က စက်တင်ဘာ ၈ ရက်တွင် ရေးသားတင်ပြထားသည်။

နီရှိမူရာအမည်ရှိ အဆိုပါကြယ်တံခွန်ကို ယခုနှစ် ဩဂုတ်လအတွင်း ဂျပန်အာကာသဓာတ်ပုံဆရာ ဟီဒီယိုနီရှိမူရာက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နီရှိမူရာကြယ်တံခွန်သည် စက်တင်ဘာ ၁၂ ရက်တွင် ကမ္ဘာမြေကို မိုင်ပေါင်း ၇၈ သန်းအကွာမှ ဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေး အေဂျင်စီ(နာဆာ) သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။



သို့ဖြစ်ရာ နောင်လာမည့် ငါးရက်အတွင်း နီရှိမူရာကြယ်တံခွန်ကို ကမ္ဘာမြေပေါ်မှတစ်ဆင့် သာမန် မျက်စိနှင့်ပင် တွေ့မြင်နိုင်ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါကြယ်တံခွန်သည် စက်တင်ဘာ ၁၇ ရက်တွင် နေကို မိုင်ပေါင်း ၂၀ သန်းအကွာမှ ဖြတ်ကျော်ပျံသန်းမည်ဖြစ်သည်ဟု သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

သိပ္ပံပညာရှင်များ၏အဆိုအရ နီရှိမူရာကြယ်တံခွန်သည် နှစ်ပေါင်း ၄၃၀ နှင့် ၄၄၀ အကြားလျှင် တစ်ကြိမ်ကျ နေကိုလှည့်ပတ်လျက်ရှိရာ ကမ္ဘာမြေကို ၎င်းကြယ်တံခွန် နောက်ဆုံးတစ်ကြိမ် အနီးကပ်ဖြတ်ပျံခဲ့ချိန်တွင် အေဒီ ၁၅၉၀ ပြည့်နှစ် ဖြစ်နိုင်ကြောင်း သိရသည်။ KKO

## နာဆာ၏ DART အာကာသယာဉ်ဖြင့် ဝင်တိုက်ခဲ့သော ဒီမောဖော့စ်ဂြိုဟ်သိမ် ထူးထူးဆန်းဆန်းပြုမူနေ

**ဝါရှင်တန် စက်တင်ဘာ ၉**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ DART အာကာသယာဉ်ဖြင့် ဝင်တိုက်ခဲ့သော ဒီမောဖော့စ်ဂြိုဟ်သိမ် ထူးထူးဆန်းဆန်းပြုမူနေကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ Phys.org သတင်းဝက်ဘ်ဆိုက်က စက်တင်ဘာ ၈ ရက်တွင် ရေးသားတင်ပြထားသည်။

နာဆာအဖွဲ့သည် ဂြိုဟ်သိမ်လမ်းကြောင်းပြောင်းမှုနည်းပညာ စမ်းသပ်မှုအရ ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ဒီမောဖော့စ်ဂြိုဟ်သိမ်ကို DART အာကာသယာဉ်ဖြင့် ဝင်တိုက်ခဲ့သည်။

DART အာကာသယာဉ် ဝင်တိုက်ပြီးနောက် ဒီမောဖော့စ်ဂြိုဟ်သိမ်၏ ပတ်လမ်းကြာချိန် ပြောင်းခဲ့ရပြီး ၃၃ မိနစ်ခန့်ထိ ကျဆင်းခဲ့ကြောင်း သိရသည်။

သို့ရာတွင် အမေရိကန်သိပ္ပံပညာရှင်အဖွဲ့တစ်ဖွဲ့သည် ဒီမောဖော့စ်ဂြိုဟ်သိမ်၏ ပတ်လမ်းကြာချိန်ကို တစ်လခန့်အကြာတွင် တိုင်းတာခဲ့ရာ တစ်မိနစ်ပြန်တိုးလာပြီး ၃၄ မိနစ်ထိ ပတ်လမ်းကာလ ကြာမြင့်လာကြောင်း တွေ့ရှိခဲ့ရသည်။

သို့ဖြစ်ရာ တစ်စုံတစ်ရာသော အင်အားတစ်ခုကြောင့် ဒီမောဖော့စ် ဂြိုဟ်သိမ်ပတ်လမ်း အချိန်ပြန်တိုးလာနိုင်ခြင်းဖြစ်နိုင်သည်ဟု သိပ္ပံပညာရှင်များက ယူဆထားကြောင်း သိရသည်။

သို့ရာတွင် ဒီမောဖော့စ်ဂြိုဟ်သိမ်၏ပတ်လမ်းကြာချိန် ပြန်တိုးလာရခြင်း၏ နောက်ခံအကြောင်းတရားကို ရှင်းရှင်းလင်းလင်း မသိရသေးသည်ကို သိပ္ပံပညာရှင်များက ဝန်ခံထားကြောင်း သိရသည်။

KKO

# HEALTH

## Ozempic ဆေးက ပုံစံ-၁ ဆီးချိုလူနာများ ကျန်းမာရေးအရ အကျိုးပြုနိုင်ဖွယ်ရှိ

**နယူးယောက် စက်တင်ဘာ ၉**

ကိုယ်အလေးချိန်လျှော့ချရေး ဆေးတစ်မျိုးဖြစ်သည့် Ozempic ဆေးသည် ပုံစံ-၁ ဆီးချိုရောဂါ လူနာများအတွက် ကျန်းမာရေးအရ အကျိုးပြုနိုင်ဖွယ်ရှိကြောင်း Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က စက်တင်ဘာ ၈ ရက်တွင် ရေးသားတင်ပြထားသည်။

Ozempic ဆေးသည် ပုံစံ-၁ ဆီးချိုလူနာများ အင်ဆူလင်ဟော်မုန်း နေ့စဉ်ထိုးနှံနေရမှုကို လျှော့ချရာတွင်လည်း အထောက်အကူပေးနိုင်ဖွယ်ရှိကြောင်း အမေရိကန် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် Ozempic ဆေး၏ အာနိသင်ကို ဖော်ထုတ်ရေးအတွက် ပုံစံ-၁ ဆီးချိုလူနာ ၁၀ ဦးတို့ဖြင့် လက်တွေ့စမ်းသပ်ခဲ့သည်။

စမ်းသပ်မှုမှ ထွက်ပေါ်လာသည့် ရလဒ်များအရ Ozempic ဆေးရယူပြီးနောက် စမ်းသပ်မှုတွင် ပါဝင်သူများအနေဖြင့် ညစာစားချိန် အင်ဆူလင်ထိုးနှံရမှုကို လျှော့ချနိုင်ခဲ့ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် အထက်ပါရလဒ်မှာ လူ ၁၀ ဦးသာပါဝင်သော စမ်းသပ်မှုမှထွက်ပေါ်လာသည့် ရလဒ်ဖြစ်ရာ Ozempic ၏အာနိသင်ကို အတည်ပြုနိုင်ရေးအတွက် လက်တွေ့စမ်းသပ်မှုများ ကျယ်ကျယ်ပြန့်ပြန့်လုပ်ရန်လိုသည်ဟု အမေရိကန် သုတေသနပညာရှင်များက ဝန်ခံထားကြောင်း သိရသည်။

ပုံစံ-၁ ဆီးချိုရောဂါသည် လူ့ခုခံအားစနစ်က အင်ဆူလင်ဟော်မုန်းများထုတ်ပေးသည့် ဆဲလ်များအား မှားယွင်းတိုက်ခိုက်ချိန်တွင် ဖြစ်ပွားတတ်ကြောင်း သိရသည်။

KKO

## ပုံစံ-၂ ဆီးချိုရောဂါဖြစ်ပွားရခြင်းတွင် စိတ်ကျဝေဒနာပြဿနာ အဓိကပါဝင်နေ

**လန်ဒန် စက်တင်ဘာ ၉**

ပုံစံ-၂ ဆီးချိုရောဂါဖြစ်ပွားရခြင်းတွင် စိတ်ကျဝေဒနာပြဿနာမှာ အဓိကအခန်းကဏ္ဍ၌ ပါဝင်နေနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက စက်တင်ဘာ ၈ ရက်တွင် ရေးသားတင်ပြထားသည်။


ပုံစံ-၂ ဆီးချိုရောဂါ လူနာများသည် ၎င်းရောဂါမရှိသူများနှင့် နှိုင်းယှဉ်ပါက စိတ်ကျဝေဒနာဖြစ်နိုင်ခြေ ပုံမှန်ထက် နှစ်ဆပိုများကြောင်း ဆေးပညာရှင်များက ရှေးယခင်က ယုံကြည်ခဲ့ကြသည်။

ထို့ပြင် စိတ်ကျဝေဒနာရှိသူများတွင်လည်း ပုံစံ-၂ ဆီးချိုဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်းလည်း လက်ခံထားခဲ့ကြသည်။

သို့ရာတွင် ဗြိတိန်သုတေသနပညာရှင်များ၏ တွေ့ရှိချက်အရ ကိုယ်အလေးချိန် ပုံမှန်ထက်လွန်ကဲခြင်းမရှိသူများ၌ပင် စိတ်ကျဝေဒနာမှာ ပုံစံ-၂ ဆီးချိုဖြစ်ပွားရခြင်း၏ တိုက်ရိုက်အကြောင်းတရားဖြစ်နိုင်ကြောင်း သိရသည်။

ဗြိတိန်သုတေသနပညာရှင်များသည် ပုံစံ-၂ ဆီးချိုဖြစ်ပွားမှု၊ စိတ်ကျဝေဒနာဝင်ရောက်မှု နှစ်မျိုးစလုံးနှင့်ပတ်သက်နေသော မျိုးဗီဇ အပြောင်းအလဲ ခုနစ်မျိုးကို ဖော်ထုတ်တွေ့ရှိခဲ့ရပြီးနောက် အထက်ပါအတိုင်း ကောက်ချက်ချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သို့ရာတွင် မိမိတို့၏တွေ့ရှိချက်အရ ပုံစံ-၂ ဆီးချိုရောဂါမှာမူ စိတ်ကျဝေဒနာ၏ တိုက်ရိုက်အကြောင်းတရား မဖြစ်နိုင်ကြောင်း ဗြိတိန် သုတေသနပညာရှင်များက ပြောကြားသည်။ KKO



# ထိုင်းခြေစမ်းပွဲခရီးစဉ်အတွက် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း ကစားသမားစာရင်း ထုတ်ပြန်ကြေညာ

**ရန်ကုန် စက်တင်ဘာ ၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ထိုင်းနိုင်ငံခြေစမ်းပွဲခရီးစဉ်အတွက် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း ကစားသမားစာရင်းကို ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။



မြန်မာ့လက်ရွေးစင် အသင်းသည် မကြာမီ တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည့်အတွက် ပြိုင်ပွဲမတိုင်မီ ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ထိုင်းနိုင်ငံသို့ သွားရောက်ကာ စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း၏ အပြီးသတ်ကစားသမားစာရင်းမှ ဂိုးသမားနေရာတွင် မေဇင်နွယ်၊ မျိုးမြမြငြိမ်း၊ မေဦးခင်၊ ထက်အိန္ဒြာလင်း၊ ခံစစ်ကစားသမားများအဖြစ် ငွန်ယုယဦး၊ မိုးမမစိုး၊ ဖြူဖွေး၊ ခိုင်သဇင်၊ ယုယုနိုင်၊ အိအိကျော်၊ မေသက်မွန်မြင့်၊ ငယ်ငယ်ထွေး၊ ဖြူဖြူဝင်း၊ ကွင်းလယ်ကစားသမားများအဖြစ် ခင်မိုမိုထွန်း၊ ဝင်းဝင်း၊ ပုံပုံပြည့်မောင်၊ နော်ထက်ထက်ဝေ၊ ဝေဖူးအိမ်၊ တိုက်စစ်ကစားသမားများအဖြစ် မြတ်နိုးခင်၊ စန်းသော်သော်၊ ဂျူလိုင်ကျော်၊ ယဉ်လွန်းအိမ်၊ဇင်မိုးပြည့်၊ယွန်းဝတီလှိုင်နှင့် ဝင်းသီတာထွန်းတို့ပါဝင်ခဲ့ကြသည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ပြီး လေ့ကျင့်ရေးခရီးစဉ်အတွင်း ခြေစမ်းပွဲစဉ်များအဖြစ် စက်တင်ဘာ ၁၃ ရက်တွင် ဝစ်စူထီဝါရာရမ်ယူ-၁၅ အသင်း၊ စက်တင်ဘာ ၁၅ ရက်တွင် ထိုင်းလက်ရွေးစင်အမျိုးသမီးအသင်းတို့နှင့်ခြေစမ်းပွဲ နှစ်ပွဲကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# ငွေကြေးသည် ဂန္ထဝင်ဆိုသောဂုဏ်ပုဒ်ထက် ပိုမိုအရေးပါကြောင်း တိုင်ဆန်ဖျူရီ ပြောကြား

**လန်ဒန် စက်တင်ဘာ ၉**

WBC ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံ ဗြိတိန်လက်ဝှေ့သမား တိုင်ဆန်ဖျူရီသည် လက်ရှိချန်ပီယံကာကွယ်ပွဲစဉ်ထိုးသတ်ရန် စိန်ခေါ်မှုများ လက်ခံရရှိထားသော်လည်း ထိုးသတ်ရန်ငြင်းဆန်ကာ UFC ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံဟောင်း ဖရန့်စစ်နှင့် အောက်တိုဘာ ၂၈ ရက်တွင် ဆော်ဒီနိုင်ငံ၌ ထိုးသတ်သွားရန် ပွဲစီစဉ်ခဲ့သည်။

ယင်းစီစဉ်မှုကြောင့် လက်ဝှေ့လောကတွင် ဝေဖန်မှုများဖြင့် ရင်ဆိုင်ခဲ့ရသော်လည်း တိုင်ဆန်ဖျူရီက ဝေဖန်မှုများကိုဂရုစိုက်နေမည်မဟုတ်ကြောင်း လက်ဝှေ့လောက၏ ဂန္ထဝင်ဂုဏ်ပုဒ်ထက် ငွေကြေးက ပိုမိုအရေးပါကြောင်း တုံ့ပြန်ပြောကြားခဲ့သည်ဟု Ring News24 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တိုင်ဆန်ဖျူရီသည် ယူကရိန်းလက်ဝှေ့သမား ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံများရှင် အလက်ဇန်းဒါး အူဆက်ခ်နှင့် ထိုးသတ်သွားရန် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ခဲ့သော်လည်း ထိုးသတ်ကြေးညှိနှိုင်းမရသည့်အတွက် စိန်ခေါ်ပွဲပျက်ခဲ့ရသည်။

ဆွေးနွေးမှု ပျက်ခဲ့ပြီးနောက် ဖရန့်စစ်နှင့် လက်ဝှေ့ကြိုးဝိုင်းအတွင်းထိုးသတ်ရန်ဆွေးနွေးညှိနှိုင်းမှုပြုလုပ်ကာ ထိုးသတ်ကြေးအမြောက်အမြားရရှိမည်ဖြစ်သည့်အတွက် ဖရန့်စစ်ဖြင့်ထိုးသတ်ရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

AZL

# US Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဆင့်သို့ ဂျိုကိုဗစ်နှင့် မျက်ဒဗျက်တို့ တက်ရောက်

**နယူးယောက် စက်တင်ဘာ ၉**

US Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များအဖြစ် ဆားဘီးယား တင်းနစ်ကစားသမား ဂျိုကိုဗစ်က အမေရိကန်တင်းနစ်ကစားသမား ရှယ်လ်တန်ဖြင့်လည်းကောင်း၊ ရုရှားတင်းနစ်ကစားသမား မျက်ဒဗျက်က စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်ကစားသွားခဲ့ရာ ဂျိုကိုဗစ်က ရှယ်လ်တန်ကို(၆-၃၊ ၆-၂၊ ၇-၆)ရလဒ်ဖြင့် အနိုင်ရရှိကာ မျက်ဒဗျက်က (၇-၆၊ ၆-၁၊ ၃-၆၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲစဉ်အဆင့်သို့ အသီးသီး တက်ရောက်နိုင်ခဲ့ကြောင်း Tennis365 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်နှင့် ရှယ်လ်တန်တို့ပွဲစဉ်တွင် ဂျိုကိုဗစ်သည် တစ်ဖက်သတ်ဖိအားပေးနိုင်ခဲ့ပြီး တတိယပွဲငယ်၌သာအကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရသည်။

ဂျိုကိုဗစ်သည် တင်းနစ်လောကတွင် ဂရန်းစလန်းချန်ပီယံဆုဖလားအများဆုံးဆွတ်ခူးထားသော ကစားသမားအဖြစ် ရပ်တည်နေသလို အဆိုပါ မှတ်တမ်းကောင်းကိုလည်း ဆက်လက်ထိန်းသိမ်းနိုင်ရန် အခွင့်အရေးကောင်းများ ပိုင်ဆိုင်လာခဲ့ပြီဖြစ်သည်။

မျက်ဒဗျက်နှင့် အယ်ကာရက်ဇ်တို့ပွဲစဉ်သည် အကြိတ်အနယ်ရှိသည့်ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ပြီး မျက်ဒဗျက်က အယ်ကာရက်ဇ်ကို ခက်ခက်ခဲခဲ ယှဉ်ပြိုင်ကစားခဲ့ရပြီးမှ ဗိုလ်လုပွဲစဉ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ AZL



# Kroger Queen City Championship ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ပီယန်ချန်း ဦးဆောင်



**စင်စင်နာတီ စက်တင်ဘာ ၉**

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ် စင်စင်နာတီမြို့တွင် ကျင်းပနေသည့် Kroger Queen City Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် တရုတ်(တိုင်ပေ)ဂေါက်သီးရိုက်မယ် ပီယန်ချန်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကိုဦးဆောင်နေကြောင်း YB သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တရုတ်ဂေါက်သီးရိုက်မယ်များဖြစ်ကြသည့် လီလူကျန်း၊ ရှုနင်ယင်နှင့် ဆွစ်ဇာလန်ဂေါက်သီးရိုက်မယ် မီထရောက်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နေပြီး အင်္ဂလန်ဂေါက်သီးရိုက်မယ် ချာလေဟူးလ်နှင့် ဂျပန်ဂေါက်သီးရိုက်မယ် ယူကာဆာဆိုတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ကိုးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ပီယန်ချန်းသည် ပထမနေ့တွင် ရလဒ်ကောင်းရရှိရန် ရုန်းကန်ခဲ့ရသော်လည်း ဒုတိယနေ့တွင် ပုံစံကောင်းများပြသနိုင်ခဲ့ပြီး ဒုတိယနေရာတွင် Bridies ရိုက်ချက်ခြောက်ကျင်းနှင့် Eagle နှစ်ကျင်း ထိရရှိခဲ့သည်။

လက်ရှိ ကမ္ဘာ့အဆင့်(၁၈၄) နေရာတွင်ရပ်တည်နေသည့် ပီယန်ချန်းသည် ကစားသမားဘဝတွင် Taiwan LPGA နှင့် Epson Tour ဂေါက်သီးရိုက်ပြိုင်ပွဲတို့တွင် ချန်ပီယံဆုကို ဆွတ်ခူးထားသော်လည်း LPGA Tour တွင်ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခြင်း မရှိသေးဘဲ ချန်ပီယံဆုအား ဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားလျက် ရှိကြောင်း သိရသည်။ AZL

# ၂၀၂၄ အာရှယူ-၂၃ ပြိုင်ပွဲခြေစစ်ပွဲ အုပ်စုဒုတိယပွဲစဉ်တွင် မြန်မာအသင်းက ကာတာအသင်းကို ခြောက်ဂိုး ဂိုးမရှိဖြင့်ရှုံးနိမ့်

**ရန်ကုန် စက်တင်ဘာ ၉**

တောင်ကိုရီးယား နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိနေသည့် ၂၀၂၄ အာရှယူ-၂၃ ပြိုင်ပွဲ ခြေစစ်ပွဲအုပ်စု(B)ဒုတိယပွဲစဉ်အဖြစ် ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁နာရီခွဲက မြန်မာယူ-၂၃ အသင်းနှင့် ကာတာယူ-၂၃ အသင်းတို့ကစားခဲ့ရာ မြန်မာယူ-၂၃ အသင်းက ခြောက်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မြန်မာယူ-၂၃ အသင်းသည် ပြည့်ဖြိုးသူ၊ နောင်နောင်စိုး၊ သက်ဟိန်းစိုး၊ မိုးဆွေအောင်၊ ကောင်းထက်ပိုင်၊ ချစ်အေး၊ ဇော်ဝင်းသိန်း၊ စိုးမင်းဦး၊ လမ်ဆန်အောင်၊ စွမ်းထက်၊ အောင်မျိုးခန့် အစရှိသည့် အဓိက ကစားသမားများဖြင့်ပွဲထွက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် မြန်မာယူ-၂၃ အသင်းအနေဖြင့် အာရှထိပ်သီးအသင်းတစ်သင်းဖြစ်သည့် ကာတာယူ-၂၃ အသင်းကို ဘောလုံးပိုင်ဆိုင်မှု၊ ခြေစွမ်းပိုင်းအစစအရာရာ ယှဉ်ပြိုင်နိုင်စွမ်းမရှိခဲ့ဘဲ ကာတာအသင်းက ပွဲချိန်တစ်လျှောက်လုံး ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန်ပထမပိုင်းတွင် ကာတာအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်ခဲ့ပြီး ဒုတိယပိုင်းတွင် ကာတာယူ-၂၃ အသင်းက နောက်ထပ်သွင်းဂိုး ငါးဂိုးထပ်မံသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ကာတာယူ-၂၃ အသင်းက မြန်မာယူ-၂၃ အသင်းကို ခြောက်ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ကာတာအသင်းသည်၂၀၂၄ အာရှယူ-၂၃ပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပရမည်ဖြစ်သည့်အတွက် အုပ်စု(B)တွင် ကာတာအသင်းကစားသည့် ပွဲစဉ်များ၏ရလဒ်ကို ထည့်သွင်းတွက်ချက်မည် မဟုတ်သောကြောင့် မြန်မာယူ-၂၃အသင်းနှင့်ကာတာအသင်းတို့ကစားခဲ့သည့်ပွဲစဉ်ကိုလည်း ပြိုင်ပွဲတွင်ရလဒ်ပိုင်း ထည့်သွင်းတွက်ချက်မည် မဟုတ်သဖြင့်မြန်မာယူ- ၂၃အသင်းအနေဖြင့် အုပ်စုနောက်ဆုံးပွဲစဉ်တွင် အိမ်ရှင် တောင်ကိုရီးယားယူ-၂၃ အသင်းကိုအနိုင်ကစားပါက အုပ်စုအဆင့်မှ ကျော်ဖြတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ STA

## အာဖရိကဖလားပြိုင်ပွဲ ရလဒ်

| | | | | |
|---|---|---|---|---|
| မာလာဝီ | ၂ | - | ၂ | ဂူနီယာ |
| အိုင်ဗရီကို့စ် | ၁ | - | ၀ | လီဆိုသို |
| DRကွန်ဂို | ၂ | - | ၀ | ဆူဒန် |
| မော်ရီတေးနီးယား | ၂ | - | ၁ | ဂါဘွန် |
| မိုဇမ်ဘစ် | ၃ | - | ၂ | ဘီနင် |

(၀၄၀)

# မြန်မာနိုင်ငံစာရေးဆရာအသင်းဗဟိုအမှုဆောင်ကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်စာရေးဆရာအသင်းတို့ တွေ့ဆုံဆွေးနွေး



**ရန်ကုန် စက်တင်ဘာ ၉**

မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအမှုဆောင် ကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၈ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ အသင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌများက နှုတ်ခွန်းဆက် စကားပြောကြားကာ အသင်းအတွင်းရေးမှူးက စည်းရုံးရေးဆိုင်ရာနှင့်စီမံခန့်ခွဲရေးလုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသည့် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက သိရှိလိုသည်များကို ဆွေးနွေးတင်ပြကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး)နှင့် ဦးမြတ်စိုး(မြတ်စိုး-လှိုင်)၊ အတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ- ကြို့ပင်ကောက်) နှင့် တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် မြို့နယ်အမှုဆောင်ကော်မတီဝင်များ စုစုပေါင်း ဦးရေ ၁၀၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

(၁၅၂)

# အမေရိကန်ရုပ်ရှင်အင်စတီကျူရုပ်ရှင်ပွဲတော်ကို Maestro ဇာတ်ကားဖြင့် အဆုံးသတ်မည်

**နယူးယောက် စက်တင်ဘာ ၉**

အမေရိကန်ရုပ်ရှင်အင်စတီကျူ ရုပ်ရှင်ပွဲတော် ၂၀၂၃ ကို Netflix ၏ Maestro ဇာတ်ကားဖြင့် အဆုံးသတ်မည်ဖြစ်ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က စက်တင်ဘာ ၈ ရက်တွင် ရေးသားတင်ထားသည်။


အမေရိကန်ရုပ်ရှင်အင်စတီကျူ ရုပ်ရှင်ပွဲတော် ၂၀၂၃ ကို ယခုနှစ် အောက်တိုဘာ ၂၅ ရက်မှစ၍ ၂၉ ရက်ထိ လော့စ်အိန်ဂျလိစ်မြို့တော်၌ ကျင်းပမည်ဖြစ်သည်။


အဆိုပါ ရုပ်ရှင်ပွဲတော်၏ နောက်ဆုံးနေ့ဖြစ်သည့် အောက်တိုဘာ ၂၉ ရက်တွင် Netflix ၏ Maestro ကို ပွဲသိမ်းအဖြစ်ပြသမည်ဖြစ်ကြောင်း ရုပ်ရှင်ပွဲတော် စီစဉ်သူများက ကြေညာထားသည်။

Maestro သည် အမေရိကန် ဂီတစာဆို လီယိုနတ်ဘန်းစတိန်း၏ ဘဝကို အခြေခံရိုက်ကူးထားသည့် ဘဝ အတ္ထုပ္ပတ္တိဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ကမ္ဘာကျော်ရုပ်ရှင်မင်းသားနှင့် ဒါရိုက်တာ ဘရက်ဒလေကူးပါးက ရိုက်ကူးပေးထားပြီး ၎င်းကိုယ်တိုင် လီယိုနတ်ဘန်းစတိန်းအဖြစ် သရုပ်ဆောင်ထားသည်။

Maestro ဇာတ်ကားကို မြောက်အမေရိက ရုပ်ရှင်ဈေးကွက်၌ ယခုနှစ် အောက်တိုဘာ ၂ ရက်တွင်ရုံတင်ပြသရန် Netflix ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။ KKO



# အဆိုတော် ဝိုင်းစုခိုင်သိန်း ကိုယ်တိုင်သီဆို သရုပ်ဆောင်ထားသည့် အသည်းကွဲရက်ရာဇာ တေးသီချင်း MV ထွက်ရှိမည်ဖြစ်

**ရန်ကုန် စက်တင်ဘာ ၉**

အဆိုတော် ဝိုင်းစုခိုင်သိန်း ကိုယ်တိုင်သီဆို သရုပ်ဆောင်ထားသည့် အသည်းကွဲရက်ရာဇာ တေးသီချင်း Music Video (MV) စက်တင်ဘာလ ဒုတိယပတ်အတွင်း ထွက်ရှိမည်ဖြစ်ကြောင်း အဆိုတော် ဝိုင်းစုခိုင်သိန်းက ပြောပြ၍ သိရသည်။

အဆိုတော် ဝိုင်းစုခိုင်သိန်း၏ အသည်းကွဲရက်ရာဇာ တေးသီချင်းကို တေးရေး အလင်းက ရေးသားထားပြီး Music Video (MV) ကို ဒါရိုက်တာ ပြည်ငြိမ်းမောင်က ပုံဖော်ရိုက်ကူးခြင်းဖြစ်ကာ အဆိုတော် ဝိုင်းစုခိုင်သိန်းက သရုပ်ဆောင်ထားကြောင်း သိရသည်။

"ဝိုင်းစု သီချင်းတွေ မထွက်ဖြစ်တာကြာပြီဆိုတော့ ရင်ခုန်ပါတယ်။ ပရိသတ်တွေ ကြိုက်ကြမယ်လို့လဲ ဝိုင်းစု မျှော်လင့်ထားပါတယ်။ ဝိုင်းစုရဲ့သီချင်းလေးက အလွမ်းအဆွေးသီချင်းလေး ထွက်လာမှာပါ။ အသည်းကွဲတိုင်း မကောင်းတာတော့ မဟုတ်ပါဘူး။ ကိုယ့်အချစ်နဲ့ မထိုက်တန်တဲ့သူက ကိုယ့်အနားက ထွက်ခွာသွားတာကတော့ ကောင်းခြင်းတစ်ခုပါပဲ။ ဒါပေမဲ့ တအားချစ်ရတဲ့ လူတွေအတွက် ခွဲခွာခြင်းဆိုတာကတော့ အသည်းကွဲရက်ရာဇာလေးပေါ့။ ဒီသီချင်းလေးကို ပရိသတ်အားလုံးလဲ ကြိုက်ကြမယ်ထင်ပါတယ်"ဟု အဆိုတော် ဝိုင်းစုခိုင်သိန်းက ပြောပြသည်။




အဆိုတော် ဝိုင်းစုခိုင်သိန်းသည် မက်လောက်စရာ၊ အာဘွား၊ ဂါ၊ မယ်သီတာ၊ ငွေသုန္ဒရီ၊ နွားကျောင်းသူ စသည့်တစ်ကိုယ်တော် တေးအယ်လ်ဘမ်များ ထွက်ရှိထားကြောင်း သိရသည်။

ASH

# The Crow ဇာတ်ကားသစ် ရုံတင်ပြသမည့်ရက် Lionsgate ရုပ်ရှင်ကုမ္ပဏီက ကြေညာထား

**နယူးယောက် စက်တင်ဘာ ၉**

The Crow(1994)ဇာတ်ကားကို ပြန်လည်ဆန်းသစ်ရိုက်ကူးထားသည့် The Crow ဇာတ်ကားသစ် ရုံတင်ပြသမည့်ရက်ကို Lionsgate ရုပ်ရှင်ကုမ္ပဏီက ကြေညာထားကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က စက်တင်ဘာ ၈ ရက်တွင် ရေးသားတင်ပြထားသည်။

Lionsgate ရုပ်ရှင်ကုမ္ပဏီသည် The Crow ဇာတ်ကားသစ်ကို ၂၀၂၄ ခုနှစ်အတွင်း ရုံတင်ရန် စီစဉ်ထားကြောင်း သိရသည်။

The Crow ဇာတ်ကားသစ်တွင် မင်းသား ဘီစကားဂုဲ၊ ဒန်နီဟူစတန်၊ မင်းသမီး အက်ဖ်ကေအေတွစ်နှင့် အစ္စဘဲလာဝေတို့ ပါဝင်သရုပ်ဆောင်ထားပြီး အဆိုပါဇာတ်ကားသစ်ကို ကာတွန်းဆရာ ဂျိမ်းအိုဘား၏ The Crow ကာတွန်းရုပ်ပြစာအုပ်ကိုပင်အခြေခံ၍ ဒါရိုက်တာ ရူးပတ်ဆန်းဒါးက ရိုက်ကူးပေးထားသည်။

မူလ The Crow ဇာတ်ကားကို ဒါရိုက်တာ အဲလက်ပရိုးပက်က ရိုက်ကူးပေးထားပြီး မင်းသား ဘရန်ဒွန်လီက အဓိကဇာတ်ကောင်အဖြစ် ပါဝင်ခဲ့သည်။

Lionsgate ကုမ္ပဏီသည် The Crow ဇာတ်ကားသစ်ကို ၂၀၂၄ ခုနှစ်တွင် ရုံတင်ရန်စီစဉ်ထားသော်လည်း ရုံတင်မည့်ရက်ကို ကြေညာခြင်းမရှိသေးကြောင်း သိရသည်။ KKO




# ပေါင်မြို့နယ် ကျိုက်ပေါင်းစေတီတော်တွင် မွန်ရိုးရာဓလေ့ပုဒ္ဓပူဇနီယပွဲတော် ဆွမ်းတော် ၁၀၀၀ ကပ်လှူပူဇော်ပွဲ ကျင်းပမည်

**ပေါင် စက်တင်ဘာ ၉**

မွန်ပြည်နယ် ပေါင်မြို့နယ် ပေါင်းရပ်ကွက်ရှိ ကျိုက်ပေါင်းစေတီတော်တွင် မွန်ရိုးရာဓလေ့ ဗုဒ္ဓပူဇနီယပွဲတော်တစ်ခုဖြစ်သည့် ဆွမ်းတော် ၁၀၀၀ ကပ်လှူပူဇော်ပွဲကို စက်တင်ဘာ ၂၉ ရက်တွင် အစဉ်အလာမပျက် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ကျိုက်ပေါင်းဘုရားဂေါပကအဖွဲ့ဝင် ဦးတင်ဖေက ပြောပြ၍ သိရသည်။

အဆိုပါ မွန်ရိုးရာဓလေ့ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းတော် ၁၀၀၀ ကပ်လှူပူဇော်ပွဲကို နှစ်စဉ် တော်သလင်းလပြည့်နေ့ ရောက်တိုင်း ဆင်နွဲလေ့ရှိကြောင်း၊ ထိုကဲ့သို့ ဆွမ်းတော် ၁၀၀၀ ကပ်လှူရာတွင် မွန်တိုင်းရင်းသားတို့၏ ရိုးရာအစဉ်အလာအတိုင်း သစ်၊ ဝါးတို့ဖြင့် သင်္ဘောပုံစံငယ်တည်ဆောက်ကာ ၎င်းသင်္ဘောတွင် ဆွမ်း၊ တံခွန်၊ ကုက္ကား၊ ပန်း၊ နံ့သာ၊ သစ်သီး၊ ကွမ်း၊ ဆီမီး စသော လှူဖွယ်ဝတ္ထုအမျိုးမျိုးကို ကပ်လှူကြခြင်းဖြစ်ကြောင်း သိရသည်။

"မွန်ဓလေ့ ရိုးရာအစဉ်အလာ ဗုဒ္ဓပူဇနီယပွဲတော်ဖြစ်ပါတယ်။ နှစ်စဉ် တော်သလင်းလပြည့်နေ့မှာ ရပ်တိုင်း၊ ရွာတိုင်းမှာရှိတဲ့ ဘုန်းတော်ကြီးကျောင်းတွေ၊ ဘုရားစေတီပုထိုးတွေမှာ မိမိတို့စွမ်းနိုင်သမျှ လုပ်အား၊ အလှူငွေအားနဲ့ သင်္ဘောတစ်စီးတည်ဆောက်ပြီးတော့ ဆွမ်း၊ တံခွန်၊ ကုက္ကား၊ ပန်း၊ နံ့သာ၊ သစ်သီး၊ ကွမ်း၊ ဆီမီး စတဲ့လှူဖွယ်ဝတ္ထုအမျိုးမျိုးကို အမျိုး ၁၀၀၀ အဲဒီသင်္ဘောပေါ်မှာ တင်လှူပူဇော်ကြပါတယ်။ သင်္ဘောပျောက်ဆွမ်းလို့လဲ တချို့နေရာတွေမှာ ခေါ်ကြပါတယ်။ အဓိပ္ပာယ်ကတော့ ရဟန်းသံဃာတော်တွေ အန္တရာယ်မကျရောက်ဘဲနဲ့ ဘေးရန်ခပ်သိမ်းကင်းငြိမ်းစေလိုတဲ့ရည်ရွယ်ချက်နဲ့ ဆွမ်းတော်ကြီးတင်ပွဲတွေကို ကျင်းပကြတာဖြစ်ပါတယ်"ဟု ကျိုက်ပေါင်းဘုရားကြီးဂေါပကအဖွဲ့ဝင် ဦးတင်ဖေက ပြောပြသည်။

ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing meets Shan State (North), district and township level officials, local elders, and MSME entrepreneurs



Senior General Min Aung Hlaing delivers address at the meeting.

**Nay Pyi Taw September 9**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing met Shan State (North), district and township level officials, local elders, and MSME entrepreneurs at the town hall in Lashio this morning and discussed regional development.

Present together with the Senior General were SAC members U Shwe Kyein, U Yan Kyaw, union ministers U Win Shein, U Min Naung, U Hla Moe, U Khin Maung Yi, and U Aung Naing Oo, Shan State Chief Minister U Aung Zaw Aye, Chief of General Staff (Army, Navy and Air) General Maung Maung Aye, senior military officers from Office of Commander-in-Chief, deputy ministers, the North-East Command commander, local national races, and officials.

**Individual presentations on salient points of the region and requirements for development of local businesses**

Chairman of Shan State administration division (northern Shan State) U Myo Kyaw reported on local situation, agriculture undertakings, development of the production industry through One Region One Product scheme, activities of breeding zones, FY-wise development of regional roads and bridges, dams and reservoirs and sufficient water supply, border trade, electricity generation, improvement of health, sports and education sectors, academic matters at institutions of higher learning and basic education schools, MSME production activities, ongoing production courses, allotment of loans from national economic development funds for production development.

The chief minister reported on points of the state, MSME development in the state, establishment of industrial zones and wards, exports, courses and exhibitions for MSME development, loans disbursed from national economic development fund for development of farming and other businesses in Wa Self-Administered Division, and Kokang and Palaung Self-Administered Zones, and progress of work.

MSME entrepreneurs including Shan State (North) Chamber of Commerce and Industry Chair U Zaw Myint Htwe, Hoteliers Association Chair U Zaw Zaw, Tea Entrepreneurs Association Chair U Maung Maung Oo, Myanmar Coffee Association member U Aung Hlaing Phyo and other participants presented reports on quality enhancement of local goods, streamlining of border trade, opening of hotel courses for tourism development, development of tourism and related businesses via border gates, value-adding of tea products, production of coffee the main crops of Naungcho region, export of quality coffee, and requirements for development of local economy.

**Sector-wise clarifications of union ministers'**

As regards the reports of entrepreneurs, union ministers explained SAC's adoption of the roadmap and objectives and efforts for socioeconomic development of the country and people, loans disbursed from national economic development fund for development of farming and other production industries, support for other sectors, public cooperation in the officials' efforts to stabilize prices of basic foods, assistance available at the departments that are developing agriculture and multiple cropping, rural development, inputs, technology, machines and capital and ready markets provided by cooperative societies for rural development and socioeconomic development of rural people, rules and regulations to export finished wood products through border trade, increase production of cement in Shan State (North) which has a large array of resources for the business, development of international trade practices, permission of the use of Yuan-Kyat system to facilitate border trade, participation of MSME entrepreneurs in eradication of illegal trade as it hurts domestic businesses and MSME development a lot, application of QR Code system to eradicate illegal trade, abidance of rules and regulations by exporters as programs are underway to facilitate trade flow. The chief minister explained the local government's programs to attend to the needs of local people and entrepreneurs through coordination for MSME development, prompt response by the local government or through the involvement of the related ministries in addressing the issues presented at the meeting.

**Support for MSMEs**

In his speech, the Senior General said meetings were held in regions and states of the entire country and discussed matters for economic development. The current meeting in Shan State (North) is the 23rd such meeting. The country must develop MSMEs for its economic progress. MSMEs are being encouraged as development of the production industry with the force of MSMEs based on local farm products will lead to national economic progress.

**Efforts being exerted to achieve peace by ending the armed conflicts caused by different ideologies in politics, race and religion**

Coming 5 October is the eighth anniversary of the Nationwide Ceasefire Agreement (NCA). It could not have been held for various reasons, and there are plans to hold it seriously this year. Reviewing the country's internal armed conflicts, they emerged due to different ideologies in politics, race and religion. Regarding political differences, different countries have different administrative and political systems. Our country exercised parliamentary democracy in the post-independence period. During independence struggles also, independence was shouted as first, second and third priorities. Due to the rivalry between socialism and capitalism and their different ideologies, the communist party went underground in March 1948. Then, ethnic armed groups like KNDO emerged. From 1962 to 1988, the country was ruled by the Revolutionary Council and Myanmar Socialist Program Party. Wit administrative weaknesses, the country's economy declined thereby contributing to the 1988 uprising. Generally, the 1988 uprising surfaced for pro-democracy, but there were many reasons behind the crisis. The people demanded democracy as they disliked socialism. After the Tatmadaw government assumed State duties in 1988, it worked on marching towards multi-party democracy as aspired by the people. A constitution was drafted to suit democracy. After the heated debates at the National Convention involving all walks of life, the constitution was approved in 2008 through a national referendum.

Reviewing the constitutions our country used, the constitution (1947) was drafted and approved by the Hluttaw after seeking advice from some experts, not by the entire people. The constitution (1974) emerged after three drafts and it was approved through a national referendum. The 2008 constitution follows suit. Although the word federalism is not directly used in the 2008 constitution, the federal procedures have been enshrined in it.

As per the constitution, a union will emerge after townships, districts, and regions or states have been formed based on rurality. In those regions or states with large numbers of ethnicities, self-administered regions or zones can be formed.

Now we are marching towards multi-party democracy. We are striving to be on the right track of democracy and parliament in peace, and the political, racial and religious differences should no longer exit. The NCA was ceremonially signed by the government, Hluttaw, Tatmadaw and ethnic armed organizations in the presence of local witnesses and international witnesses including the UN on 15 October 2015. It is a historic Union Accord approved by the Pyidaungsu Hluttaw. It will continue to exit without being null and void. The Tatmadaw will stand firm for the NCA regarding the peace process. The eighth anniversary of the NCA will be marked on 15 October with practicality and seriousness. We will continue to try for the success of the country's peace process.



Senior General Min Aung Hlaing gives instruction to officials on airport upgrading.

See page 14

# Concerted efforts to be made by all to enhance development from regional to national level


Senior General Min Aung Hlaing meets Tatmadaw members and families of Lashio Station.

**Nay Pyi Taw September 9**

Progress in socio-economic lives of individuals in the country will lead to socio-economic development of the country. When socio-economic development has been achieved, the entitlements of government employees who are discharging duties of the country will improve. As regional development will lead to national one, administrative officials and departmental staff who are performing duties for regional development in respective regions and local residents are required to make concerted efforts to achieve economic development, Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing said in his speech to officers, other ranks and families of Lashio Station in the North-East Command this afternoon.

Also present at the meeting together with the Senior General were Daw Kyu Kyu Hla, the wife of the Senior General, Chief of General Staff (Army, Navy, Air) General Maung Maung Aye and wife, Commander-in-Chief (Navy) Admiral Moe Aung and wife, senior officers from the Office of the Commander-in-Chief of Defence Services and wives, Commander of the North-East Command Maj-Gen Naing Naing Oo and responsible officers and officers, other ranks and families in Lashio Station.

**Measures for development of country taken by laying down objectives, roadmap**

First, the Senior General delivered an address, saying the Tatmadaw has been playing a role in national affairs in successive eras of the country and tasks to be taken ahead will be explained. Tasks were carried out by laying down objectives for annual commemorative days and Armed Forces


Senior General Min Aung Hlaing greets Tatmadaw members and families.

Day during the terms of the previous Tatmadaw government and the two democratic governments. During the terms of earlier governments, objectives were laid down for political, economic and social affairs. Political parties have to reveal their future tasks and policies to the public during election campaigns to organize the people. After holding elections, the winning party will form a government and discharge duties of the state by implementing policies adopted. Depending on their implementation of their policies and contributions to national interests, they will get results in the election held after their terms have expired.

Similarly, the Tatmadaw had to declare a state of emergency in accordance with the law on 1 February, 2021 to fulfill the needs of the country and has been performing duties of the country. Since taking office, measures have been taken by laying down objectives and roadmaps. Objectives for an election, COVID-19, boosting the economy of the country, peace and holding a general election were laid down and are being implemented.

As tasks are carried out by laying down objectives, it can be seen that certain progress has been made during the two-year period of assumption of state duties by


Senior General Min Aung Hlaing comforts a patient.


Daw Kyu Kyu Hla presents gift to a patient.

the government. However, high commodity prices were caused by sanctions against the country. Due to various attacks aiming at the collapse of banks, the government had to take measures to protect banks from collapse. As the collapse of banks will damage the economy, tasks were carried out to prevent inflation.

Before the assumption of duties by the government, the economic growth of the country dropped to - 5.8 percent. As efforts have been made for economic development amid sanctions since the assumption of duties by the government, it can be seen that certain progress has been made and it is estimated that further economic development will be achieved. The economy of the country has improved thanks to efforts for development of agriculture and livestock breeding products. The causes of high commodity prices are international sanctions and activities of some greedy people who advance their own self-interests. As appropriate action was taken against them, commodity prices have fallen.

While the government is carrying out tasks for the development of the country, there are saboteurs. At the same time as it is engaging in production activities on the one hand, the Tatmadaw is carrying out tasks for national defence. The government has adopted roadmaps and objectives in carrying out national development tasks. The purpose is to prevent the political, economic and social affairs of the country from deteriorating. Tatmadaw personnel are required to make concerted efforts to achieve such endeavours. To hold elections again, it is necessary to make sure that voters' lists are correct and all eligible voters can cast their votes. Therefore, a population census will be conducted in the entire country in 2024. Based on data collected, voters' lists will be available. An election can be held after the population census has been conducted. It is imperative that the election held by the government is a free, fair and proper one. Efforts must be made to hold an all-inclusive, free and fair election. The election will be held as soon as possible after conducting the population census. Therefore, the Tatmadaw is required to help make the population census a success and to carry out tasks for territorial control and organization.

**Efforts to be made for socio-economic development of residents of areas where on perform duties**

As local battalions in Shan State (North) have been indivisible with residents, the battalions are required to make concerted efforts for socio-economic development of national races and stability in the area where they are performing duties. Similarly, the SAC has taken measures for development of socio-economic lives of Shan State (North) and its residents. To facilitate transportation, roads, railroads and airports are being upgraded.

Tasks are being carried out for educational enhancement of Tatmadaw personnel and literacy of their dependent spouses in arms while three Rs courses are being conducted for local national races to enable them to read. Plans are underway to open an agriculture and livestock breeding college in Lashio. In the same way as tasks are being carried out for educational enhancement of local residents, it is necessary to encourage educational development of the offspring of Tatmadaw personnel.

See page 14

From page 12

**Ultimate aim for holding a free and fair multi-party democracy general election**

The Tatmadaw tried its best to adopt a genuine and disciplined multi-party democratic system. In the 2010 and 2015 elections, the Tatmadaw made full cooperation to ensure the winning parties formed governments. After the 2015 elections, there were dishonest acts in the political, economic and social fields with the use of politics as a tool. With weaknesses in the administrative and economic sectors as well as the acts harming the national culture, the unity broke up. The Tatmadaw stressed the need for a free and fair election. As their actions led to declining support, dishonest acts were perpetrated to win the election. The Tatmadaw called for a solution to the incorrect voter lists, but to no avail. Therefore, the Tatmadaw had no chance but to take over the State duties in accord with the law. The Tatmadaw is really working towards ensuring a durable multi-party democratic system.

Currently, the SAC has set an aim to hold a free and fair general election. As such, measures have to be taken to get correct voter lists so that the entire country can vote. A national census will be conducted in 2024 and then plans will be made to hold an election as quickly as possible. Taking the road to democracy essentially requires peace and stability. Measures are being taken to ensure peace and stability. We are cooperating with the people to ensure peace and tranquility and the rule of law. All are urged to cooperate in ensuring peace and stability and the rule of law in Shan State (North).

**Nation's economy could be promoted through achieving success in manufacturing industry based on agriculture and livestock regionally**

As the country had weaknesses in successive eras, there were economic weaknesses and its growth rate is lower



Senior General Min Aung Hlaing views local MSME products.

than other countries'. As the nation has a small economic growth, development tasks of the nation could not be fully implemented. It will be seen that the nation's GDP is lower than others in the region. As the nation's GDP will become high through supporting the domestic manufacturing industry, we are encouraging and promoting the MSMEs. It is necessary to support commodity production as well as to take measures to ensure a balance between consumption and production in order that prices of goods will not rise. Although the State conducted supervisory measures on the rise in price of edible palm oil, the price was higher than it should be due to the act of the people motivated by greed and avarice. Now, the price of edible palm oil dropped as necessary action was taken against them.

In carrying out agriculture and livestock farming tasks for development of Shan State (North) and improvement of its residents' socio-economic life, livestock farming businesses should be systematically operated to be able to export frozen meat to neighbouring countries. Raw materials in animal feed necessary for the livestock farming industry are available in the region. Achieving development of commodity production will be helpful to individual economic development as well as the regional economic growth. Regarding agriculture, it is seen that coffee and tea flourishing in the region are mainly grown. Coffee and tea have already been regarded as agricultural commodities in international markets. Therefore, it is necessary to systematically manufacture quality products of coffee and tea as well as to boost production.

Skilled workers are needed to manufacture value-added products in the agriculture and livestock farming industry. Therefore, it is necessary to encourage education. Agricultural and technical high schools are being conducted and outstanding students from those schools could join universities and colleges for further studies. Doing so will be helpful to produce good human resources necessary for the agriculture and livestock farming industry.

Only if the transport is smooth and speedy with easy flow of commodities, will there be socio-economic life of the region and residents. Therefore, tasks for upgrading Lashio Airport and its runway are being carried out to ensure better transport and communications in the region of Shan State (North). Tasks are underway for reoperation of Lashio-Mandalay Railway and plans have been made to build a railway on the routes between Lashio and Muse and Lashio and Chinshwehaw. The current highway is being upgraded to become a four-lane one and there is a plan to upgrade it to a six-lane highway as well. Smooth and convenient inter-relations and travels will help Shan State (North) and its residents enjoy improvement of socio-economic life. Region-wise development will be helpful to the entire nation's development.

Shan State (North) is a region already having scenery and resources that can attract travellers. It has the Goke Hteik Bridge and landscape to attract travellers. If all work together to make the region beautiful, clean and pleasant, travellers can be attracted more. Only if good services are rendered for quality local food and accommodation and transport, could foreign and domestic travellers be attracted. More arrivals of travellers in the region will help the region enjoy improvement of socio-economic life. As it is necessary to ensure peace and stability in the region for the development of the tourism industry, all need to work together for stability, peace and rule of law in the region.

As we are on the path to democracy, it is necessary to have knowledge about law. That is why the law subject is being taught at universities. It is believed that sharing the subject is helpful. On this trip, union ministers participated in suitable discussions and I talked about the nation's affairs and economic development of the nation too. I believe that all will work together for development, stability and peace of the region and the nation through considering our discussions.

Afterwards, the Senior General cordially greeted the officials at state, district and township levels, the town elders and MSME entrepreneurs.

**Viewing and encouraging local products on display**

Then, the Senior General viewed mineral products, foodstuffs, personal goods, industrial products, traditional handicraft products, textiles and traditional medicines on display and discussed market availability with the entrepreneurs.

**Inspecting project of upgrading Lashio Airport and runway**

This morning, the Senior-General and party inspected tasks being carried out for upgrading Lashio Airport and its runway. Officials reported them on the tasks.

Regarding the reports, the Senior General gave instructions saying that the project is being implemented with the long-term hope of achieving development of the tourism industry in Shan State (North) and improvement of socio-economic life of the region and its residents. As the runway is being upgraded in order that the jets can land, supervisory measures are to be conducted to meet the set quality and to complete the tasks timely as planned.

100

From page 13

By applying education one has acquired, career development of individuals can be achieved.

**To be disciplined personnel, to be physically, mentally fit, healthy**

The main duty of the Tatmadaw is national defence. All Tatmadaw personnel are required to carry tasks assigned to each one. One will be an outstanding personnel if one practices and carries out tasks assigned to each one and behaves in accordance with disciplines and rules. The Tatmadaw performs duties as team work and it is necessary to be competent in warfare from the most fundamental ones. Relevant corps are required to be well versed in respective academic disciplines. Therefore, all relevant personnel are required to carry out tasks assigned to them with all seriousness.

All personnel are urged to successfully implement manageable level agriculture and livestock breeding tasks carried out for the welfare of them. By doing so, they will contribute to food, shelter and clothing of families. Officers are required to properly implement welfare tasks for Tatmadaw personnel.

In connection with health and fitness, it is necessary for personnel to take part in sports and games daily. As playing games and sports contribute to physical fitness, they can contribute to defence duties. Similarly, spouses in arms of personnel are also urged to take part in sports and games which will contribute to health. In conclusion, the Senior General urged all to lead proper lives as taking part in sports and games that will enhance health and consuming healthy food contribute to physical and mental fitness. Then, the Senior General asked after the needs of officers, other ranks and families and coordinated them.

Then, the Senior General presented foodstuffs for officers, other ranks and families to the commander while the wife of the Senior General presented cash rewards for the station maternal and child welfare association to the wife of the commander.

Afterward, the Senior General and wife and party cordially greeted the officers, other ranks and families who attended the meeting.

Then, the Senior General and wife and party visited officers, other ranks, families and local residents who were receiving treatments in local defence services hospital in Lashio and asked after their health individually before speaking words of comfort and offering gifts.

100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ယူကရိန်းအထူးစစ်ဆင်ရေးတွင် Su-34 ဖြင့် Hypersonic Kinzhal 'Dagger' ဒုံးကျည်များပြသ




ရုရှားနိုင်ငံသည် ယူကရိန်းအထူးစစ်ဆင်ရေးတွင် ၎င်း၏ Su-34 ဖြင့် Hypersonic Kinzhal Dagger ဒုံးကျည်များ ပြသနိုင်ခဲ့ကြောင်း စက်တင်ဘာ ၄ ရက်တွင် ရုရှားစစ်ဘက်မှ သတင်းရင်းမြစ်တစ်ခုက ဖော်ပြထားသည်။

ယူကရိန်းတွင် အထူးစစ်ဆင်ရေးများ ဆက်လက်လုပ်ဆောင်နေပြီး ယူကရိန်း၏ တန်ပြန်ထိုးစစ်များသည် ရှေ့မတိုးနောက်မဆုတ် အခြေအနေတစ်ရပ် ရောက်ရှိနေခဲ့သည်။

Kinzhal Dagger Hypersonic ပဲ့ထိန်းဒုံးကျည်ကို ဆက်လက်လုပ်ဆောင်နေသည့် ယူကရိန်းအထူးစစ်ရေးတွင် Su-34 တိုက်ခိုက်ရေးလေယာဉ်ဖြင့် တိုက်ပွဲဝင်လုပ်ဆောင်နိုင်ခဲ့ကြောင်း ရုရှားစစ်ဘက်မှ သတင်းရင်းမြစ်တစ်ခုက ထုတ်ဖော်ရေးသားထားသည်။

Su-34 ဘက်စုံသုံးတိုက်လေယာဉ်သည် ယူကရိန်းအထူးစစ်ဆင်ရေးတွင် Hypersonic Kinzhal ဒုံးကျည်ကိုအသုံးပြု တိုက်ပွဲဝင်နိုင်ခဲ့သည်။

၎င်းမစ်ရှင်ကို ပြီးမြောက်အောင်မြင်ခဲ့သော ပထမဦးဆုံး ရုရှားလေတပ်အဖွဲ့သားများသည် နိုင်ငံတော်အဆင့်ဂုဏ်ပြုချီးမြှင့်မှုများ ရရှိလိမ့်မည်ဖြစ်ကြောင်း အဆိုပါသတင်းရင်းမြစ်က မှတ်ချက်ပြုပြောကြားခဲ့သည်။

ရုရှားထုတ် "Kinzhal" သည် အလွန်မြင့်မားသော အမြန်နှုန်းဖြင့် ကီလိုမီတာ ၂၀၀၀ မှ ကီလိုမီတာ ၃၀၀၀ အကွာအဝေးထိ ပျံသန်းတိုက်ခိုက်နိုင်စွမ်းရှိသော ဆဋ္ဌမမျိုးဆက် Aeroballistic Missiles လက်နက်စနစ်သို့ ရောက်ရှိလာခြင်းကို ကိုယ်စားပြုထားသည်။

၎င်း Hypersonic မစ်ရှင်အတွက် ကနဦးထုတ်လုပ်စဉ်က အထူးပြုပြင်ထားသော လေယာဉ်ဖြစ်သည့် MiG-31K ကြားဖြတ်တိုက်ခိုက်ရေးလေယာဉ်ဖြင့် သယ်ဆောင်တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ ထို့ပြင် အစောပိုင်းသတင်းများအရ Tu-22M3 မဟာဗျူဟာမြောက် ဗုံးကြဲလေယာဉ်များနှင့် Su-34 တိုက်လေယာဉ်များတွင် Kinzhal Hypersonic ကို တပ်ဆင်အသုံးပြုသွားနိုင်ရန် စီစဉ်နေကြောင်း သိရသည်။

Kinzhal Hypersonic ဒုံးကျည်စနစ်၏ အဓိကအင်္ဂါရပ်များကို "မြန်နှုန်းမြင့်တိုက်လေယာဉ်တွေကနေ ထူးခြားတဲ့ပျံသန်းမှုလက္ခဏာတွေနဲ့ ဒုံးကျည်ကို မိနစ်ပိုင်းအတွင်း ပစ်လွှတ်နိုင်စေတယ်။ အသံထက် ၁၀ ဆ ပိုမြန်တဲ့ Hypersonic အမြန်နှုန်းနဲ့ပျံသန်းတဲ့ ဒုံးကျည်ဟာ သူ့ရဲ့ပျံသန်းမှုလမ်းကြောင်းရဲ့ အဆင့်အားလုံးမှာ ထိန်းကျောင်းနိုင်ပြီး လက်ရှိဒုံးကျည်ကာကွယ်ရေးစနစ်အားလုံးကို ကျော်လွှားနိုင်စွမ်းရှိပြီး ကီလိုမီတာ ၂၀၀၀ ကျော် အကွာအဝေးကနေ ချုကလီးယားနဲ့ သမားရိုးကျ ထိပ်ဖူးတွေကို ပစ်လွှတ်နိုင်စွမ်းရှိပါတယ်" ဟု ၂၀၁၈ ခုနှစ် မတ် ၁ ရက်တွင် ဖက်ဒရယ်ညီလာခံ၌ ရုရှားသမ္မတ ဗလာဒီမာပူတင်က ထုတ်ဖော်ချီးမွမ်းခဲ့ဖူးသည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှစတင်၍ Kinzhal Hypersonic လက်နက်ကိုရုရှားစစ်ဘက်အတွင်း တပ်ဖြန့်၍ စမ်းသပ်မှုများ လုပ်ဆောင်ခဲ့သည်။ ၂၀၂၂ ခုနှစ် မတ် ၁၈ ရက်တွင် ယူကရိန်းအထူးစစ်ဆင်ရေးအတွင်း ဒုံးကျည်ကို တပ်ဖြန့်အသုံးပြုခဲ့ကြောင်း ရုရှားစစ်ဘက်က တရားဝင်ကြေညာခဲ့သည်။

**Sky-High Showdown: Su-34 Deployed Hypersonic Kinzhal 'Dagger' Missile ကို ဘာသာပြန်ဆိုထားပါသည်။**

## လတ်ဗီးယားနှင့် NATO အဖွဲ့က 5G စနစ်တွင် စစ်ဘက်ဆိုင်ရာစနစ်များစမ်းသပ်ရန် ACT နှင့်လက်မှတ်ရေးထိုး

လတ်ဗီးယားနိုင်ငံသည် နည်းဗျူဟာမြောက် 5G ဆက်သွယ်ရေးစနစ်တွင် စစ်ဘက်ဆိုင်ရာစနစ်များဖြစ်သည့် ဒရုန်းများ၊ အာရုံခံကိရိယာများ၊ VR စနစ်များစမ်းသပ်ရန်အတွက် NATO ၏ မဟာမိတ် အသွင်ကူးပြောင်းရေးကွပ်ကဲမှုဌာနချုပ် (ACT) နှင့် လက်မှတ်ရေးထိုးခဲ့ကြောင်း စက်တင်ဘာ ၆ ရက်က The Defense Post တွင် ရေးသားဖော်ပြထားသည်။

ယခုနှစ် အောက်တိုဘာလတွင် စီစဉ်ထားသော စစ်ဆင်ရေးဆိုင်ရာနည်းပညာ စူးစမ်းရှာဖွေမှုဟု ခေါ်ဝေါ်သုံးနှုန်းထားသည့် 5G ဆက်သွယ်ရေးစွမ်းရည်ကို အကဲဖြတ်ရန် ရည်ရွယ်ချက်မှာ စစ်မြေပြင်တွင် ပိုမိုကောင်းမွန်သောအခြေအနေဆိုင်ရာ သတိပြုမိမှုများအတွက် အလွန်ယုံကြည်စိတ်ချရပြီး ကြန့်ကြာမှုနည်းပါးသည့် ဆက်သွယ်ချိတ်ဆက်မှုများကို ပိုင်ဆိုင်ထားနိုင်ရန်ဖြစ်သည်။

5G ဆက်သွယ်ရေးကွန်ရက်သည် အနာဂတ်ပဋိပက္ခများတွင် တပ်ဖွဲ့ဝင်များ၏ ထိခိုက်သေဆုံးမှုကိုလျှော့ချပေးနိုင်ခြင်း ရှိ၊ မရှိလေ့လာကြည့်ရှုရန် ရည်ရွယ်ပြုလုပ်ခြင်းလည်းဖြစ်သည်။

အဆိုပါစမ်းသပ်မှုတွင် ပုံစံတူဇာတ်တိုက်လုပ်ဆောင်ခြင်းနှင့် ကွန်ပျူတာမှ ဖန်တီးထုတ်လုပ်ထားသောသိမြင်နိုင်သည့် အချက်အလက်များဖြင့် လက်တွေ့ကမ္ဘာကို မြှင့်တင်ပေးသည့် အပြန်အလှန်အကျိုးပြုသောအတွေ့အကြုံလုပ်ဆောင်မှု၊ ဒရုန်းများ၊ အာရုံခံကိရိယာများနှင့် အခြားသော စစ်ဘက်ဆိုင်ရာ အပလီကေးရှင်းများ၌ အသုံးပြုမှုကို မြင်တွေ့ရမည်ဖြစ်ကြောင်း လတ်ဗီးယား ကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုအရ သိရသည်။

"ဒီသဘောတူညီချက်ကို လက်မှတ်ရေးထိုးရာမှာ NATO ဟာ သဘောတရားအသစ်တွေကို တရားဝင်အတည်ပြုပြီး NATO ရဲ့ ဒစ်ဂျစ်တယ်အသွင်ပြောင်းမှုနဲ့ နယ်ပယ်ပေါင်းများစွာရဲ့ စစ်ဆင်ရေးရည်မှန်းချက်တွေကို ပံ့ပိုးပေးမဲ့ လုပ်ငန်းလည်ပတ်မှုပတ်ဝန်းကျင်မှာ လိုအပ်ချက်တွေကိုဖော်ထုတ်ဖို့ အခွင့်အရေးရပါလိမ့်မယ်"ဟု ACT အရာရှိ Guy Robinson က ပြောကြားခဲ့သည်။

အဆိုပါစမ်းသပ်မှုသည် Ādaži စစ်အခြေစိုက်စခန်းရှိ ကာကွယ်ရေးဆိုင်ရာ ဆန်းသစ်တီထွင်မှုများအတွက် Riga မြို့တော်ရှိ 5G စမ်းသပ်မှုပတ်ဝန်းကျင်ကို အသုံးပြုသွားမည်ဖြစ်သည်။

အောက်တိုဘာလတွင် စမ်းသပ်မှုများ ပြုလုပ်သွားနိုင်ရန်ပြင်ဆင်မှုတွင် NATO သည် အလားအလာရှိသောအခြေအနေများနှင့် နည်းပညာပိုင်းဆိုင်ရာ အကောင်အထည်ဖော်မှုများကို ပြန်လည်ပြင်ဆင်ရန်အတွက် ဇွန်လက ကျွမ်းကျင်ပညာရှင်အဖွဲ့တစ်ဖွဲ့ကို စုစည်းခဲ့ကြောင်း သိရသည်။



၎င်းတို့သည် လာမည့်စမ်းသပ်မှုအတွက် အသုံးဝင်နိုင်သည့် ရုပ်ပိုင်းဆိုင်ရာအခြေခံအဆောက်အအုံအားလုံးကို စစ်ဆေးရန် Adazi 5G စစ်ဘက်ဆိုင်ရာ စမ်းသပ်ခန်းသို့လည်း သွားရောက်ခဲ့သည်။

ထို့ပြင် ကျွမ်းကျင်ပညာရှင်အဖွဲ့သည် 5G Bubble ဆက်သွယ်ရေးကွန်ရက်ကို အဆင်ပြေချောမွေ့စွာ လုပ်ဆောင်နိုင်မှုကို သေချာစေရန် စနစ်အပြန်အလှန်ချိတ်ဆက်မှုများကိုပါ စမ်းသပ်မှုများပြုလုပ်ခဲ့ကြသေးကြောင်း သိရသည်။

**Latvia, NATO to Test Unmanned Vehicles, Sensors, VR Systems in '5G Bubble' ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်က နောက်ဆုံးယူကရိန်းတစ်ယောက်ကျန်သည်ထိတိုက်ခိုက်ရန် တွန်းအားပေးနေသည်ဟု ကရင်မလင်ပြောကြား

အမေရိကန်သည် နောက်ဆုံးယူကရိန်းတစ်ယောက်ကျန်သည်ထိ ရုရှားကိုတိုက်ခိုက်ရန် တွန်းအားပေးနေသည်ဟု ကရင်မလင်နန်းတော် ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်က စက်တင်ဘာ ၆ ရက်တွင် ပြောကြားခဲ့သည်။



အမေရိကန်သည် ယူကရိန်းသို့ လက်နက်များ ထပ်မံပေးအပ်ရန်စီစဉ်နေကြောင်း သတင်းများထွက်ပေါ်ပြီးနောက်ပိုင်းတွင် ယခုကဲ့သို့ပြောကြားခဲ့သည်။

အကြိမ်ကြိမ်ပေးအပ်နေသည့် စစ်ဘက်အကူအညီက ပဋိပက္ခလမ်းကြောင်းကို ပြောင်းလဲသွားစေမည်မဟုတ်ကြောင်း ပက်စကော့ဗ်က အခိုင်အမာပြောကြားသည်။

"လိုအပ်သမျှကာလပတ်လုံး ယူကရိန်းကို အမေရိကန်က ဆက်လက်ကူညီသွားမယ် ဆိုတဲ့ ကြေညာချက်တွေကို ကျွန်တော်တို့ အကြိမ်ကြိမ်ကြားခဲ့ရပါတယ်။ ဆိုလိုတာက အမေရိကန်က ယူကရိန်းပဋိပက္ခမှာ ထိရောက်စွာတိုက်ခိုက်နိုင်စေဖို့ ဆက်လက်ထိန်းသိမ်းထားမှာဖြစ်ပြီး အမေရိကန်နိုင်ငံသား တစ်ယောက်တစ်လေမျှ မဆုံးရှုံးဘဲ နောက်ဆုံး ယူကရိန်းနိုင်ငံသားတစ်ယောက်ကျန်တဲ့ထိ ပဋိပက္ခကိုတိုက်ခိုက်မဲ့သဘောဖြစ်ပါတယ်"ဟု ပက်စကော့ဗ်က သတင်းထောက်များကို စက်တင်ဘာ ၆ ရက်တွင်တွင် ပြောကြားခဲ့သည်။

အမေရိကန်၏ စစ်ဘက်ဆိုင်ရာထောက်ပံ့မှုများသည် အိမ်နီးချင်းနိုင်ငံ၌ ရုရှား၏ စစ်ရေးလှုပ်ရှားမှုကိုပြောင်းလဲစေမည်မဟုတ်ကြောင်း ပက်စကော့ဗ်က ဆက်လက်ပြောကြားခဲ့သည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး Antony Blinken သည် ဇွန်လအစောပိုင်းတွင် ယူကရိန်း၏ တန်ပြန်ထိုးစစ်စတင်ချိန်မှစ၍ ပထမဆုံးခရီးစဉ်အဖြစ် စက်တင်ဘာ ၆ ရက်တွင် ကြေညာခြင်းမရှိဘဲ ယူကရိန်းနိုင်ငံသို့ ရောက်ရှိခဲ့သည်။

"ယူကရိန်းကို တန်ပြန်ထိုးစစ်မှာ အောင်မြင်ရုံသာမက ရေရှည်မှာအောင်မြင်ဖို့ လိုအပ်တဲ့အရာတွေ ထောက်ပံ့ပေးမှာဖြစ်တယ်ဆိုတာ အာမခံချင်ပါတယ်"ဟု Antony Blinken က ပြောကြားခဲ့သည်။

**US forcing 'fight to last Ukrainian' – Kremlin ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဒေသထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားဖြင့် ကြည့်ရှုလေ့လာစဉ်။

**NCA စာချုပ်ကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမှ အသိသက်သေများ၊ ပြည်တွင်းအသိသက်သေများရှေ့မှောက်တွင် ခမ်းနားထည်ဝါစွာ လက်မှတ်ရေးထိုးခဲ့ကြ . . .**

**Union Accord အဖြစ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးထားသည့် သမိုင်းဝင်စာချုပ်ဖြစ်ပြီး မည်သည့်အချိန်မှ ပျက်ပြယ်မှုမရှိ တည်ရှိနေမည့်စာချုပ်ဖြစ် . . .**

၂ ရှေ့ဖုံးမှအဆက်

ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဦးအောင်နိုင်ဦး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME)လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို တစ်ဦးချင်းတင်ပြဆွေးနွေး**

ဦးစွာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းမြောက်)ဥက္ကဋ္ဌ ဦးမျိုးကျော်က ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ နယ်မြေဒေသအခြေအနေများ၊ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ One Region One Product လုပ်ငန်းများဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ မွေးမြူရေးဇုန်များအလိုက် လုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ ဒေသတွင်း လမ်း၊ တံတားများအား ဘဏ္ဍာနှစ်အလိုက် အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိမှု၊ ဆည်နှင့်ကန်များတည်ရှိမှုနှင့် ရေလုံလောက်စွာရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ကျန်းမာရေးကဏ္ဍ၊ အားကစားကဏ္ဍ၊ ပညာရေးကဏ္ဍများမြှင့်တင်ရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ တက္ကသိုလ်များ၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ တက်ရောက် ပညာသင်ကြားလျက်ရှိမှု၊ MSME လုပ်ငန်းများဖြင့် ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ ကုန်ထုတ်လုပ်ငန်းများကို အထောက်အကူပြုစေမည့်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့် မတည်ထောက်ပံ့ငွေများကို ကုန်ထုတ်လုပ်ငန်းများတိုးတက်စေရေး ထုတ်ချေးပေးထားလျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ရှမ်းပြည်နယ်ဆိုင်ရာအချက်အလက်များ၊ ရှမ်းပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများ၊ ပြည်နယ်အတွင်း စက်မှုဇုန်များနှင့် စက်မှုရပ်ကွက်များတည်ထောင်၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ပြည်ပသို့ ပို့ကုန်များ တင်ပို့ဆောင်ရွက်နိုင်မှု၊ MSME စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများ ပို့ချဆောင်ရွက်လျက်ရှိမှုနှင့် MSME ပြပွဲများ ပြုလုပ်ဆောင်ရွက်မှု၊ ရှမ်းပြည်နယ် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုးကန့်နှင့် ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့အတွင်း စိုက်ပျိုးမွေးမြူရေးနှင့် အခြားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေများ ထုတ်ပေးထားရှိမှုနှင့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များဖြစ်ကြသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဇော်မြင့်ထွေး၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဇော်ဇော်၊ လက်ဖက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမောင်မောင်ဦး၊ မြန်မာနိုင်ငံကော်ဖီအသင်းအဖွဲ့ဝင် ဦးအောင်လှိုင်ဖြိုးနှင့် တက်ရောက်လာကြသူများက ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ထွက်ရှိသည့် ဒေသထုတ်ကုန်များကို အဆင့်မြင့်ထုတ်ကုန်များဖြစ်စေရေး ဆောင်ရွက်လျက်ရှိမှု၊ နယ်စပ်ကုန်သွယ်မှုများတွင် လွယ်ကူလျင်မြန်ချောမွေ့မှုရှိစေရေး ဆောင်ရွက်လျက်ရှိမှု၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟိုတယ်ဆိုင်ရာ အခြေခံသင်တန်းများဖွင့်လှစ်ပေးလျက်ရှိမှု၊ နယ်စပ်ဂိတ်များမှတစ်ဆင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှု၊ ဒေသတွင်း ထွက်ရှိသည့် လက်ဖက်ထုတ်ကုန်ပစ္စည်းများကို အရည်အသွေးမြင့် ထုတ်ကုန်များဖြစ်စေရေးနှင့် ဈေးကောင်းရရှိရေး ဆောင်ရွက်လျက်ရှိမှု၊ နောင်ချိုဒေသ၏ အဓိကစိုက်ပျိုးသီးနှံဖြစ်သည့် ကော်ဖီသီးနှံစိုက်ပျိုးထားရှိမှု၊ ထွက်ရှိမှုနှင့် ပြည်တွင်း၊ ပြည်ပသို့ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်ရောင်းချလျက်ရှိမှုနှင့် ဒေသတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားလိုအပ်သည်များကို အသီးသီး တင်ပြဆွေးနွေးကြသည်။

**ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး**

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်း ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဦးတည်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်၍ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးနှင့် အခြားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမတည်ချေးငွေများ ထုတ်ချေးပေးလျက်ရှိမှု၊ အခြားလိုအပ်သည်များကို အားပေးဆောင်ရွက်လျက်ရှိမှု၊ ဆန်၊ ဆီနှင့် အခြေခံစားကုန်ဈေးနှုန်းများ တည်ငြိမ်မှုရှိစေရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်သူအားလုံးကလည်း အားလုံးပူးပေါင်းဆောင်ရွက်ပေးကြရန်လိုအပ်မှု၊ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ သီးထပ်စွမ်းအားများ မြှင့်တင်နိုင်ရေးအတွက် လိုအပ်သည်များကို သက်ဆိုင်ရာဝန်ကြီးဌာနများက အလေးထားအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသဖြင့် မိမိတို့ဒေသများရှိ ဦးစီးဌာနများမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်မှု၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်နေပြည်သူလူထုတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဝင်ငွေတိုးပွားစေရေးတို့အတွက် သမဝါယမအသင်းအဖွဲ့များ စုဖွဲ့၍ လိုအပ်သည့် သွင်းအားစုများ၊ နည်းပညာ၊ စက်ကိရိယာနှင့် အရင်းအနှီးများ ကူညီဆောင်ရွက်ပေးလျက်ရှိမှုနှင့် ထွက်ရှိလာသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ဈေးကွက်ရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိမှု၊ သစ်အချောထည်ပစ္စည်းများကို နယ်စပ်ကုန်သွယ်မှုမှတစ်ဆင့် တင်ပို့လိုခြင်းအပေါ် လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြဆောင်ရွက်သွားရန်လိုအပ်မှု၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသတွင် ဆောက်လုပ်ရေး လုပ်ငန်းများအတွက် လိုအပ်သည့် ဘိလပ်မြေထုတ်လုပ်နိုင်မည့် အရင်းအမြစ်များစွာရှိသည့်အတွက် ပြည်တွင်းလိုအပ်ချက်ပြည့်မီနိုင်ရေး တိုးမြှင့်ထုတ်လုပ်သွားရန်လိုအပ်မှု၊ နိုင်ငံတကာကုန်သွယ်မှုစနစ်များ တိုးတက်မြင့်မားလာမှု၊ နယ်စပ်ကုန်သွယ်မှုများ လျင်မြန်ချောမွေ့စေရေးအတွက် ယွမ်-ကျပ် ကုန်သွယ်မှုများကို ခွင့်ပြုဆောင်ရွက်ပေးထားရှိမှု၊ တရားမဝင်ကုန်သွယ်မှုများသည် ပြည်တွင်းစီးပွားရေးလုပ်ငန်းများနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာထိခိုက်စေနိုင်သည့်အတွက် လုပ်ငန်းရှင်များအားလုံး ဝိုင်းဝန်းတိုက်ဖျက်ဆောင်ရွက်သွားကြရန်လိုအပ်မှု၊ ပို့ကုန်ပစ္စည်းများတင်ပို့ရာတွင်လည်း တရားမဝင်ကုန်သွယ်မှုများမရှိစေရေး QR Code စနစ်ဖြင့် လိုင်စင်များထုတ်ပေးလျက်ရှိပြီး ကုန်စည်စီးဆင်းမှုများ လွယ်ကူလျင်မြန်စေရေး စိစစ်ဆောင်ရွက်လျက်ရှိသဖြင့် ပို့ကုန်လုပ်ငန်းဆောင်ရွက်သူများအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ မှန်မှန်ကန်ကန် လိုက်နာဆောင်ရွက်ရန်လိုအပ်မှုတို့နှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရှမ်းပြည်နယ်အတွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဒေသခံတိုင်းရင်းသားပြည်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ တင်ပြချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အမြဲမပြတ် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိမှု၊ ယနေ့အခမ်းအနားတွင်ပါဝင်သည့် တင်ပြချက်များအပေါ် ပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်ပေးနိုင်သည်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများသို့ တင်ပြဆောင်ရွက်သွားရန်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဒေသထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားဖြင့် ကြည့်ရှုလေ့လာစဉ်။

**စာမျက်နှာ ၁၉ သို့**

စာမျက်နှာ ၁၈ မှအဆက်

လိုအပ်သည်များကိုလည်း အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်သည့် အခြေအနေများကို ဆွေးနွေးပြောကြားသည်။

## MSME စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် နိုင်ငံတစ်ဝန်းလုံးရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့သွားရောက်၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်လျက်ရှိရာ ယနေ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းသည် ၂၃ ကြိမ်မြောက်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား ကုန်ထုတ်လုပ်ခြင်းများ တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသတွင်းမှ ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကိုအခြေခံ၍ MSME လုပ်ငန်းများဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်းသည် နိုင်ငံစီးပွားရေးကို တိုးတက်စေမည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

**ဒီမိုကရေစီလမ်းကြောင်းပေါ်၌လျှောက်လှမ်းရာတွင် တည်ငြိမ်အေးချမ်းမှုရှိရန် အဓိကလိုအပ်သည့်အတွက် တည်ငြိမ်အေးချမ်းမှုရှိရေးကို မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဒေသခံပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ . . .**

## နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ၊ ဘာသာရေးအရ သဘောထားကွဲလွဲမှုတို့ကြောင့် ပေါ်ပေါက်လာခဲ့သော လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ငြိမ်းချမ်းမှုရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

လာမည့် အောက်တိုဘာ ၁၅ ရက်သည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ချုပ်ဆိုမှု ရှစ်နှစ်မြောက်နှစ်ပတ်လည်နေ့ဖြစ်ကြောင်း၊ ယခင်က အကြောင်းအမျိုးမျိုးကြောင့် ငြိမ်းချမ်းရေးနှစ်ပတ်လည်နေ့ကို ကျင်းပပြုလုပ်နိုင်ခဲ့ခြင်းမရှိကြောင်း၊ ယခုနှစ်တွင် အဆိုပါအခမ်းအနားကို အဓိပ္ပာယ်လေးနက်စွာဖြင့် ကျင်းပပြုလုပ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၌ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်နေခြင်းကို သုံးသပ်ကြည့်မည်ဆိုပါက နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများ၊ တိုင်းရင်းသားရေးအရ သဘောထားကွဲလွဲမှုများ၊ ဘာသာရေးအရ သဘောထားကွဲလွဲမှုများ စသည်တို့ကြောင့် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း။

နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများနှင့်ပတ်သက်၍ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံနှင့် နိုင်ငံရေးစနစ်များ တူညီမှုမရှိကြကြောင်း၊ မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးရရှိပြီးကာလတွင် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ကြောင်း၊ လွတ်လပ်ရေး ကြိုးပမ်းခဲ့စဉ်ကတည်းက လွတ်လပ်ရေးသည်ပထမ၊ ဒီမိုကရေစီရေးသည်ဒုတိယ၊ ဆိုရှယ်လစ်ရေးသည်တတိယ ဟူ၍ ကြွေးကြော်ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ လွတ်လပ်ရေးမရမီကာလနှင့် လွတ်လပ်ရေးရပြီးကာလတွင် ဆိုရှယ်လစ်စနစ်နှင့် အရင်းရှင်စနစ်တို့၏အားပြိုင်ခဲ့မှု၊ အယူဝါဒကွဲပြားမှုများကြောင့် ၁၉၄၈ ခုနှစ် မတ်လတွင် ကွန်မြူနစ်ပါတီတောခိုခဲ့ကြောင်း၊ ထို့နောက် KNDO ကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပေါ်ပေါက်လာခဲ့ကြောင်း၊ ၁၉၆၂ ခုနှစ် မှ ၁၉၈၈ ခုနှစ်ထိ တော်လှန်ရေးကောင်စီနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီတို့က အုပ်ချုပ်ဆောင်ရွက်ခဲ့ပြီး စီမံခန့်ခွဲမှုအားနည်းချက်တို့ကြောင့် စီးပွားရေးကျဆင်းခဲ့ကာ ၁၉၈၈ ခုနှစ် အရေးအခင်းဖြစ်ပေါ်လာခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ်အရေးအခင်းကို ဒီမိုကရေစီတောင်းဆိုသည့် ဖြစ်စဉ်တစ်ခုအဖြစ်သာ ယေဘုယျသဘောထားကြသော်လည်း ၎င်းနောက်ကွယ်၌ ဖြစ်ပွားရသည့်အကြောင်းရင်းများစွာရှိသည်ကို လေ့လာတွေ့ရှိနိုင်ကြောင်း၊ ဆိုရှယ်လစ်စနစ်ကို မကြိုက်နှစ်သက်ခြင်းကြောင့် ပါတီစုံဒီမိုကရေစီစနစ်ကို တောင်းဆိုခဲ့ကြကြောင်း၊ ၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရတက်လာခဲ့ပြီး ပြည်သူလူထု၏ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်သွားနိုင်ရေး ဦးတည်ဆောင်ရွက်ခဲ့ကြောင်း၊ ဒီမိုကရေစီစနစ်ကိုကျင့်သုံးနိုင်ရေး ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်ရေး ဆောင်ရွက်ခဲ့ရကြောင်း၊ တိုင်းရင်းသားပြည်သူလူထုနှင့် အလွှာပေါင်းစုံမှ အစုအဖွဲ့များပါဝင်သော အမျိုးသားညီလာခံ၌ အချေအတင်ဆွေးနွေးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၈ ခုနှစ်၌ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုနိုင်ခဲ့ကြောင်း။

မိမိတို့နိုင်ငံတွင် ကျင့်သုံးခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေများကို ကြည့်မည်ဆိုပါက လွတ်လပ်ရေးရပြီးနောက် ၁၉၄၇ ခုနှစ်တွင် တိုင်းပြုပြည်ပြုလွှတ်တော်က အတည်ပြုရေးဆွဲခဲ့သည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (၁၉၄၇ ခုနှစ်)သည် ပြည်သူလူထုတစ်ရပ်လုံး မဲပေးအတည်ပြုခဲ့သည့်ဥပဒေမဟုတ်ဘဲ တိုင်းပြုပြည်ပြုလွှတ်တော်က အချို့သောပညာရှင်များ၏ အကြံဉာဏ်များရယူကာ ရေးဆွဲအတည်ပြုခဲ့သည့် ဥပဒေဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၇၄ ခုနှစ်)သည် မူကြမ်းသုံးကြိမ်ထိရေးဆွဲ၍ ပြည်သူလူထုအားချပြပြီးမှ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲပြုလုပ်၍ အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)သည်လည်း ပြည်လုံးကျွတ် ဆန္ဒခံယူပွဲပြုလုပ်၍ အတည်ပြုခဲ့ခြင်းဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို လေ့လာကြည့်ပါက ဖက်ဒရယ်ဟု တိုက်ရိုက်သုံးစွဲထားခြင်းမရှိသော်လည်း အာဏာကို ခွဲဝေကျင့်သုံးသည့် ဖက်ဒရယ်၏ လုပ်ထုံးလုပ်နည်းများပါပြီးဖြစ်သည်ကို လေ့လာသိရှိနိုင်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ကျေးလက်ကိုအခြေခံပြီး ကျေးလက်ကိုပေါင်းစည်း၍ မြို့နယ်၊ မြို့နယ်မှ ခရိုင်၊ ခရိုင်မှ တိုင်းဒေသကြီးနှင့်ပြည်နယ်ဖြစ်လာပြီး ထိုမှတစ်ဆင့် ပြည်ထောင်စုဖြစ်လာကြောင်း၊ ထိုအတွင်းမှ တူညီသည့် တိုင်းရင်းသားများပြားသည့် ဒေသများ၌ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ တိုင်းများအဖြစ် ဖွဲ့စည်းဆောင်ရွက်ပေးထားခြင်းဖြစ်ကြောင်း။

ယခုအခါတွင် မိမိတို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းလျက်ရှိပြီး နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ၊ ဘာသာရေးအရ သဘောထားကွဲလွဲမှုများမဖြစ်သင့်တော့ဘဲ ငြိမ်းချမ်းစွာဖြင့် ဒီမိုကရေစီနှင့် လွှတ်တော်လမ်းကြောင်းပေါ်သို့ရောက်ရှိနိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ NCA စာချုပ်ကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမှ အသိသက်သေများ၊ ပြည်တွင်းအသိသက်သေများ ရှေ့မှောက်တွင် ခမ်းနားထည်ဝါစွာ လက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ Union Accord အဖြစ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးထားသည့် သမိုင်းဝင်စာချုပ်ဖြစ်ပြီး မည်သည့်အချိန်မှ ပျက်ပြယ်မှုမရှိ တည်ရှိနေမည့်စာချုပ်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ NCA စာချုပ်အပေါ်တွင်သာ ခိုင်ခိုင်မာမာရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လာမည့် **အောက်တိုဘာ ၁၅ ရက်တွင်ကျရောက်မည့် ရှစ်နှစ်မြောက် NCA နှစ်ပတ်လည်နေ့အခမ်းအနားကိုလည်း လက်တွေ့ကျကျ၊ အဓိပ္ပာယ်ရှိရှိ အလေးအနက်ထား၍ စီစဉ်ကျင်းပသွားမည်ဖြစ်**ပြီး မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်မှုရရှိစေရေး ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

## လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိ

တပ်မတော်အနေဖြင့် ပြည်သူလူထုလိုလားသော စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို မရရအောင် ဖော်ဆောင်ပေးခဲ့ကြောင်း၊ ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲနှင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲများတွင် အနိုင်ရပါတီများ အစိုးရဖွဲ့နိုင်ရေး တပ်မတော်အနေဖြင့် လက်တွဲညီညီ အပြည့်အဝပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနောက်ပိုင်းတွင် နိုင်ငံရေးအရအသုံးချ၍ မရိုးမသားဆောင်ရွက်မှုများကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်တို့တွင် အသုံးချခြင်းများ လုပ်ဆောင်လာခဲ့သည်ကို တွေ့ခဲ့ရကြောင်း၊ အုပ်ချုပ်ရေးပိုင်း၊ စီးပွားရေးပိုင်းတို့တွင် အားနည်းချက်များဖြစ်ပေါ်ခဲ့ပြီး ယဉ်ကျေးမှုပိုင်းဆိုင်ရာတွင်လည်း မြန်မာ့ထုံးတမ်းစဉ်လာနှင့်မကိုက်ညီသည့် ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ကာ စည်းလုံးညီညွတ်မှုများပျက်ပြားခဲ့ရကြောင်း၊ တပ်မတော်အနေဖြင့် ရွေးကောက်ပွဲနှင့်ပတ်သက်၍ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန် လိုအပ်သည်ဟု ပြောကြားခဲ့ကြောင်း၊ ၎င်းတို့၏ လုပ်ဆောင်မှုများအရ ထောက်ခံမှုများကျဆင်းလာခဲ့ရာ ရွေးကောက်ပွဲတွင် မရိုးမသားသည့်နည်းလမ်းများဖြင့် အနိုင်ရရှိရေး ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ မဲစာရင်းကွဲလွဲမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် တပ်မတော်က ပြောကြားခဲ့သော်လည်း ဆောင်ရွက်ပေးခြင်းမရှိသဖြင့် တပ်မတော်က နိုင်ငံတော်၏ တာဝန်များကို ဥပဒေနှင့်အညီ ဝင်ရောက်ထိန်းသိမ်းဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းခိုင်မာရေးကိုသာ အဓိကဆောင်ရွက်လျက်ရှိကြောင်း။

လက်ရှိအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးကို ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေး မဲစာရင်းအခြေခံအချက်အလက်များ မှန်မှန်ကန်ကန်ဖြစ်အောင် ပြန်လည်ပြုစုရမည်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူ၍ ရွေးကောက်ပွဲကို အစောဆုံးကာလတွင် ပြန်လည်ကျင်းပနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းရာတွင် တည်ငြိမ်အေးချမ်းမှုရှိရန် အဓိကလိုအပ်သည့်အတွက် တည်ငြိမ်အေးချမ်းမှုရှိရေးကို မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဒေသခံပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသတွင် တည်ငြိမ်အေးချမ်းမှုရှိစေရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက်လည်း အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း။

## ဒေသတစ်ခုချင်းစီအလိုက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးကို မြှင့်တင်နိုင်မည်

မိမိတို့နိုင်ငံသည် ခေတ်အဆက်ဆက် အားနည်းချက်များရှိခဲ့ခြင်းကြောင့် စီးပွားရေးနှင့်ပတ်သက်၍ အားနည်းချက်များရှိခဲ့ပြီး အခြားတိုင်းပြည်များထက် တိုးတက်မှုနှုန်းနည်းပါးသည်ကို တွေ့ရကြောင်း၊ နိုင်ငံ့စီးပွားရေးတိုးတက်မှု နည်းပါးခြင်းကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အပြည့်အဝအကောင်အထည်ဖော်နိုင်ခြင်းမရှိကြောင်း၊ မိမိတို့နိုင်ငံ၏ GDP မှာ ဒေသတွင်းနိုင်ငံများထက် နည်းပါးလျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ပြည်တွင်းကုန်ထုတ်လုပ်မှု လုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ GDP များ တိုးတက်လာမည်ဖြစ်၍ MSME လုပ်ငန်းများကို မိမိတို့အနေဖြင့် အားပေးမြှင့်တင်နေခြင်းဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ကုန်ပစ္စည်းများ ဈေးနှုန်းကြီးမြင့်မှုမရှိစေရေး စားသုံးမှုနှင့် ထုတ်လုပ်မှုများ မျှတမှုရှိစေရေးအတွက် ဆောင်ရွက်ရန်လိုကြောင်း၊ စားသုံးဆီဈေးနှုန်းများ ကြီးမြင့်ခဲ့မှုနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် ကြပ်မတ်စီမံဆောင်ရွက်ခဲ့သော်လည်း ဝိသမလောဘသားများ၏ မတော်လောဘစိတ်များဖြင့် ဆောင်ရွက်ခဲ့ခြင်းကြောင့် ထိုက်သင့်သည့်ဈေးထက် မြင့်မားခဲ့သည်ကို တွေ့ရှိရကြောင်း၊ **စာမျက်နှာ ၂၀ သို့**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဒေသခံတိုင်းရင်းသားပြည်သူများက ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လားရှိုးလေဆိပ်လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။**

**စာမျက်နှာ ၁၉ မှအဆက်**

ယခုအခါ ထိုက်သင့်သည့် အရေးယူမှုများကို ဆောင်ရွက်ခဲ့သဖြင့် ဈေးနှုန်းများ ပြန်လည် ကျဆင်းလာခဲ့ကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်၍ အသားထုတ်လုပ်မှုမှ အေးခဲအသားများကို အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ကြောင်း၊ မွေးမြူရေးလုပ်ငန်းအတွက်လိုအပ်သည့် အစာကုန်ကြမ်းများကိုလည်း ဒေသတွင်း၌ရရှိနိုင်ကြောင်း၊ ကုန်ထုတ်လုပ်မှုများကို တိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းဖြင့် တစ်ဦးချင်း စီးပွားရေးတိုးတက်မှုမှ ဒေသစီးပွားရေးတိုးတက်မှုကို ဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ ဒေသတွင် အောင်မြင်ဖြစ်ထွန်းသည့်ကော်ဖီနှင့် လက်ဖက်များကို အဓိကစိုက်ပျိုးကြသည်ကိုတွေ့ရှိရပြီး ကော်ဖီနှင့်လက်ဖက်သည် နိုင်ငံတကာဈေးကွက်လိုအပ်ချက်ရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် နည်းစနစ်ကျနပြီး အရည်အသွေးပြည့်မီသည့် ကော်ဖီနှင့် လက်ဖက်ထုတ်ကုန် ထုတ်လုပ်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားကြရန်လိုကြောင်း။

စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်အတွက် ကျွမ်းကျင်လုပ်သား လူသားအရင်းအမြစ်များလိုအပ်ကြောင်း၊ ထို့ကြောင့် အတန်းပညာများ မြင့်မားစေရေး ပညာရေးကို အားပေးဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးနှင့် နည်းပညာအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ထိုမှတစ်ဆင့် သက်ဆိုင်ရာဘာသာရပ်အလိုက် ထူးချွန်သူများကို တက္ကသိုလ်၊ ကောလိပ်များ၌ ဆက်လက်ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှု လျှင်မြန်ချောမွေ့ပြီး ကုန်စည်စီးဆင်းမှုများ လွယ်ကူလျှင်မြန်မှုရှိမှသာလျှင်လည်း ဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် **ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသအတွင်း ပို့ဆောင်ဆက်သွယ်မှုများ ပိုမိုကောင်းမွန်လာစေရေးအတွက် လားရှိုးလေဆိပ် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ**ကြောင်း၊ **လားရှိုး–မန္တလေးရထားလမ်း ပြန်လည်ပြေးဆွဲနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိသကဲ့သို့ လားရှိုး–မူဆယ်၊ လားရှိုး–ချင်းရွှေဟော် ရထားလမ်း ဖောက်လုပ်နိုင်ရေးအတွက်လည်း စီမံဆောင်ရွက်လျက်ရှိ**ကြောင်း၊ **လက်ရှိကားလမ်းကိုလည်း လေးလမ်းသွားအဖြစ် အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍လည်း ခြောက်လမ်းသွားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်**ကြောင်း၊ ကူးလူးဆက်သွယ်သွားလာမှုများ အဆင်ပြေချောမွေ့လာမည်ဆိုပါက ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဒေသတစ်ခုချင်းစီအလိုက် ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသသည် ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်သည့်သဘာဝရေမြေတောတောင်အလှအပများနှင့် အရင်းအမြစ်များစွာရှိပြီးဖြစ်သည့် ဒေသဖြစ်ကြောင်း၊ ဂုတ်ထိပ်တံတားနှင့် တောတောင်ရေမြေသဘာဝအလှများသည် ခရီးသွားများကို ဆွဲဆောင်နေသည့် နေရာတစ်ခုဖြစ်ကြောင်း၊ မိမိတို့ဒေသအတွင်း သာယာလှပရေး၊ သန့်ရှင်းသပ်ရပ်ပြီး မျက်စိပသာဒဖြစ်ဖွယ်ရှိစေရေးအတွက် အားလုံးဝိုင်းဝန်း ဆောင်ရွက်သွားမည်ဆိုပါက ခရီးသွားများကို ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း၊ ဒေသထွက်အစားအစာများ အရည်အသွေးကောင်းမွန်ရေး၊ တည်းခိုနေထိုင်ရေး၊ သွားလာရေးများကို ကောင်းမွန်အောင်ဆောင်ရွက်ပြီး ကောင်းမွန်သည့်ဝန်ဆောင်မှုကို ပေးနိုင်မှသာလျှင် ပြည်တွင်းပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်မည်ဖြစ်ပြီး ဒေသတွင်းသို့ ခရီးသွားများ လာရောက်ခြင်းဖြင့် ဒေသ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်သည့်အတွက် ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

မိမိတို့အနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းနေသည်နှင့်အညီ ဥပဒေပညာနှင့်ပတ်သက်၍ သိရှိနားလည်ရန်လိုအပ်သဖြင့် တက္ကသိုလ်များ၌ ဥပဒေဘာသာရပ်များနှင့် စီးပွားရေးဘာသာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း၊ အဆိုပါ ပညာရပ်များနှင့်ပတ်သက်၍ ပြန်လည်မျှဝေပေးမည်ဆိုပါက အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း၊ ယခုကဲ့သို့ လာရောက်တွေ့ဆုံချိန်တွင် ပြည်ထောင်စုဝန်ကြီးများအနေဖြင့် ထိုက်သင့်သည့် ဆွေးနွေးမှုများကို ဆောင်ရွက်ပေးသကဲ့သို့ မိမိအနေဖြင့်လည်း နိုင်ငံ့အရေး၊ နိုင်ငံ့စီးပွားတိုးတက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ကြောင်း၊ မိမိတို့ ဆွေးနွေးပြောကြားခဲ့သည့် အကြောင်းအရာများကို ပြန်လည် တွေးခေါ်သုံးသပ်၍ မိမိတို့ဒေသနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် ဝိုင်းဝန်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

### ဒေသထုတ်ကုန်ပစ္စည်း ခင်းကျင်းထားရှိမှုကို ကြည့်ရှုအားပေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့် သယံဇာတတွင်းထွက်ထုတ်ကုန်များ၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ ရိုးရာလက်မှုထုတ်ကုန်များ၊ အဝတ်အထည်များ၊ တိုင်းရင်းဆေးများ စသည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားဖြင့်လေ့လာခဲ့ပြီး ဈေးကွက်ရရှိမှုအခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် စီးပွားရေးလုပ်ငန်းရှင်များက လိုက်လံရှင်းလင်းတင်ပြခဲ့ကြသည်။

### လားရှိုးလေဆိပ် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး

ထို့ပြင် ယနေ့နံနက်ပိုင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လားရှိုးလေဆိပ် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန် ရည်ရွယ်၍ ရေရှည်ကိုမြော်တွေးကာ ယခုကဲ့သို့ လေယာဉ်ပြေးလမ်းအား ဂျက်လေယာဉ်များဆင်းသက်နိုင်သည့် ပြေးလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ခြင်းဖြစ်သဖြင့် လုပ်ငန်းဆောင်ရွက်မှုများကို အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်းပြီးစီးနိုင်ရေး ကြပ်မတ်ဆောင်ရွက်ကြရန်နှင့် အခြားလိုအပ်သည်များကို မှာကြားခဲ့ပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

> **ကုန်ထုတ်လုပ်မှုများကို တိုးတက်အောင်ဆောင်ရွက်နိုင်ခြင်းဖြင့် တစ်ဦးချင်း စီးပွားရေးတိုးတက်မှုမှ ဒေသစီးပွားရေးတိုးတက်မှုကို ဖြစ်စေနိုင်မည်ဖြစ်၊ ဒေသတွင် အောင်မြင်ဖြစ်ထွန်းသည့် ကော်ဖီနှင့် လက်ဖက်များကို အဓိကစိုက်ပျိုးကြသည်ကိုတွေ့ရှိရပြီး ကော်ဖီနှင့် လက်ဖက်သည် နိုင်ငံတကာဈေးကွက်လိုအပ်ချက်ရှိပြီးဖြစ်. . .**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား လားရှိုးလေဆိပ်လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။**

---

**စာမျက်နှာ ၁၇ မှအဆက်**

လိုအပ်ကြောင်းဖြင့်မှာကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များကို မေးမြန်း၍ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကိုပေးအပ်ရာ တိုင်းမှူးကလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တိုင်းမှူး၏ဇနီးကလည်းကောင်း အသီးသီး လက်ခံရယူကြသည်။ တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်မိသားစုများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။ ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် လားရှိုးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ကျန်းမာရေးအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားကာ လက်ဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

# ၂၀၂၆ ခုနှစ်တွင် မြန်မာနိုင်ငံမှ အာဆီယံဥက္ကဋ္ဌတာဝန်ကို ဖိလစ်ပိုင်နိုင်ငံသို့ လွှဲပြောင်းသည့်ကိစ္စဆိုင်ရာ ရှင်းလင်းချက်

အာဆီယံပဋိညာဉ်စာတမ်း စာပိုဒ်(၃၁)အရ အာဆီယံဥက္ကဋ္ဌတာဝန်ကို အဖွဲ့ဝင်နိုင်ငံများ၏ အင်္ဂလိပ်ဘာသာဖြင့် နိုင်ငံအမည် အက္ခရာစဉ်အလိုက် အဖွဲ့ဝင်နိုင်ငံများက နှစ်စဉ်အလှည့်ကျတာဝန်ယူ ထမ်းဆောင်ရမည်ဟု ဖော်ပြထားပါသည်။ အဆိုပါမူအရ မြန်မာနိုင်ငံသည် ၂၀၂၆ ခုနှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ကို ရယူဆောင်ရွက်ရမည် ဖြစ်ပါသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အလှည့်ကျဥက္ကဋ္ဌ တာဝန်ရယူရန်အတွက် အချိန်အနည်းဆုံးနှစ်နှစ် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ကြပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံသည် ၂၀၂၆ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌတာဝန်ယူမည့်ကိစ္စနှင့်ပတ်သက်၍ လက်ရှိအချိန်တွင် ရွေ့လုပ်ငန်းစဉ် (၅)ရပ်နှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် နိုင်ငံတော်ကို တည်ဆောက်နေသည့် ကာလဖြစ်သဖြင့် ၂၀၂၆ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံက အာဆီယံဥက္ကဋ္ဌတာဝန်ယူရန် အဆင်ပြေမှု ရှိ၊မရှိကို ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးထံသို့ မြန်မာဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စာပေးပို့၍ သဘောထားမေးမြန်းခဲ့ပါသည်။ အဆိုပါကိစ္စကို မြန်မာက ၂၀၂၃ ခုနှစ်၏ အာဆီယံဥက္ကဋ္ဌဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံသို့လည်း အသိပေးထားပြီးဖြစ်ပါသည်။

ဖိလစ်ပိုင်နိုင်ငံကလည်း ၂၀၂၆ ခုနှစ်တွင် ၎င်းမှ အာဆီယံဥက္ကဋ္ဌတာဝန်ယူရန် အဆင်ပြေပါကြောင်းနှင့် လက်ရှိ အာဆီယံဥက္ကဋ္ဌနှင့်ကျန်အဖွဲ့ဝင်များကို အသိပေးပြောကြားသွားမည်ဖြစ်ကြောင်း တရားဝင်အကြောင်းပြန်ကြားမှုပြုခဲ့ပါသည်။ ထို့နောက် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးက အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးထံလိပ်မူ၍ ဖိလစ်ပိုင်နိုင်ငံသည် အာဆီယံဥက္ကဋ္ဌတာဝန်ကို ၂၀၂၇ ခုနှစ်အစား ၂၀၂၆ ခုနှစ်တွင် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း၊ အာဆီယံဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နိုင်ငံများ၏ ထောက်ခံမှုရရှိမည်ဟု မျှော်လင့်ပါကြောင်း စာပေးပို့ခဲ့ပါသည်။

(၄၃)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးအပြီး တူညီဆန္ဒငါးချက်အကောင်အထည်ဖော်မှုဆိုင်ရာ အာဆီယံခေါင်းဆောင်များ၏ ပြန်လည်သုံးသပ်ချက်နှင့်ဆုံးဖြတ်ချက်ကို ထုတ်ပြန်ခဲ့ပြီး ယင်းထုတ်ပြန်ချက်၏ စာပိုဒ်(၁၅)တွင် "၂၀၂၆ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ကို ဖိလစ်ပိုင်နိုင်ငံက တာဝန်ယူရန် ဆုံးဖြတ်ခဲ့ကြပြီး အခြားဆုံးဖြတ်ချက်တစ်ရပ် မထွက်ပေါ်မီအချိန်ထိ အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဇယားကို အက္ခရာစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြသည်" ဟုဖော်ပြပါရှိသည်ကို တွေ့ရှိရပါသည်။

ထို့ပြင် အချို့သော နိုင်ငံသတင်းမီဒီယာများ၏ ဖော်ပြချက်များ၌လည်း ၂၀၂၆ ခုနှစ် အာဆီယံဥက္ကဋ္ဌတာဝန်နှင့်ပတ်သက်၍ ဖော်ပြချက်များသည် ၎င်းတို့လိုလားသည့်ပုံစံများဖြင့် အဓိပ္ပာယ်လွဲမှားစွာ ဖော်ပြနေသည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံ၏ အာဆီယံဥက္ကဋ္ဌတာဝန်ယူမှုနှင့်ပတ်သက်၍ သမိုင်းကြောင်း ပြန်ကြည့်ရပါက အာဆီယံပဋိညာဉ်စာတမ်း စာပိုဒ်(၃၁)အရ အာဆီယံဥက္ကဋ္ဌတာဝန်ကို ၂၀၀၆ ခုနှစ်တွင် တာဝန်ယူရမည်ဖြစ်ပါသည်။ သို့သော် ထိုအချိန်အခါက မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် လုပ်ငန်းစဉ် (၇)ရပ်နှင့်အညီ ဒီမိုကရေစီသို့ကူးပြောင်းရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်လျက်ရှိသည့်အတွက်လည်းကောင်း၊ အာဆီယံအဖွဲ့၏ ရည်မှန်းချက်များ အကောင်အထည်ဖော်ရာတွင် အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်စေရန်အတွက် ရှေးရှု၍လည်းကောင်း မြန်မာနိုင်ငံအနေဖြင့် ၂၀၀၆ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူမည့်အခွင့်အရေးကို အနစ်နာခံစွန့်လွှတ်ခဲ့ပါသည်။ ထို့နောက် အာဆီယံဥက္ကဋ္ဌတာဝန်ကို ၂၀၁၆ ခုနှစ်တွင် တာဝန်ယူရမည့်အလှည့်ကိုလည်း မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ်တွင် အထွေထွေရွေးကောက်ပွဲကျင်းပရန်ရှိသည့်အတွက် အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် မလေးရှားနှင့်လာအိုနိုင်ငံတို့နှင့် ညှိနှိုင်းသဘောတူညီချက်အရ ၂၀၁၄ ခုနှစ်တွင် တာဝန်လွှဲပြောင်းယူခဲ့သည့် သာဓကများရှိပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံက မိမိနိုင်ငံ၏ ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များရှိ၍ ၂၀၂၆ ခုနှစ် အာဆီယံဥက္ကဋ္ဌတာဝန်ကို ဖိလစ်ပိုင်နိုင်ငံသို့ သဘောထားမေးမြန်းညှိနှိုင်းမှုပြုလုပ်ခဲ့ပြီး အခြားအဖွဲ့ဝင်နိုင်ငံများသို့ ချပြအသိပေးခြင်း သဘောတူညီမှုရှိခြင်းများဖြင့်လွှဲပြောင်းခဲ့ခြင်းဖြစ်ပါကြောင်း သိသာနိုင်ပါရန် ရှင်းလင်းဖော်ပြအပ်ပါသည်။

| Year | Chair |
|---|---|
| 2020 | Vietnam |
| 2019 | Thailand |
| 2018 | Singapore |
| 2017 | Philippines |
| 2016 | Lao PDR |
| 2015 | Malaysia |
| 2014 | Myanmar |
| 2013 | Brunei |
| 2012 | Cambodia |
| 2011 | Indonesia |
| 2010 | Viet Nam |
| 2009 | Thailand |
| 2008 | Thailand |
| 2007 | Singapore |
| 2006 | Philippines |
| 2005 | Malaysia |
| 2004 | Lao PDR |
| 2003 | Indonesia |
| 2002 | Cambodia |
| 2001 | Brunei Darussalam |
| 2000 | Singapore |
| 1999 | Philippines |
| 1998 | Viet Nam |
| 1997 | Malaysia |
| 1996 | Indonesia |
| 1995 | Thailand |
| 1992 | Singapore |
| 1987 | Philippines |
| 1977 | Malaysia |
| 1976 | Indonesia |

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများလှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA-0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့်လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများအသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay၊ OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လွဲလွဲအေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၀၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်မြမြဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## နမ့်စန်မြို့ ဝမ်ပုံကျေးရွာရှိ ဝမ်ပုံဆည်အတွင်း၌ ငါးမျိုးစိတ်စိုက်ထည့်ပွဲ ပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ ဝမ်ပုံကျေးရွာရှိ ဝမ်ပုံဆည်အတွင်း၌ ငါးမျိုးစိတ်စိုက်ထည့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံ တိုင်းရင်းသားများကို ငါးမျိုးစိတ်များ အသီးသီးပေးအပ်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဝမ်ပုံဆည်အတွင်းသို့ ငါးမျိုးစိတ်စိုက်ထည့်ကြသည်။

အဆိုပါ ဆည်အတွင်းသို့ ငါးမြစ်ချင်း အကောင်၂၀၀၀၀၊ မြက်စားငါးအကောင် ၂၀၀၀၀၊ ရွှေဝါငါးကြင်း အကောင်၂၀၀၀၀၊ ငါးကြင်းဖြူအကောင် ၂၀၀၀၀၊ ငါးခုံးမ အကောင် ၂၀၀၀၀၊ မျက်စိနီငါးကြင်း ဒေသခံ အကောင် ၂၀၀၀၀၊ ငါးဖိန်းအကောင် ၂၀၀၀၀၊ ငွေရောင်ငါးကြင်း အကောင် ၂၀၀၀၀၊ ငါးတိုင်းခေါင်းပွ အကောင် ၂၀၀၀၀ စုစုပေါင်းအကောင် ၁၈၀၀၀၀ တို့ကို ငါးမျိုးစိတ်စိုက်ထည့်ခဲ့ကြကြောင်း သတင်းရရှိသည်။



**အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက ငါးမျိုးစိုက်ထည့်ပေးစဉ်။**




ရုရှားဖက်ဒရေးရှင်းနိုင်ငံက မိုခါဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပစဉ်။

☆ ကျောဖုံးမှအဆက်

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံက မိုခါဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲကို နံနက် ၉ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် ဧည့်ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ ကောင်စစ်ဝန် Mr. Andrei Lunak နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး သဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ ကောင်စစ်ဝန် Mr. Andrei Lunak က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းသိန်းနှင့် ရုရှားနိုင်ငံ EMERCOM မှ Mr. Andrei KHOMENKO တို့က မိုခါဆိုင်ကလုန်းမုန်တိုင်းဘေးသင့်ပြည်သူများအတွက် လူသားချင်းစာနာမှုအကူအညီပစ္စည်းများကို လွှဲပြောင်းလက်ခံ လက်မှတ်ရေးထိုးပြီး လဲလှယ်ကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ ကောင်စစ်ဝန် Mr. Andrei Lunakထံ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး လူသားချင်းစာနာမှု အကူအညီပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။

မိုခါဆိုင်ကလုန်းမုန်တိုင်း ဘေးသင့်ပြည်သူများအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ တင်ဆောင်လာသော အကူအညီပစ္စည်းများတွင် ငါးသေတ္တာဘူး(Preserved Fish) ၁၃ ဒသမ ၉၅ တန်၊ ပါစတာ (Macaronl) ၁၀ ဒသမ ၅ တန်၊ မိုးကာတဲ ၁၀ ဦးဆံ့ ၂၅ လုံး ၂ ဒသမ ၉ တန်၊ မီးစက်(Mobile Electric Power Station) တစ်လုံး ၂ ဒသမ ၈ တန်တို့ဖြစ်ကြောင်း သိရသည်။

မိုခါဆိုင်ကလုန်းမုန်တိုင်း ဘေးသင့်ပြည်သူများအတွက် လူသားချင်းစာနာမှုဆိုင်ရာအကူအညီပစ္စည်းများကို နိုင်ငံတော်အစိုးရအနေဖြင့် ထောက်ပံ့ပေးလျက်ရှိရာတွင် မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေးမူကို လက်ကိုင်ထား၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ ဝန်ကြီးဌာနအသီးသီးတို့နှင့်ချိတ်ဆက်၍ အချိန်နှင့်တစ်ပြေးညီ ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် စက်တင်ဘာ ၉**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ဆီ၊ဆား၊အသား၊ငါး၊ကြက်ဥ၊ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများကိုလည်းကောင်း၊ တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များကိုလည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကိုလည်းကောင်း၊ ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက ဝမ်းသာအားရဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။



ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။

## စက်တင်ဘာ ၉ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦး တွေ့ရှိ

**နေပြည်တော် စက်တင်ဘာ ၉**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၈ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၄၅၃၁ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်သုံးဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၀၇ ရာခိုင်နှုန်းဖြစ်ကြောင်းနှင့် ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာသတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဖြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့်ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီးပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "Than HlaingOo" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ရွာသစ်ရွာနေ သန်းလှိုင်ဦးကို နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် စစ်ကိုင်းနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# မော်လမြိုင်မြို့ ကရင်ရိုးရာ ဝါခေါင်လစုပေါင်းချည်ဖြူပွဲမင်္ဂလာပြုလုပ်



မော်လမြိုင်မြို့ ကရင်ရိုးရာ ဝါခေါင်လ စုပေါင်း ချည်ဖြူပွဲ မင်္ဂလာ ပြုလုပ်စဉ်။

**နေပြည်တော် စက်တင်ဘာ ၉**

မွန်ပြည်နယ် မော်လမြိုင်မြို့ ကရင်ရိုးရာ ဝါခေါင်လ စုပေါင်းချည်ဖြူပွဲ မင်္ဂလာကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါမြို့ရှိ ကွင်းရပ် ရပ်ကွက် ဟုန်စံစီဘုရားကျောင်းရှိ ဟုန်စံစီခန်းမ၌ပြုလုပ်ရာ ပြည်နယ်ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်း နာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဘားလင်းမြို့ ကြိမ်ဖန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ မဟိဿရ အမှူးပြုသော သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးမင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကရင်ရိုးရာ ဝါခေါင်လ စုပေါင်း ချည်ဖြူပွဲ မင်္ဂလာကျင်းပရေးကော်မတီ ဥက္ကဋ္ဌနှင့် ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်းနာယက ဆရာတော်က အဖွင့်သြဝါဒစကား မိန့်ကြားတော်မူပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်းသို့ ရန်ပုံငွေများ ပေးအပ်ရာ တာဝန်ရှိသူများကလက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ယင်းနောက် ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်းမှ တာဝန်ရှိသူတစ်ဦးက ချည်ဖြူပွဲမင်္ဂလာတွင်ပါဝင်သော ပစ္စည်းခုနစ်မျိုး၏ အမည်နှင့်အဓိပ္ပာယ်ကို မြန်မာဘာသာဖြင့် ရှင်းလင်းပြောကြားကာ ကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ထို့နောက် ပြည်နယ် ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ ချည်ဖြူပွဲမင်္ဂလာ ပြုလုပ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# တိုင်းဒေသကြီးမျာ်းနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ ဆေးရုံ၊ ဆေးခန်းများ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၉**

မိမိတို့၏ နေ့စဉ်လူမှုဘဝနေထိုင်ဖြတ်သန်းရာတွင် ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်နေမှသာ ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီးမျက်စိပသာဒဖြစ်ဖွယ်ရာ သန့်ရှင်းသာယာလှပသော မြို့ရွာ Clean City၊ Clean Village များဖြစ်လာမည်ဖြစ်ကာ ကျန်းမာရေးနှင့် ညီညွတ်မျှတမည်ဖြစ်သည့်အတွက် မိမိဒေသ၊ မိမိမြို့ရွာ သန့်ရှင်းသာယာရေးကို ဒေသခံများ၊ ဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေး တာဝန်ရှိသူများက မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့် မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀မြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆မြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်နှင့် ချင်းပြည်နယ် ပလက်ဝမြို့တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၁ မြို့နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်လေး မြို့နယ်တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၀ မြို့နယ်တို့၌လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း



မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့ မြို့နယ်ပြည်သူ့ဆေးရုံ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

ရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်တို့၌လည်းကောင်း ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဆေးရုံ၊ ဆေးခန်းများရှိ ခြင်ခိုအောင်းနိုင်သော ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ဆေးရုံဝင်း အတွင်း၊ အပြင် သန့်ရှင်းရေးဆောင်ရွက်ပေးခြင်းနှင့် ခြင်၊ ယင် ပိုးမွှားများ ပေါက်ဖွားမှုမရှိစေရန် ခြင်ဆေးဖျန်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်လျက်ရှိသည့် လူနာများကို အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

အတူ နိုင်ငံတစ်ဝန်းလုံး၌ တပ်မတော်သားများ၊ ဌာနဆိုင်အဖွဲ့အစည်းများ၊ ဒေသခံပြည်သူအားလုံးတို့က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့ရွာဒေသများ သန့်ရှင်းသာယာလှပရေးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အားတက်သရော ဆောင်ရွက်လျက်ရှိသည့်အပြင် ဆေးရုံ၊ ဆေးခန်းများ၌ ခြင်၊ ယင် ပေါက်ဖွားမှုမရှိစေရေးနှင့် ဆေးရုံတက်ရောက်ကုသနေသော လူနာများကို လေကောင်းလေသန့်ရရှိစေရန် ချုံနွယ်၊ ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ရှစ် မြို့နယ်တို့၌ လည်းကောင်း၊ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ် ၁၉ မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ မြို့နယ် ၁၉ မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ် ကိုး မြို့နယ်တို့၌လည်းကောင်း၊ မွန်ပြည်နယ်အတွင်းရှိ

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား စားသုံးဆီများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေး







တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား စားသုံးဆီများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၉**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားရေးနှင့်သက်သာချောင်ချိမှုများအတွက် အထောက်အကူဖြစ်စေရန် ယနေ့တွင် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းက စားသုံးဆီများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ဝမ်းသာအားရ ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြကြောင်း သတင်းရရှိသည်။

# နမ့်စန်မြို့နှင့် ချမ်းအေးသာစံမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သံဃာတော်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ ဟိုင်းနားကြီးကျေးရွာအုပ်စု တုံမှုံကျေးရွာရှိ ဒေသခံတိုင်းရင်းသားများကို ယနေ့တွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံတိုင်းရင်းသား ပြည်သူဦးရေ ၃၈၀ တို့ကို နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို ဆေးရုံတက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်မှန်ရပ်ကွက် ဓမ္မရဘာသန္တရကောလိပ်စာသင်တိုက်ရှိ သံဃာတော် ၁၆၁ပါးတို့ကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခြင်း၊ ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်း၊ သွေးဖောက်၍ ဆီးချိုသွေးချိုစစ်ဆေးခြင်း၊ သွေးအုပ်စုများ စစ်ဆေးပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ထို့ပြင် သံဃာတော် ၁၇၂ ပါးတို့ကို နယ်မြေခံဆေးကုသရေးအဖွဲ့နှင့် ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများဆောင်ရွက်ပေးပြီး ကျန်းမာရေး အသိပညာပေးဟောပြောမှုများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း လေ့လှော်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၉**

၂၀၂၃ ခုနှစ်ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း လေ့လှော်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ တပ်မတော်(ရေ) လေ့လှော်ရွက်တိုက်အသင်း(အင်းလျားကန်)၌ ပြုလုပ်ရာ အလယ်ပိုင်းရေတပ် ကွပ်ကဲမှုဌာနချုပ်မှူးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်နှင့် တက္ကသိုလ်များ လေ့လှော်အသင်းတို့မှ တာဝန်ရှိသူများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစား ဝါသနာရှင်များ တက်ရောက်ကြသည်။



ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးက ဒိုင်းဆုရရှိသည့် အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးက အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက်ဆုရရှိသူများနှင့် တံခွန်စိုက်ဒိုင်းဆုရရှိသော အမှတ်(၁) ဖျူဟာစစ်ရေယာဉ်စု အသင်းတို့ကို ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးနှင့် အဖွဲ့ဝင်များက တံခွန်စိုက်ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ လေ့လှော်ပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကွပ်ကဲမှုအောက်ရေတပ်စခန်းဌာနချုပ်များမှ ပြိုင်ပွဲဝင်အသင်း ၁၁ သင်းဖြင့် စက်တင်ဘာ ၅ ရက်မှ ယနေ့ ထိပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

# နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၉**

နေပြည်တော်တိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို စက်တင်ဘာ ၈ ရက် ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ပုဗ္ဗသီရိ အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့်အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသောအသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ငါးသင်းဖြင့် စက်တင်ဘာ ၂ ရက်မှ ၈ ရက်ထိ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင် ဒိုင်းဆုရရှိသောအသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

# ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဒိုင်းဆုရရှိသည့် အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။


**နေပြည်တော် စက်တင်ဘာ ၉**

ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲကို စက်တင်ဘာ ၈ ရက် နေ့လယ်ပိုင်းတွင် လှည်းကူးမြို့နယ်ရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကိုဆက်လက် ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက် ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသော အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက တံခွန်စိုက်ဒိုင်းဆုနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ အသီးသီးပေးအပ် ချီးမြှင့်ကြသည်။

အဆိုပါ ပြေးခုန်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် စက်တင်ဘာ ၁ ရက်မှ ၈ ရက်ထိ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

# မောက်အီကျွန်းတောမီးလောင်ကျွမ်းမှုဖြစ်ပွားပြီးတစ်လကြာထိ ပျောက်ဆုံးနေသူ ၆၆ ဦးကို ရှာဖွေနေဆဲဖြစ်



**ဝါရှင်တန် စက်တင်ဘာ ၉**

အမေရိကန်နိုင်ငံ ဟာဝိုင်ရီပြည်နယ် မောက်အီကျွန်းတွင် ပြီးခဲ့သည့် ဩဂုတ် ၈ ရက်မှစ၍ တောမီး လောင်ကျွမ်းမှုကြောင့် မောက်အီကျွန်းရှိ လာဟိုင်နာမြို့တွင် သေဆုံးသူ ၁၁၅ ဦးထိရှိခဲ့ကာ ပျောက်ဆုံးနေသူ ၆၆ ဦးကို တစ်လကြာထိ ရှာဖွေကယ်ဆယ်ရေးဝန်ထမ်းများက ဆက်လက်ရှာဖွေပေးနေဆဲဖြစ်ကြောင်း ဟာဝိုင်ရီပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Salt Wire သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ပျောက်ဆုံးနေသူများကို ရှာဖွေရေးအတွက် ကယ်ဆယ်ရေးဝန်ထမ်းများအပြင် ရဲတပ်ဖွဲ့ကလည်း ရှာဖွေရေးလုပ်ငန်းများတွင် ပါဝင် ကူညီပေးလျက်ရှိကြောင်း သိရသည်။

"ဩဂုတ် ၈ ရက်က စတင်လောင်ကျွမ်းခဲ့တဲ့ တောမီးကြောင့် ပျောက်ဆုံးနေသူတွေရှိနေပါသေးတယ်။ ကနဦးစိစစ်ချက်အရပျောက်ဆုံးနေသူ အယောက် ၃၈၀ ရှိခဲ့ပါတယ်။ ဒါပေမဲ့ ဆက်သွယ်ချိတ်ဆက်ပြီး ပြန်လည်တွေ့ရှိခဲ့တဲ့ ဒေသခံလူဦးရေစာရင်းကို လျှော့ချလိုက်ချိန် နောက်ဆုံးအတည်ပြုစာရင်းအရ ပျောက်ဆုံးနေသူ ၆၆ ယောက်ရှိနေပါတယ်။ တောမီးကူးစက်လောင်ကျွမ်းမှုပြဿနာနဲ့ရင်ဆိုင်ခဲ့ရတဲ့ ပြည်သူတွေဟာ တော်တော်လေးကို အခက်အခဲတွေ့နေပါတယ်။ လာဟိုင်နာဒေသခံတွေအနေနဲ့ အိုးအိမ်စည်းစိမ်တွေ အားလုံးပျက်စီးသွားခဲ့ရတဲ့အတွက် ကယ်ဆယ်ရေးစခန်းတွေမှာ နေထိုင်နေရတဲ့ အခြေအနေဖြစ်ပါတယ်။ ဟာဝိုင်ရီပြည်နယ်အာဏာပိုင်အဖွဲ့အစည်းအနေနဲ့ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးနေပါတယ်"ဟု ဟာဝိုင်ရီပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

**ခိုင်းဆက်**

# မော်ရိုကိုနိုင်ငံတွင် ငလျင်လှုပ်ခတ်မှုကြောင့် လူ ၂၀၀၀ ဦးသေဆုံးပြီး အဆောက်အအုံများစွာပျက်စီး

**ရာဘတ် စက်တင်ဘာ ၉**

မော်ရိုကိုနိုင်ငံအလယ်ပိုင်းတွင် ပြင်းအား ၆ ဒသမ ၈ မဂ္ဂနီကျူရှိ အင်အားပြင်းငလျင်တစ်ခု စက်တင်ဘာ ၈ ရက် ဒေသစံတော်ချိန် ည ၁၁ နာရီက လှုပ်ခတ်ခဲ့မှုကြောင့် လူ ၂၀၁၆ ဦးသေဆုံးပြီး အဆောက်အအုံများစွာ ထိခိုက်ပျက်စီးခဲ့ကြောင်း မော်ရိုကိုပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်သောသတင်းများကို ကိုးကား၍ BBC သတင်းဌာနက စက်တင်ဘာ ၉ ရက်တွင် ရေးသားဖော်ပြထားသည်။

ငလျင်သည် မာရာကက်ရှ်မြို့အနောက်တောင်ဘက် ၄၄ မိုင်အကွာ ဟိုက်အဲလက်စ်တောင်တန်းများပေါ်တွင် ဗဟိုပြု၍ အနက် ၁၈ ဒသမ ၄ ကီလိုမီတာတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါငလျင် လှုပ်ခတ်ပြီး ၁၉ မိနစ်အကြာတွင် ပြင်းအား ၄ ဒသမ ၉ မဂ္ဂနီကျူရှိ နောက်ဆက်တွဲငလျင်တစ်ခု ထပ်မံလှုပ်ခတ်ခဲ့ကြောင်း အမေရိကန်ဘူမိဗေဒတိုင်းတာရေးဌာနက ထုတ်ပြန်ခဲ့သည်။

မော်ရိုကို ပြည်ထဲရေးဝန်ကြီးဌာန၏ ယာယီအစီရင်ခံစာအရ မာရာကက်ရှ်မြို့နှင့် တောင်ဘက်ရှိ အယ်လ်ဟောင်၊ ဝါဇာဇိတ်၊ အဇီလယ်၊ ချီချာဝါနှင့် တိုရာဒန်မြို့တို့တွင် လူပေါင်း ၂၀၁၆ ဦးသေဆုံးခဲ့ပြီး ၁၅၃ ဦး ထိခိုက်ဒဏ်ရာများရရှိ၍ ဆေးရုံသို့ ပို့ဆောင်ထားရကြောင်း သိရသည်။

ငလျင် လှုပ်ခတ်မှုကြောင့် အဆောက်အအုံများတုန်ခါနေပုံနှင့် ပြိုကျပျက်စီးနေပုံများ၊ အချက်ပေးခေါင်းလောင်းသံများနှင့် လူများ ပြေးလွှားနေပုံတို့ကို ဒေသတွင်းလူမှုကွန်ရက်စာမျက်နှာများတွင် ဖော်ပြခဲ့ကြပြီး မာရာကက်ရှ်မြို့တွင် ရှေးဟောင်းအဆောက်အအုံတချို့ပြိုကျခဲ့ကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုကြောင့် ဟိုက်အဲလက်စ် တောင်တန်းဒေသရှိ ဝေးလံခေါင်သီသောကျေးရွာများ၏ ထိခိုက်မှုဖြစ်ပေါ်သည့်အခြေအနေများကိုမူ အတိအကျသတင်းထုတ်ပြန်နိုင်ခြင်းမရှိသေးကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ထားကြောင်း သိရသည်။

AZH



# ရာသီဥတုဖောက်ပြန်မှုတိုက်ဖျက်ရေးအတွက် လက်တွေ့ကျသည့် လုပ်ဆောင်ချက်များဆောင်ရွက်သင့်ဟု ကုလသမဂ္ဂအဖွဲ့ချုပ်တိုက်တွန်း

**ဝါရှင်တန် စက်တင်ဘာ ၉**

ကုလသမဂ္ဂအဖွဲ့က ဦးဆောင်ပြီး ရာသီဥတုဖောက်ပြန်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ရာသီဥတုဖောက်ပြန်မှုလုပ်ငန်းများကို လက်တွေ့ကျကျ ဆောင်ရွက်သွားရန် အရှိန်မြှင့်တင်သွားသင့်ကြောင်း အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် အခြေစိုက်သည့် ကုလသမဂ္ဂအဖွဲ့ချုပ်က တိုက်တွန်းခဲ့သည်ဟု Nasqad သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ယခုနှစ်အတွင်း နိုင်ငံအမြောက်အမြားတွင် အပူချိန်မြင့်တက်မှုကြောင့် တောမီးလောင်ကျွမ်းမှုပြဿနာများဖြင့် ရင်ဆိုင်ခဲ့ရပြီး ရာသီဥတုဖောက်ပြန်မှု၏လက္ခဏာများဖြစ်ကြောင်း၊ ယူအေအီးနိုင်ငံတွင် ကျင်းပသွားမည့် COP28 ညီလာခံတွင်လည်း ကုလသမဂ္ဂအဖွဲ့အနေဖြင့် ယခုနှစ်အတွင်း ရာသီဥတုဖောက်ပြန်မှုကြောင့် အပူချိန်မြင့်တက်ကာ တောမီးလောင်ကျွမ်းမှုပြဿနာများဖြင့် ရင်ဆိုင်ခဲ့ရသည့် အကြောင်းရင်းကိုလည်း ဆွေးနွေးသွားမည်ဖြစ်ပြီး ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများအနေဖြင့် ရာသီဥတုဖောက်ပြန်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လည်း တိုက်တွန်းသွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂအဖွဲ့ချုပ်က ထုတ်ပြန်ခဲ့သည်။

"ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးနဲ့ပတ်သက်ပြီး ကုလသမဂ္ဂအဖွဲ့က ဦးဆောင်ပြီး ၂၀၁၅ ခုနှစ် ပဲရစ်ညီလာခံကို ကနဦးစတင်ကျင်းပခဲ့တယ်။ ပဲရစ်ညီလာခံ သဘောတူညီချက်အတိုင်း လိုက်ပါဆောင်ရွက်မယ်လို့ အဖွဲ့ဝင်နိုင်ငံတွေက ကတိပေးခဲ့သလို သဘောတူညီချက်မှာ လက်မှတ်ရေးထိုးခဲ့ကြတယ်။ အခု ရင်ဆိုင်နေရတဲ့ ရာသီဥတုဖောက်ပြန်မှုပြဿနာကို ဖြေရှင်းဖို့အတွက် လက်တွေ့ကျကျ လိုက်ပါလုပ်ဆောင်ကြဖို့ လိုအပ်နေတယ်။ စီမံချက်တွေအတိုင်း မြေပြင်မှာလဲ အမှန်တကယ်လိုက်နာဆောင်ရွက်မှ ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်မှာလဲဖြစ်ပါတယ်။ COP28 ညီလာခံကျင်းပတဲ့အချိန်မှာ အဖွဲ့ဝင်နိုင်ငံတွေကို ရာသီဥတုဖောက်ပြန်မှုတိုက်ဖျက်ရေးလုပ်ငန်းတွေမှာ လက်တွေ့ကျကျအကောင်အထည်ဖော်ဆောင်ရွက်ဖို့လဲ တိုက်တွန်းသွားဖို့ စီစဉ်ထားပါတယ်"ဟု ကုလသမဂ္ဂအဖွဲ့ချုပ်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**ခိုင်းဆက်**

# အီရန်နိုင်ငံက သဲမုန်တိုင်းပြဿနာများနှင့်ပတ်သက်၍ ဆော်ဒီအာရေဗျနှင့် ပူးပေါင်းလုပ်ဆောင်ရန်ကြိုးပမ်းနေ

**တီဟီရန် စက်တင်ဘာ ၉**

အီရန်နိုင်ငံအနေဖြင့် သဲမုန်တိုင်းပြဿနာများနှင့်ပတ်သက်၍ ဆော်ဒီအာရေဗျနိုင်ငံနှင့် ပူးပေါင်းလုပ်ဆောင်ရန် ကြိုးပမ်းနေကြောင်း အီရန် သဘာဝပတ်ဝန်းကျင်ဌာန အကြီးအကဲ၏ စက်တင်ဘာ ၇ ရက် ပြောကြားချက်များကို ကိုးကား၍ Tasnim News Agency သတင်းဌာနက စက်တင်ဘာ ၈ ရက်တွင် ရေးသားဖော်ပြထားသည်။

အီရန်နိုင်ငံသည် သဲမုန်တိုင်းနှင့်ပတ်သက်သောပြဿနာများကို ဆော်ဒီအာရေဗျနိုင်ငံနှင့် ပူးပေါင်းဖြေရှင်းရန် ကြိုးပမ်းလျက်ရှိပြီး နိုင်ငံအနောက်တောင်ပိုင်းနယ်စပ်မှတစ်ဆင့် ဝင်ရောက်တိုက်ခတ်လေ့ရှိသော သဲမုန်တိုင်းများသည် ဆော်ဒီအာရေဗျနိုင်ငံ တောင်ပိုင်းရှိ Empty Quarter သဲကန္တာရမှ ဝင်ရောက်လာသော သဲနှင့် ဖုန်မှုန့်များ၏ သုံးပုံတစ်ပုံခန့် ပါဝင်ကြောင်း အီရန်သဘာဝပတ်ဝန်းကျင်ဌာန အကြီးအကဲ Ali Salajegheh က စက်တင်ဘာ ၇ ရက်က ပြောကြားခဲ့ကြောင်း သိရသည်။

"နောက်ဆုံး နှစ်နိုင်ငံညှိနှိုင်းဆွေးနွေးမှုတွေအပေါ် အခြေခံပြီး သဲနဲ့ ဖုန်မုန်တိုင်းပြဿနာတွေကို ဖြေရှင်းဖို့အတွက် ဒီသဲကန္တာရမှာ ပူးပေါင်းလုပ်ဆောင်မှုတွေပြုလုပ်ဖို့ နှစ်နိုင်ငံသဘောတူထားပါတယ်"ဟု အီရန်သဘာဝပတ်ဝန်းကျင်ဌာန အကြီးအကဲ Ali Salajegheh က ပြောကြားခဲ့သည်။

အီရန်နှင့် ဆော်ဒီအာရေဗျနိုင်ငံတို့ သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်ပြီးနောက် သက်ဆိုင်ရာနိုင်ငံများတွင် သံရုံးများဖွင့်လှစ်ခဲ့ကြပြီး ရက်ပိုင်းအကြာတွင် အဆိုပါသတင်းများထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။

အီရန်နှင့် ဆော်ဒီအာရေဗျနိုင်ငံတို့ကြား အပြန်အလှန်ဆက်ဆံမှုသည် သဲနှင့်ဖုန်မုန်တိုင်းများအပါအဝင် အဓိကသဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များတွင် နှစ်နိုင်ငံနီးကပ်စွာ တိုက်ရိုက်ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း အီရန်သဘာဝပတ်ဝန်းကျင်ဌာန အကြီးအကဲ Ali Salajegheh က ပြောကြားခဲ့သည်။

AZH

# ဘရာဇီးနိုင်ငံ မုန်တိုင်းဒဏ်သင့်ဧရိယာများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေ

**ဘရာစီးလီးယား စက်တင်ဘာ ၉**

ဘရာဇီးနိုင်ငံ လာဂျီဒိုနယ်မြေတွင် မုန်တိုင်းအန္တရာယ်ဖြင့်ရင်ဆိုင်ခဲ့ရပြီး မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ခဲ့ရကာ မုန်တိုင်းအခြေအနေ ပြန်လည်တည်ငြိမ်သွားပြီဖြစ်သည့်အတွက် စက်တင်ဘာ ၈ ရက်မှစ၍ ပြန်လည်ထူထောင်ရေး လုပ်ငန်းများစတင် ဆောင်ရွက်နေပြီဖြစ်ကြောင်း ဘရာဇီးအစိုးရက ထုတ်ပြန်ခဲ့သည်ဟု News Break သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မုန်တိုင်းကြောင့် သေဆုံးသူ ၄၁ ဦးထက်မနည်းရှိခဲ့ပြီး ၄၆ ဦးထက်မနည်း ပျောက်ဆုံးနေဆဲဖြစ်ကြောင်း၊ ကယ်ဆယ်ရေးဝန်ထမ်းများက ပျောက်ဆုံးနေသူများကို ရှာဖွေကယ်ဆယ်ပေးလျက်ရှိနေပြီး အစိုးရပိုင်းကလည်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"မုန်တိုင်းအခြေအနေတည်ငြိမ်သွားပြီဖြစ်လို့ ဒေသခံတွေအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေကို ဆောင်ရွက်ပေးနေပါပြီ။ ပျောက်ဆုံးနေသူ ၄၆ ယောက်ကိုလဲ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေ ဆက်လက်လုပ်ဆောင်နေပါတယ်။ ပျက်စီးခဲ့တဲ့ နေအိမ်တွေကို အစိုးရက ဦးဆောင်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေဆောင်ရွက်ပေးနေပါတယ်"ဟု ဘရာဇီးအရေးပေါ်စီမံခန့်ခွဲရေး အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မုန်တိုင်း အန္တရာယ်ကြောင့် ဒေသခံပြည်သူများသေဆုံးခဲ့ရခြင်းနှင့်ပတ်သက်၍ ဒေသခံများက ကယ်ဆယ်ရေး အဖွဲ့အစည်းကို အပြစ်တင်လျက်ရှိပြီး ထိရောက်သည့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခြင်း မရှိသည့်အတွက် မလိုလားအပ်သောဆုံးရှုံးမှုများဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း မုန်တိုင်းဒဏ်သင့်ပြည်သူ မီဂွယ်လ်က ပြောကြားခဲ့သည်။

**ခိုင်းဆက်**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

# ဘဝကို အကောင်းဆုံးတည်ဆောက်ခြင်း

ရွှေညာ(ရွာတန်းရှည်)

လူတိုင်း မိမိဘဝကို အကောင်းဆုံးဖြစ်အောင် တည်ဆောက်နေကြသူများသာ ဖြစ်ကြ သည်။ ဘဝကို အကောင်းဆုံးတည်ဆောက်ကြသည်ဆိုရာ၌ အမျိုးမျိုး ရှိသော်လည်း အဓိကအားဖြင့် နှစ်မျိုးသာတွေ့ရသည်။ အချို့က ဘဝကို ပညာဖြင့် တည်ဆောက်ကြသည်။ အချို့က ငွေဖြင့် ဘဝကို တည်ဆောက်ကြသည်။

ဘဝကို ပညာဖြင့်တည်ဆောက်နေသူများသည် အရေးအကြီးဆုံးအရာသည် ပညာရေးပင်ဖြစ်သည်ဟု စွဲကိုင်ထားသည်။ ပညာတတ်ရန်သာ စဉ်းစားသည်။ ပညာကိုကြိုးစားသင်ယူသည်။ ပညာတတ်လျှင် အရာရာအောင်မြင်သည်ဟု ခံယူထားသူများဖြစ်ကြသည်။ ပညာရဲရင့် ပွဲလယ်တင့်ဟု ဆိုရိုးစကားရှိသလို မြန်မာစကားပုံတွင် ပညာရွှေအိုးလူမခိုးဟုလည်းရှိသည်။ ပညာရှာခြင်းနှင့် စီးပွားရှာခြင်းမှာ မတူပေ။ ပညာရှာခြင်းသည် အတတ်ပညာနှင့် အသိပညာ ရှာခြင်းဖြစ်သည်။ စီးပွားရှာခြင်းသည် ငွေရအောင် ပြုလုပ်ခြင်းပင်ဖြစ်သည်။ အချို့လူများသည် ငွေကို ဒုတိယဘုရားသခင်ဟုပင် တင်စားထားကြသည်။ ငွေသည်အရာရာကို အောင်မြင်နိုင်သည်ဟု ယုံကြည်ထားကြသူများလည်းရှိသည်။ ထို့ကြောင့် လောက၌ ငွေသည် အရေးပါသည်မှာ မှန်သော်လည်း အရာရာကို ငွေဖြင့်ဆုံးဖြတ်၍မရပေ။ သို့သော် ငွေကိုအသုံးပြုနည်းမှန်ရန် သတိပြုရမည်။

လောက လူသားတို့သည် ပညာဟုဆိုလိုက်သည်နှင့် ဘွဲ့ရဓာတ်ပုံကို မြင်မိတတ်လေသည်။ "ဘွဲ့ရပညာတတ်"ဟု ဘွဲ့ရနှင့်ပညာတတ်ကိုတွဲ၍ သုံးနှုန်းတတ်ကြသည်။ဘွဲ့ဆိုသည်မှာ အတိုင်းအတာတစ်ခုအတွင်းမှာပဲ အကျုံးဝင်သည်။ စက်မှု ပညာဖြစ်စေ၊ လက်မှုပညာဖြစ်စေ ပညာရပ်တစ်ခုခုကို အသိအမှတ်ပြုခြင်းမျှသာဖြစ်သည်။ ပညာဆိုသည်မှာ သတ္တလောကတွင် အမြတ်ဆုံး ရတနာဖြစ်သည်။ ထိုပညာများဖြင့် စီးပွားဥစ္စာကို ရှာဖွေရန်သာဖြစ်သည်။ တကယ့်ပညာဆိုသည်မှာ အလွန်နက်နဲသောအရာဖြစ်သည်။ ပညာဟူသည် လူသားတို့အတွက် ရတနာဖြစ်သည်။ လောက၌ ပညာတတ်မြောက်ထားသူများသည် နေရာပေး၍ အထူးဂရုပြုခံရတတ်ပေသည်။ မည်သည့်အခမ်းအနား၊ မည်သည့်နေရာ၌မဆို ပညာရဲရင့်ပွဲလယ်တင့် ဆိုသည့် စကားအရ လူများအလယ်၌ တင့်တင့်တယ်တယ် နေရာပေးကြလေသည်။

ငရဲ၊တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟုဆိုအပ်သော အပါယ်ဘုံသားများနှင့် အခြားနတ်ပြည်တို့၌ ပညာကို သင်ကြားမှု၊ သင်ယူမှုမရှိကြပေ။ ၃၁ ဘုံတွင် လူ့ဘုံ တစ်ခု၌သာ သင်ကြားမှု၊ သင်ယူမှုရှိလေသည်။ တိရစ္ဆာန်ဘုံ၌ စားခြင်း၊ အိပ်ခြင်း၊ မေထုန်မှီဝဲခြင်း သုံးမျိုးသာရှိသည်။ အကယ်၍ လူသားတစ်ဦးသည် ပညာသင်ကြားမှုမရှိဘဲ စားခြင်း၊ အိပ်ခြင်း၊ မေထုန်မှီဝဲခြင်း ထိုသုံးမျိုးကိုသာပြုလုပ်နေမည်ဆိုပါက ရှေးပညာရှိများက တိရစ္ဆာန်နှင့်ပမာ ခိုင်းနှိုင်းတတ်ကြလေသည်။ ၃၈ ဖြာမင်္ဂလာတွင် သိပ္ပ၌အတတ်ပညာကို သင်ယူ တတ်မြောက်ခြင်းသည်လည်း မင်္ဂလာဖြစ်၏ဟု ဗုဒ္ဓရှင်တော်မြတ်ဟောတော်မူခဲ့၏။

ထို့ကြောင့် ပညာတစ်ခုခုကို သင်ယူတတ်မြောက်ခြင်းသည် မင်္ဂလာဖြစ်သည်။ ပညာမရှိပါက လူပေါက်ပန်းနှင့်တူကြောင်း "မရှိပညာ၊ ဤလူ့ရွာ၌ ကျမ်းစာနီတိ၊ တတ်မသိက မျက်စိစုံကန်း၊ လူဖြစ်ဆန်းမျှ ပေါက်ပန်းပမာ၊ မှတ်တို့ရာ၏" ဟု မဃဒေဝ လင်္ကာသစ်၌ ပြဆိုထားသည်။ ပညာသင်ယူရာ၌လည်း သင်ယူသင့်သောပညာနှင့် မသင်ယူသင့်သောပညာ ဟု နှစ်မျိုးရှိသည်။ ထိုပညာနှစ်မျိုးတွင် အများသူငါ ကိုယ်စိတ်နှစ်ပါးချမ်းသာ၍ မိမိလည်း အကုသိုလ် မဖြစ်သော ပညာမျိုးသည် သင်ယူသင့်သောပညာဖြစ်သည်။ အများသူငါ ဆင်းရဲဒုက္ခရောက်၍ မိမိလည်း အကုသိုလ်ဖြစ်သော ပညာမျိုးသည် မသင်ယူသင့်သော ပညာဖြစ်သည်။ မသင်ယူသင့်၊ မတတ်သင့်သောပညာကို သင်ယူမိပါက အမင်္ဂလာသာဖြစ်၏ဟု ဓမ္မပဒ အဋ္ဌကထာ၌ ပြဆိုထားသည်။ ပညာပြည့်ဝသောသူသည် မည်သည့်အလုပ်ကိစ္စမဆို ပြီးမြောက်အောင် ဆောင်ရွက်နိုင်စွမ်းရှိသည်။ မဃဒေဝလင်္ကာသစ်၌ "ပညာပြည့်ဝ၊ နှစ်လုံးလှသော် ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင် ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာပြီးနိုင်စွာ၏"ဟု ပြဆိုထားသည်။

ပညာမပြည့်ဝသူသည် လိုရာခရီးမရောက်နိုင်သလို ခရီးသွားရင်း လမ်းပျောက်၍ လမ်းရှာရသူနှင့်တူသည်။ ပညာဟူသည် အတတ်ပညာနှင့် အသိပညာဟု နှစ်မျိုး ရှိသည်။ အတတ်ပညာဆိုသည်မှာ လောကီစီးပွားဥစ္စာ ရှာဖွေရန် လက်သမား၊ ပန်းရန်၊ ပန်းပု၊ အင်ဂျင်နီယာ၊ ဆေးဝါး၊ ဂဏန်းသင်္ချာတွက်ချက်နည်းပညာ စသည် တို့ဖြစ်သည်။ အခစားရယူ၍ လုပ်နိုင်သောပညာရပ် အားလုံးသည် အတတ်ပညာ၌သာ အကျုံးဝင်လေသည်။ အသိပညာဆိုသည်မှာ အကောင်းအဆိုး၊ အဖြူအမည်း ကိုခွဲခြားဝေဖန်နိုင်သောအသိပညာ၊ ကံ ကံ၏အကျိုး ကို သိသောအသိပညာ၊ ဝိပဿနာအသိပညာ၊ မဂ်အသိပညာ၊ ဖိုလ်အသိပညာ စသည်တို့ဖြစ်ကြ သည်။ ထိုအသိပညာများသည်သာ တကယ့်ပညာ အစစ်ဖြစ်လေသည်။ ထိုအသိပညာသည်သာ ဘဝ အဆက်ဆက်သံသရာတစ်လျှောက်လုံး အကျိုး ပေးလေသည်။

❖ ပညာမပြည့်ဝသူသည် လိုရာခရီးမရောက်နိုင်သလို ခရီးသွားရင်း လမ်းပျောက်၍ လမ်းရှာရသူနှင့်တူသည်။ ပညာဟူသည် အတတ်ပညာနှင့် အသိပညာဟု နှစ်မျိုးရှိသည်။ အတတ်ပညာဆိုသည်မှာ လောကီစီးပွားဥစ္စာ ရှာဖွေရန် လက်သမား၊ ပန်းရန်၊ ပန်းပု၊ အင်ဂျင်နီယာ၊ ဆေးဝါး၊ ဂဏန်း သင်္ချာတွက်ချက်နည်းပညာစသည်တို့ဖြစ်သည်။ အခစားရယူ၍ လုပ်နိုင် သော ပညာရပ်အားလုံးသည် အတတ်ပညာ၌သာ အကျုံးဝင်လေသည်။ အသိပညာဆိုသည်မှာ အကောင်းအဆိုး၊ အဖြူအမည်းကို ခွဲခြားဝေဖန်နိုင် သော အသိပညာ၊ ကံ ကံ၏အကျိုးကို သိသောအသိပညာ၊ ဝိပဿနာ အသိပညာ၊ မဂ်အသိပညာ၊ ဖိုလ်အသိပညာ စသည်တို့ဖြစ်ကြသည်။

အတတ်ပညာသည်ကား တစ်ဘဝစာမျှသာဖြစ် သည်။ ပညာကို သိက္ခာသုံးရပ်၌ထည့်သွင်းထား လေသည်။ သိက္ခာသုံးရပ်ဟူသည်မှာ သီလ၊ သမာဓိ၊ ပညာပင်ဖြစ်သည်။ စောင့်ထိန်းနိုင်သောစိတ်ရှိသူမှ သာ သီလရှိသူဖြစ်သည်။ စိတ်ကို ကောင်းစွာတည် ကြည်အောင်ထားနိုင်သူမှသာ သမာဓိရှိသူဖြစ်သည်။ အကောင်းအဆိုး၊ အကြောင်းအကျိုးကိုနားလည်သူ ဖြစ်မှသာ ပညာရှိသူဖြစ်သည်။ ဗုဒ္ဓရှင်တော်မြတ်သည် သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပဟု ဆိုအပ်သော သူတော်ကောင်း ဥစ္စာရတနာ ခုနစ်ပါး ကို ဟောတော်မူခဲ့ရာ ပညာကိုထည့်သွင်းထားသော ကြောင့် ပညာရှိသူသည် သူတော်ကောင်းဟုပင် ဆိုအပ်သည်။ လောက၌ ပညာမရှိလျှင် သူတော် ကောင်းတရားကို အားထုတ်ကျင့်ကြံရန်မဖြစ်နိုင်သည် ကို သတိပြုရမည်ဖြစ်သည်။

အင်္ဂုတ္တိုရ်ပါဠိတော် အာလောကသုတ်၌လည်း "ရဟန်းတို့လောက၌ အလင်းရောင် လေးမျိုးရှိ၏။ ထိုလေးမျိုးမှာ စန္ဒာလောက လအရောင်၊ သူရိယာ လောက နေအရောင်၊ အဂ္ဂိလောက မီးအရောင်၊ ပညာလောက ပညာအရောင်တို့ဖြစ်ကြ၏။ ထိုအရောင် လေးမျိုးတွင် ပညာအရောင်သည် အမြတ်ဆုံးဖြစ်၏" ဟု ဟောတော်မူခဲ့သည်။ ပညာမဲ့လျှင် အမှောင်ထဲမှာ တဝဲလည်လည်ဖြင့် နစ်မြုတ်နေရပေမည်။ မိလိန္ဒပဉှ ၌လည်း "ယောက်ျားတစ်ယောက်သည် မိုက်မှောင်နေ သောအိမ်ထဲ၌ ဆီမီးညှိထွန်းလိုက်ရာ ဆီမီးသည် အမိုက်မှောင်ကို တိုက်ထုတ်၏။ အလင်းရောင်ကို တောက်ပြောင်စေ၏။ ထိုအလင်းရောင်ဖြင့် အိပ်ခန်း ထဲရှိ အရာဝတ္ထုတို့၏ အဆင်းအရောင်တို့ကို ထင်ထင် ရှားရှားသိမြင်လာရ၏။ ထို့အတူသာပင် ပညာဖြစ် ပေါ်လာသည်ရှိသော် အဝိဇ္ဇာ အမိုက်တိုက်ကို တိုက် ထုတ်ဖျက်ဆီး၏။ ဝိဇ္ဇာဉာဏ် အလင်းရောင်ထွန်း ပြောင်လာ၏"ဟု ပညာ၏ အတုမရှိသောအလင်း ရောင်ကို ဖော်ညွှန်းပြဆိုထားသည်။ ဓမ္မသင်္ဂဏီအဋ္ဌ ကထာ၌ "ဝရဇိန်လက်နက်မိုးကြိုးစက်သည် ကျောက် တောင်တို့ကို ဖောက်ခွဲဖျက်ဆီးသကဲ့သို့ ပညာသည် အကုသိုလ်ကိလေသာတို့ကို ချိုးဖဲ့ဖျက်ဆီးတတ်၏"ဟု ပညာ၏ အစွမ်းအာနိသင်ကို ပြဆိုထားသည်။ မိလိန္ဒ ပဉှ ပညာကြီးရင့်ခြင်း၏အကြောင်း ရှစ်ပါးကို ပြဆိုထား၏။ ထိုရှစ်ပါးမှာ-

၁။ အရွယ်ကြီးရင့်ခြင်း
၂။ အခြံအရံ အကျော်အစောများခြင်း
၃။ အဖန်ဖန်မေးမြန်းခြင်း
၄။ ဆရာသမားထံ အမြဲချဉ်းကပ်ခြင်း
၅။ အသင့်အတင့် နှလုံးသွင်းခြင်း
၆။ တိုင်ပင်ဆွေးနွေးခြင်း
၇။ ချစ်ခင်သူနှင့်ပေါင်းဖော်ရခြင်း
၈။ သင့်လျော်သောအရပ်၌ နေထိုင်ရခြင်း

တို့ဖြစ်သည်။

ထိုရှစ်ပါးနှင့်ပြည့်စုံလျှင် ပညာကြီးသူဖြစ်နိုင်၏။ ပညာ၏အဓိကစွမ်းရည်မှာ အကောင်းလောကဓံကို ဖြစ်စေ၊ အဆိုးလောကဓံကိုဖြစ်စေ မတုန်မလှုပ် ရင်ဆိုင် ရဲခြင်းပင်ဖြစ်သည်။ မဟာဂန္ဓာရုံဆရာတော် အရှင် ဇနကာဘိဝံသသည် ပညာ၏ အရေးကြီးပုံကို ကိုယ်ကျင့်အဘိဓမ္မာကျမ်းစာ၌ "လူတစ်ယောက် အသက်ရှင်ဖို့အရေး၌ နှလုံးသည်းပွတ်သည် အရေး ကြီးသကဲ့သို့ လောကသံသရာနှစ်ဖြာ ကြီးပွားရေး၌ ဉာဏ်ပညာသည် အရေးကြီးသော နှလုံးသည်းပွတ် ပင်ဖြစ်၏။ ဒါန၊ သီလစသော ပါရမီအားလုံး၏ အကျိုး ကို ဉာဏ်ပညာကသာ အဆုံးတိုင်သိနိုင်၍ ဉာဏ်ပညာ ကြောင့်သာ ထိုပါရမီများ ပြည့်ဝကြပေသည်"ဟု ပညာကို ပါရမီအားလုံးတို့၏ အထွတ်အထိပ်ဖြစ် ကြောင်း ရေးသားတော်မူခဲ့သည်။

တစ်ခါက တောအုပ်ကြီးတစ်ခုတွင် ကျားအိုကြီး တစ်ကောင်ရှိသည်။ ထိုကျားအိုကြီးတစ်ကောင်သည် အိုမင်းလာသည့်အတွက် သားကောင်များကို လျင် မြန်စွာမဖမ်းဆီးနိုင်တော့ပေ။ ထို့ကြောင့် မာယာ ပရိယာယ်ကိုအသုံးပြု၍ သားကောင်ကို ဖမ်းဆီးရန် ကြံစည်ရတော့သည်။ တစ်နေ့တွင် ရေအိုင်တစ်ခု၌ နေ၍ လူတို့ကြားလောက်အောင် "အို ခရီးသွားလူ အပေါင်းတို့ ကျွန်ုပ်လက်၌ရှိသော ဤရွှေလက်ကောက် ကို လာယူလှည့်ကြပါကုန်"ဟု အော်ဟစ်၍ ပြောလေ သည်။ ကျားအို၏စကားကို ယုံကြည်သော လောဘ ကြီးသော ခရီးသွားတစ်ဦးသည် ရွှေလက်ကောက်ကို ယူရန် ရေအိုင်သို့ ဆင်းလျှင်ဆင်းချင်းရွှံ့ညွန်၌ နစ်လေ ၏။ ကျားအိုကြီးသည် ညွန်၌နစ်နေသော လောဘကြီး သောခရီးသွားကို လွယ်လင့်တကူ ဖမ်းယူသတ်ဖြတ်စား သောက်လေ၏။ ဤကား ဟိတောပဒေသ၌လာသော ပုံဝတ္ထုပင်ဖြစ်သည်။

လူပင်ဖြစ်သော်ငြား အသိပညာမရှိသောကြောင့် တိရစ္ဆာန်၏ မာယာပရိယာယ်ထောင်ချောက်အတွင်း၌ ကျရောက်ကာ အသက်ဆုံးရှုံးရလေသည်။ ဗုဒ္ဓရှင် တော်မြတ်လက်ထက်တော်က ဗာရာဏသီပြည်၌ ကုဋေ ရှစ်ဆယ်ကြွယ်ဝသော မဟာဓနသူဌေးကြီး တစ်ဦးရှိ၏။ ထိုသူဌေးကြီး၌ သားတစ်ယောက်ရှိသည်။ စည်းစိမ်ဥစ္စာများကို သုံးစွဲ၍မကုန်နိုင်ဟုထင်မှတ်ကာ ပညာကို မသင်ပေးခဲ့ပေ။ အရွယ်ရောက်သောအခါ ထိုသူဌေးသားကို သူဌေးသမီးတစ်ဦးနှင့် ထိမ်းမြား လက်ထပ်ပေးသည်။ မိဘများ ကွယ်လွန်သောအခါ ထိုသူဌေးသားနှင့် သူဌေးသမီးတို့သည် အသောက် အစားအပျော်အပါးများနှင့်သာ အချိန်ကိုကုန်လွန်၏။ နောက်ဆုံးတွင် ကုဋေရှစ်ဆယ်သော ပစ္စည်းဥစ္စာ အားလုံးကုန်ဆုံးကာ မည်သည့်ပညာမျှမတတ်သော ကြောင့် ခွက်လက်စွဲ၍ တောင်းစားရ ရှာလေသည်။ တစ်နေ့တွင် သာမဏေငယ်များစွန့်အပ်သော စား ကြွင်းကိုခံယူနေသော ထိုသူဌေးသားနှင့် ဇနီးကို ဗုဒ္ဓ ရှင်တော်မြတ်မြင်၍ ပြုံးတော်မူရာ အရှင်အာနန္ဒာ သည် ပြုံးတော်မူရခြင်းအကြောင်းကို မေးလျှောက်လေ သည်။ ဗုဒ္ဓရှင်တော်မြတ်သည် "အာနန္ဒာ ဤမဟာဓန သူဌေးသားသည် ပထမအရွယ်၌ စီးပွားရှာပါက ပထမ တန်းစားသူဌေးဖြစ်နိုင်၏။ ရဟန်းပြု၍ တရား အားထုတ်ပါက သူဌေးသားသည် ရဟန္တာ၊ သူဌေး သမီးသည် အနာဂါမ်ဖြစ်နိုင်၏။ ဒုတိယအရွယ်၌ စီးပွားရှာပါက ဒုတိယတန်းစားသူဌေးဖြစ်နိုင်၏။ ရဟန်းပြု၍ တရားအားထုတ်ပါက သူဌေးသားသည် အနာဂါမ်ဖြစ်နိုင်၏။ သူဌေးသမီးသည် သကဒါဂါမ် ဖြစ်နိုင်၏။ တတိယအရွယ်၌ စီးပွားရှာပါက တတိယ တန်းသူဌေးဖြစ်နိုင်၏။ ရဟန်းပြု၍ တရားအားထုတ် ပါက သူဌေးသားသည် သကဒါဂါမ်ဖြစ်နိုင်၏။ သူဌေး သမီးသည် သောတာပန်ဖြစ်နိုင်၏"ဟု မိန့်တော်မူ သည်။ ဓမ္မပဒအဋ္ဌကထာ၌လာရှိသော ဤဝတ္ထုကို ထောက်ရှု၍ မည်မျှစည်းစိမ်ဥစ္စာရှိစေကာမူ အတတ် ပညာကိုမသင်ယူခဲ့ပါက နောင်တစ်ချိန်တွင် ကြီးစွာ သောဒုက္ခရောက်နိုင်ပေသည်။ ထို့ကြောင့် ဗုဒ္ဓရှင် တော်မြတ်က လူတိုင်းပညာကို မည်သည့်အရွယ်ဖြစ် စေ သင်ယူသည်ဟု သံယုတ်ပါဠိတော်၌ ဟောတော် မူခဲ့သည်။ ထို့ကြောင့် ပညာလို အိုသည်မရှိဟုဆိုကြ သည်။ ကျောက်တုံးကိုရေညှစ်၍ မရသလို ပညာမဲ့ထံ ၌ နှစ်ပေါင်းတစ်ရာတပည့်ခံသော်လည်း မည်သည့် ပညာမျှ ရနိုင်မည်မဟုတ်ပါ။ ပညာသည် ပညာရှိသူ၊ ပညာတတ်သူထံ၌သာရှိသည်။ အလိမ္မာ စာမှာရှိ ဟူသော စကားလည်းရှိသည်။ စာပေကျမ်းဂန်များကို ဖတ်ရှု၍လည်း စာပေဗဟုသုတ ပညာရနိုင်သည်။ ဘဝကို အကောင်းဆုံးဖြစ်အောင် တည်ဆောက်ရာ၌ ပညာသည် မရှိမဖြစ်သည့်အရာဖြစ်သည်။

စီးပွားဥစ္စာ မည်မျှပြည့်စုံနေပါစေ ထိုစီးပွားဥစ္စာ များသည် ခဏမျှသာဖြစ်သည်။ တစ်ဘဝ ခံစားရုံမျှသာ ဖြစ်သည်။ သေလျှင် ထားခဲ့ရမည့်အရာများသာဖြစ် သည်။ အသိပညာသည်ကား သံသရာတစ်လျှောက် ကောင်းကျိုးချမ်းသာများကိုပေးနေမည်သာဖြစ်သည်။ ထို့ကြောင့် လူ့ဘဝတွင် အသိပညာရှိသူများသည် ဘဝကို အကောင်းဆုံးဖြစ်အောင် တည် ဆောက်ရာ၌ ပညာဖြင့် တည်ဆောက်ခြင်းသည်သာ အကောင်း ဆုံးဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

**ဓမ္မပဒအဋ္ဌကထာ။**
**သံယုတ်ပါဠိ၊ အဋ္ဌကထာ။**
**မိလိန္ဒပဉှ။**

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လက ငါးသလောက်ပိဿာချိန် ၇၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**ဖျာပုံ ဇော်တင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်းက ငါးသလောက်ပိဿာချိန် ၇၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ပေါက်က ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်တွင် ပြီးခဲ့သည့် ဇွန်လ၊ ဇူလိုင်လအတွင်းက ငါးသလောက်ပိဿာချိန် ၄၅၅၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရပြီး ဩဂုတ် ၁ ရက်မှ ၃၁ ရက်ထိ ငါးသလောက်ပိဿာချိန် ၇၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို ပုံမှန်အဆင် ပြေပြေတင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဘက်ကငါးသလောက် အဓိကဈေးကွက်ပါ။ ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ငါးသလောက်ပိဿာချိန် ၇၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ငါးသလောက်ကလဲ လတ်ဆတ်မှုနဲ့ အရွယ်အစားအလေးချိန် အပေါ်မူတည်ပြီး ဈေးအပြောင်းအလဲရှိပါတယ်။ လက်ရှိအချိန်ထိလဲ ငါးသလောက်တွေ အဝယ်လိုက်နေပါတယ်"ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ပေါက်က ပြောပြသည်။

ဖျာပုံမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ငါးသလောက် အသေး တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀၊ အလတ် တစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀၀ မှ ၃၅၀၀၀၊ အကြီး တစ်ပိဿာလျှင် ၅၅၀၀၀ မှ ၆၇၀၀၀ ထိအရွယ်အစားအပေါ် မူတည်ကာ ဈေး အပြောင်းအလဲရှိကြောင်း၊ အဆိုပါငါးသလောက်များအရောင်းအဝယ်ဖြစ်ပြီး ပုံမှန်တင်ပို့ရောင်းချနေရသည့်အတွက် ရေလုပ်သားများ၊ တစ်နိုင်တစ်ပိုင် အရောင်းအဝယ်လုပ်ငန်းရှင်များ၊ ပွဲရုံလုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်လုပ်ငန်းရှင်များ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မင်းဘူးမြို့နယ် ကျောက်စစ်ပုံကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး ဇော်တင်ဘာ ၉**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်စစ်ပုံကျေးရွာတွင် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ကျောက်စစ်ပုံကျေးရွာရှိ လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများနှင့် အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူများ လိုအပ်သည့် ငွေကြေးအရင်းအနှီးရရှိစေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၃၀၄ ဒသမ ၅ သိန်းလွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက ကျောက်စစ်ပုံကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၆၀ ကို ရန်ပုံငွေကျပ် ၁၃၅ ဒသမ ၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၉၅ ဦးကို ရန်ပုံငွေကျပ် ၁၆၉ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၅ ဦးကို ရန်ပုံငွေကျပ် ၃၀၄ ဒသမ ၅ သိန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ခင်မာ**

# ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၁၆၂၃ ဧက စိုက်ပျိုးပြီးစီး

**ကောလင်း ဇော်တင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၁၆၂၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၁၇၉၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၆၂၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကောလင်းခရိုင်မှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း ဧက ၁၇၀၀ ကျော်လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့ထိ ဧက ၁၆၀၀ ကျော်စိုက်ပျိုးပြီးစီးနေပါပြီ။ ဆက်လက်စိုက်ပျိုးနေပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေး ဆောင်ရွက်နေပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ယခုနှစ် ကောလင်းခရိုင်အတွင်း မြို့နယ်အလိုက် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ဖူးစားပြောင်း ၇၇၇ ဧက၊ ဝန်းသိုမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၀ ဧက၊ ဖူးစားပြောင်း ၅၈၇ ဧကနှင့် ပင်လည်ဘူးမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၃၅ ဧက၊ ဖူးစားပြောင်း ၂၁၄ ဧက စုစုပေါင်း ၁၆၂၃ ဧကဖြစ်ကြောင်း သိရသည်။



ယခင်နှစ်က ပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကောလင်းခရိုင်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ပင်လည်ဘူးမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၄၆ ဧက၊ ဖူးစားပြောင်း ဧက ၇၅၀ နှင့် ကောလင်းမြို့နယ်တွင် ဖူးစားပြောင်း ၁၀၀၁ ဧက စုစုပေါင်း ၁၇၉၇ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် ကောလင်းခရိုင်တွင် အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောမြောင်တောင်ပို့ ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်ဖြစ်သည့် ဓာတုပိုးသတ်ဆေး အသုံးပြုခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# နမ့်စန်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**နမ့်စန် ဇော်တင်ဘာ ၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်မည့် ဝမ်နောင်ကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ့်စန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ဇော်မျိုးထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းရည်ရွယ်ချက်များ၊ ကျေးရွာတွင် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်ဖြိုးဖြိုးအောင်က ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များနှင့် ကော်မတီဝင်များဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ဝမ်နောင်ကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် ထုတ်ချေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးခွန်ဇော်မျိုးထွန်းက ပြောပြ၍ သိရသည်။

**သံသာ**



# ချောက်မြို့နယ် ကျောက်ရဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ချောက် ဇော်တင်ဘာ ၉**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ကျောက်ရဲကျေးရွာအုပ်စု ကျောက်ရဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်၊ ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်နှင့် တာဝန်ရှိသူများက ကျောက်ရဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ကျောက်ရဲကျေးရွာ၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သန်း ၃၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၀၀ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၆၀ စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၆၀ ဦးကို ရန်ပုံငွေကျပ် ၅၉ ဒသမ ၄ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**နော်လှူး**

# ရေငုပ်သင်္ဘောထောက်လှမ်းမှုနည်းပညာ အံ့မခန်းတိုးတက်လာသောတရုတ်

တရုတ်သုတေသနပညာရှင်များက ရေဒီယိုလှိုင်းနှုန်းတစ်ထရီလီယံ(Terahertz)ကို အခြေခံသည့် ရေငုပ်သင်္ဘောစုံစမ်းထောက်လှမ်းသည့် နည်းပညာသစ်ကို ရှာဖွေတွေ့ရှိခဲ့ကြောင်းနှင့် ၎င်းနည်းပညာသည် အာရှံခံနှင့် ဒရုန်းနည်းပညာနယ်ပယ်များတွင် စွမ်းဆောင်ရည်နှစ်ဆမြင့်တက်လာနိုင်သည့် အလားအလာရှိလာနိုင်သောကြောင့် အမေရိကန်ရေငုပ်သင်္ဘောများအတွက် သိသာထင်ရှားသော ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်လာနိုင်ကြောင်းနှင့် ဟန့်တားကာကွယ်နိုင်မှုစွမ်းဆောင်ရည်ကိုလည်း မြင့်တက်စေမည်ဟုဆိုသည်။

တရုတ်နိုင်ငံသည် ဩဂုတ်လအတွင်းက မျိုးဆက်သစ်ဆက်သွယ်ရေးနည်းပညာကိုအခြေခံလျက် ရေငုပ်သင်္ဘောစုံစမ်းထောက်လှမ်းသည့် ကမ္ဘာ့ပထမဆုံးသောTerahertz ကိရိယာကို စမ်းသပ်ခဲ့ကြောင်း တောင်ပိုင်းတရုတ်နံနက်ခင်းသတင်းစာ(SCMP)၌ ဖော်ပြထားသည်။ တရုတ်ကာကွယ်ရေးနည်းပညာဆိုင်ရာအမျိုးသားတက္ကသိုလ်သည် တရုတ်ဘာသာစကားဖြင့်ထုတ်ဝေသော ရေဒါဆိုင်ရာဂျာနယ်တွင် ၎င်းတို့၏ရှာဖွေတွေ့ရှိချက်ကို ဖော်ပြခဲ့သည်။

၎င်းကိရိယာသည် ပင်လယ်ပြင်တွင် ကြိမ်နှုန်းနိမ့်အသံထုတ်လွှတ်မှုမှထွက်ရှိသော ၁၀ နာနိုမီတာခန့်သေးငယ်သည့် ရေပြင်ပေါ်မှကြိမ်နှုန်းများကိုခွဲခြားနိုင်စွမ်းရှိသည်ဟုဆိုသည်။ အဆိုပါလှိုင်းများသည် ရေငုပ်သင်္ဘောများနှင့် ဆူညံသံကဲ့သို့သော အရေးပါသည့် သတင်းအချက်အလက်များ စုဆောင်းရာတွင် အထောက်အကူပြုပြီး ရေငုပ်သင်္ဘော၏ ပုံစံကိုခွဲခြားနိုင်သည်ဟုဆိုသည်။ လေ့လာရေးအဖွဲ့၏အဆိုအရ နည်းပညာသည် ရေအောက်ယာဉ်စုံစမ်းထောက်လှမ်းမှုနှင့် အခြားသောနယ်ပယ်များတွင် ထူးခြားသော အက်ပလီကေးရှင်းအဖြစ် အသုံးချနိုင်မည်ဖြစ်သည်။

Terahertz သည် မိုက်ခရိုလှိုင်းနှုန်းနှင့် အနီအောက်ရောင်ခြည်ဖြာထွက်မှုကြားရှိ ကြိမ်နှုန်းအကွာအဝေးဖြစ်သည်။ ၎င်းနည်းပညာသည် အရှိန်အဟုန်မြင့်မားသော အချက်အလက်ထုတ်လွှတ်မှုနှင့် 6G နည်းပညာအတွက် အထောက်အကူပြုနိုင်သည့် အလားအလာရှိပြီး သီအိုရီပိုင်းအရ 5G ထက် မြန်နှုန်းအဆ ၁၀၀ သာလွန်မည်ဟု ခန့်မှန်းတွက်ချက်ထားရှိသည်။ အမှန်တော့ Terahertz အထောက်အကူပြုစစ်ဆေးမှုကိရိယာများကို ခရီးသည်များ၏အဝတ်အထည်များအောက်တွင်ဝှက်၍ သယ်ဆောင်လာသော တရားမဝင်ပစ္စည်းများကို စုံစမ်းထောက်လှမ်းနိုင်ရန် တရုတ်လေဆိပ်တချို့၌ အသုံးပြုနေပြီဖြစ်သည်။

စွမ်းအားကြီးမားသော Terahertz အချက်အလက်များ ထုတ်လွှတ်ခြင်းသည် သုတေသနအဖွဲ့အတွက် ကြီးမားသောစိန်ခေါ်မှုတစ်ရပ်ဖြစ်သော်လည်း 6G နည်းပညာတွင် ရင်းနှီးမြှုပ်နှံမှုမြင့်တက်လာသောကြောင့် တရုတ်နိုင်ငံနှင့် အခြားသောနေရာများမှ သိပ္ပံပညာရှင်များသည် အက်ပလီကေးရှင်း အမြောက်အမြားထုတ်လုပ်မှုအတွက် ထူးခြားသောအောင်မြင်မှုရရှိခဲ့သည်။ Fujian သုတေသနအင်စတီကျုမှ သုတေသနပညာရှင်အဖွဲ့သည် စွမ်းဆောင်ရည်မြင့်မားသော ရေငုပ်သင်္ဘောများစုံစမ်းထောက်လှမ်းနိုင်သည့် ကိရိယာကို သုတေသနပြုတည်ဆောက်နိုင်ခဲ့သည်။ ၎င်းကိရိယာသည် အလွန်ကွာဝေးသောနေရာမှ အဆင့်မြင့်ရေငုပ်သင်္ဘောများကိုပင် ခြေရာခံနိုင်စွမ်းရှိနေသည်။

သိပ္ပံပညာရှင်များအဖွဲ့သည် တရုတ်ရေယာဉ်တည်ဆောက်မှုဆိုင်ရာ သုတေသနဌာနမှ စီမံထုတ်လုပ်လျက်ရှိသော ရေယာဉ်သုတေသနပြုမှုဂျာနယ်၌ ၎င်းတို့၏ရှာဖွေတွေ့ရှိချက်ကို အသေးစိတ်ဖော်ပြခဲ့သည်။ ၎င်းဂျာနယ်သည် စစ်ရေယာဉ်တည်ဆောက်မှုနှင့် သမုဒ္ဒရာအင်ဂျင်နီယာ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာသမိုင်းကြောင်းတို့ကို ပုံမှန်ဖော်ပြလေ့ရှိသည်။



၎င်းစနစ်သည် နျူကလီးယားရေငုပ်သင်္ဘောများမှ ထုတ်လွှတ်သည့် ရေပူဖောင်းများကို စုံစမ်းထောက်လှမ်းပြီး ခွဲခြားနိုင်ရန် ကွန်ပျူတာမိုဒယ်ပုံစံကိုအသုံးပြုထားသည်။ ၎င်းစနစ်သည် ပုံမှန်ထောက်လှမ်းရေးစနစ်များထက် စွမ်းဆောင်ရည်ပိုမိုကောင်းမွန်လျက်ရှိသည်။ ရေပူဖောင်းများမှ အီလက်ထရိုမဂ္ဂနက်တစ် ထုတ်လွှတ်မှုသည် အချိန်နှင့်အမျှပြောင်းလဲဖြစ်ပေါ်လျက်ရှိပြီး လွန်စွာနိမ့်သောကြိမ်နှုန်း (ELF)အကွာအဝေးတွင် အချက်ပြစနစ်များထုတ်လွှတ်သည်။ အဆိုပါနည်းပညာ ရှာဖွေတွေ့ရှိခြင်းသည် ရေငုပ်သင်္ဘောတိုက်ဖျက်ရေး စစ်ဆင်ရေး(ASW)အတွက် အပြောင်းအလဲတစ်ရပ်ပင်ဖြစ်သည်။ ခေတ်သစ် ASW သည် သမုဒ္ဒရာဆူညံသံများမှ ရေငုပ်သင်္ဘောအချက်အလက်ထုတ်လွှတ်မှုများ ရှာဖွေနိုင်ရေးအတွက် Magnetic Anomaly Detion (MAD) ဆိုနာကို အသုံးပြုထားသည်။

အဆိုပါ အဆင့်မြင့်နည်းပညာများသည် ASW တွင် ဒရုန်းများကို ပေါင်းစပ်အသုံးချနိုင်ပေသည်။ ဒရုန်းများသည် ကုန်ကျစရိတ်သက်သာခြင်း၊ ဝေးကွာသောနေရာမှ ထိန်းချုပ်မောင်းနှင်နိုင်စွမ်းရှိခြင်း၊ ကြံ့ကြံ့ခံပြီး ကိုယ်ပျောက်စွမ်းရည်ရှိခြင်း၊ ထိရောက်သော စွမ်းဆောင်ရည်များ သိသိသာသာတိုးတက်လာခြင်းတို့ကြောင့် ASW မစ်ရှင်များတွင် အထောက်အကူပြုနိုင်ပေသည်။ ASW စစ်ဆင်ရေးများတွင် ဒရုန်းများပေါင်းစပ်အသုံးပြုခြင်းသည် ရေအောက်ခြိမ်းခြောက်မှုများတုံ့ပြန်နိုင်ရေးအတွက် အဖြေတစ်ရပ်ပင်ဖြစ်သည်။

ထို့ပြင် အဆိုပါနည်းပညာသည် လေကြောင်းချီတာဝန်များ တိုးချဲ့ထမ်းဆောင်နိုင်ခြင်း၊ စောင့်ကြည့်ထောက်လှမ်းမှုနှင့် ကိုယ်ပျောက်စွမ်းဆောင်ရည်များ စဉ်ဆက်မပြတ်တည်ရှိခြင်းအပါအဝင် အမျိုးမျိုးသော အကျိုးကျေးဇူးများရရှိစေပါသည်။ ထို့ပြင် ဒရုန်းများသည် အဆင့်မြင့်အာရုံခံစနစ်များ၊ လက်နက်နှင့်ပစ္စည်းများ၊ ချဲ့နိုင်ချုံ့နိုင်သောရေဒါ(SAR)၊ အီလက်ထရိုနှင့် အနီအောက်ရောင်ခြည် (EO/IR) ကင်မရာများနှင့် MAD များတပ်ဆင်နိုင်သည်။ အဆိုပါကိရိယာအားလုံးသည် စုံစမ်းထောက်လှမ်းနိုင်မှုစွမ်းဆောင်ရည်များကို မြင့်တက်စေလျက်ရှိသည်။

ဒရုန်းများသည် လူသားတို့ကို အသက်အန္တရာယ်ထိခိုက်နိုင်မှုလျှော့ချစေနိုင်သဖြင့် ရန်သူနယ်မြေများကို ပိုမိုလွှမ်းခြုံနိုင်သည်။ အထူးသဖြင့် ရန်သူ့ရေငုပ်သင်္ဘောများခြိမ်းခြောက်မှုရှိသော ASW စစ်ဆင်ရေးများကို ထိရောက်စွာဆောင်ရွက်နိုင်သည်။ ကုန်ကျစရိတ်တွက်ခြေကိုက်သော ဒရုန်းများသည် စစ်ဘက်တပ်ဖွဲ့များကို ပိုမိုတပ်ဖြန့်ချထားစေနိုင်သည့်အပြင် ASW စွမ်းဆောင်ရည်များကိုလည်း မြှင့်တင်နိုင်မည်ဖြစ်သည်။

တောင်တရုတ်ပင်လယ်နှင့် ကပ်လျက်ရှိသော ဟိုနန်ကျွန်းရှိ ဆန်ညရေတပ်အခြေစိုက်စခန်း၌ တရုတ်နိုင်ငံ၏ အကြီးစားမောင်းသူမဲ့ရေအောက်ရေယာဉ် (XLUUV) နှစ်စီးကို ဂြိုဟ်တုဓာတ်ပုံများကထုတ်ဖော်ပြသခဲ့သည်။ သို့သော် တရုတ်နိုင်ငံအနေဖြင့် အနာဂတ်ရေတပ်စစ်ဆင်ရေးများတွင် ရေငုပ်သင်္ဘောများကို မည်သို့မည်ပုံအသုံးပြုသွားမလဲဆိုသောရည်ရွယ်ချက်မှာမူ ပြတ်ပြတ်သားသား မသိရှိရသေးပေ။

ပထမဆုံးသော XLUUV သည် ၁၆ မီတာရှည်လျားပြီး နှစ်မီတာ ကျယ်ဝန်းသည်။ ရေယာဉ်ရှေ့ပိုင်းသည် ဆင်ခြေလျှောစောက်ဖြစ်ပြီး နောက်ပိုင်းတွင် ပန်ကာ နှစ်လုံးပါရှိသည်။ အဆိုပါယာဉ်သည် ၂၀၁၉ ခုနှစ်တွင် စတင်အသုံးပြုခဲ့သော HSU-001 XLUUV နှင့် ချိတ်ဆက်အသုံးပြုသွားမည်ဖြစ်သည်။ HSU-001 သည် UUVs အသေးစားများနှင့် ရေတပ်အသုံးပြုမိုင်းများ သယ်ဆောင်နိုင်သည့်အပြင် ထောက်လှမ်းခြင်း၊ စောင့်ကြည့်ခြင်းနှင့် ကင်းထောက်ခြင်း (ISR)တို့အတွက် အသုံးပြုရန်ရည်ရွယ်ထားရှိသည်။ ၎င်းယာဉ်သည် လူလိုက်ပါသောရေယာဉ်များနှင့် ရေငုပ်သင်္ဘောများကို အန္တရာယ်မဖြစ်စေဘဲ ရန်သူ့ရေငုပ်သင်္ဘောများကို ခြေရာခံခြင်းအားဖြင့် ရေငုပ်သင်္ဘောတိုက်ဖျက်ရေး စစ်ဆင်ရေးများကိုလည်း ထမ်းဆောင်နိုင်စွမ်းရှိစေသည်။

ထိုသို့ဖွံ့ဖြိုးတိုးတက်လာမှုများသည် အမေရိကန်နိုင်ငံကို တောင်တရုတ်ပင်လယ်တွင် ကင်းလှည့်နေသော တရုတ်နျူကလီးယားပဲ့ထိန်းဒုံးကျည်တင်ရေငုပ်သင်္ဘော (SSBN) များကို ခြေရာခံနိုင်စွမ်းခက်ခဲစေမည်ဖြစ်သည်။ ASW တွင် တရုတ်နိုင်ငံ၏အဆင့်မြင့်တိုးတက်လာမှုများသည် အမေရိကန် US SSBNs များကို ခြိမ်းခြောက်မှုဖြစ်စေပြီး အမေရိကန်အတွက် မဟာဗျူဟာမြောက်တည်ငြိမ်မှုအတွက်လည်း သက်ရောက်မှုဖြစ်စေမည်ဖြစ်သည်။ အမေရိကန်၏ ပြိုင်ဘက်များသည် ASW နယ်ပယ်တွင် အဆင့်မြင့်တိုးတက်လာခြင်းသည် အမေရိကန်၏ဟန့်တားနိုင်မှုစွမ်းဆောင်ရည်အပေါ် မတည်မငြိမ်ဖြစ်ပေါ်စေမည်မှာ အသေအချာပင်ဖြစ်သည်။

**ကိုးကား**

- **China's terahertz tech heralds the future of underwater war by Asia Times.**

**ဝင်းဇင်(သုတေသန)**

## မောင်တောမြို့နယ် ရှာသာယာကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းနှင့် Box Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း စစ်ဆေး

**မောင်တော စက်တင်ဘာ ၉**

ရခိုင်ပြည်နယ် မောင်တောခရိုင် မောင်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ရှာသာယာကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းနှင့် Box Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မောင်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းထွန်းနှင့် တာဝန်ရှိသူများသည် ရှာသာယာကျေးရွာ၌ အရှည် ပေ ၇၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ရှစ်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းနှင့် အလျား ၁၂ ပေ၊ အနံ လေးပေ၊ အမြင့် လေးပေရှိ Box Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ တာဝန်ယူဆောင်ရွက်သော Diamond Road ကုမ္ပဏီမှ တာဝန်ရှိသူကို လုပ်ငန်းများအားလုံး ဌာနကသတ်မှတ်ထားသော စံနှုန်းများအတိုင်း စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။

ရှာသာယာကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းနှင့် Box Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ရခိုင်ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၁၂၂ ဒသမ ၇၃၆ သန်းဖြင့် Diamond Road ကုမ္ပဏီက တာဝန်ယူ၍ ယခုနှစ် ဩဂုတ် ၂၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၇၆ အိမ်၊ လူ ၃၁၈ ဦးအတွက် စီးပွားရေး၊ ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စများ ဆောင်ရွက်ရာ၌ ရာသီမရွေးသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **အထွေး**



# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**


# ပေါင်းသင်းဆက်ဆံရေး ပြုပြင်မနေနဲ့

သားသားမီးမီးတို့ရေ. . . .

ဟိုးရှေးရှေးတုန်းကပေါ့ကွယ်။ တောနက်ကြီးတစ်ခုထဲမှာ ဆင်မိသားစုတွေဟာ အသီးသီးအုပ်စုဖွဲ့ပြီးနေကြသတဲ့ကွယ်။ အဲဒီဆင်အုပ်စုထဲမှာ ဆင်မလေးမိုမိုကတော့ အရေးကြီးကိစ္စရှိတာကလွဲပြီး အပြင်ကိုထွက်လေ့ထွက်ထမရှိဘူးတဲ့။ ဘာဖြစ်လို့လဲဆိုတော့ ဖခင်ဆင်ကြီးနဲ့ မိခင်ဆင်မကြီးတို့က မသွားခိုင်းတဲ့အတွက်ကြောင့်ပေါ့ကွယ်။ ဆင်မလေးမိုမိုကတော့ အခြားဆင်တွေကို အဝေးကနေလှမ်းကြည့်ရင်း အားကျနေရှာသတဲ့ကွယ်။ အပေါင်းအသင်းကလဲ မရှိသလောက်ဆိုတော့ ပြင်ပဗဟုသုတလဲ နည်းရှာသတဲ့။ အခြားဆင်က အနီးအနားမှာတွေ့လို့နှုတ်ဆက်ရင်တောင် အသံအငေါ်တည့်အောင် ပြန်မပြောတတ်ရှာဘူးတဲ့။

တစ်နေ့မှာတော့ ဆင်မလေးမိုမိုဟာ ပြင်ပလောကနဲ့ဆက်နွယ်ဖို့အကြောင်းဖန်လာသတဲ့။ ဖခင်ဆင်ကြီးရုတ်တရက်ဆုံးပါးသွားတဲ့အတွက် မိခင်ဆင်မကြီးက အခြားဆင်တွေလို အသီးအနှံထွက်ရှာခိုင်းသတဲ့။ ဆင်မလေးမိုမိုဟာ ဖခင်ဆင်ကြီးမရှိတော့တာကို ဝမ်းနည်းပေမဲ့ သူထွက်ချင်တဲ့အပြင်ကို သွားလာရမှာဆိုတော့ အင်မတန်ပျော်သွားတာပေါ့။ သူအမြဲလိုလားတောင့်တနေတဲ့ ပြင်ပကမ္ဘာနဲ့ဆက်သွယ်ခွင့်ရမဲ့အခွင့်အရေးမို့လို့တဲ့ကွယ်။ ဒါပေမဲ့ အပြင်ကိုတကယ်တမ်းထွက်ရမယ်ဆိုပြန်တော့လဲ မဝံ့မရဲဖြစ်နေပြန်ရောတဲ့။ ဘာဖြစ်လို့လဲဆိုတော့ "ငါများ အပြင်ကိုသွားတဲ့အခါ အခြားသူငယ်ချင်းဆင်တွေနဲ့ကောသဟဇာတကျအောင်နေတတ်ပါ့မလား"လို့ တွေးနေလို့ပေါ့ကွယ်။ ဘာပဲဖြစ်ဖြစ် ဆင်မလေးမိုမိုအတွက် စားဝတ်နေရေးကိစ္စမို့ ရှာဖွေမှစားသောက်ရမဲ့ဘဝကိုး။ ဒါကြောင့် အားတင်းထားရင်း အခြားဆင်တွေနည်းတူထွက်လာခဲ့တယ်တဲ့ကွယ်။

အခြားဆင်သူငယ်ချင်းတွေနဲ့ အတူတူထွက်လာတဲ့အခါ ဆင်မလေးမိုမိုကတော့ နောက်ဆုံးမှာ တစ်ကောင်တည်း မသွားဝံ့မလာဝံ့ပုံစံဖြစ်နေတာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ အခြားဆင်တွေက တစ်ကောင်နဲ့တစ်ကောင် နောက်ပြောင်ကျီစယ်နေတဲ့အတွက်ကြောင့်ပေါ့ကွယ်။ ဆင်မလေးမိုမိုမှာ အခြားဆင်တွေနဲ့စကားပြောရမဲ့အကြောင်းအရာက မရှိသလောက်ပါပဲတဲ့။ ဒါပေမဲ့ ဆင်မလေးမိုမိုက သူတို့တွေကိုကြည့်ရင်း ဆုံးဖြတ်ချက်တစ်ခု ချလိုက်သတဲ့ကွယ်။ "ပြင်ပလောကကို မျက်စိသူငယ် နားသူငယ်နဲ့ သတ္တဝါတိုင်းဟာ ရောက်လာတတ်စမြဲပဲ။ ငါလဲ သူတို့တွေရဲ့ သဟဇာတကျအောင် နေထိုင်ပုံတွေ၊ အခြားဆင်တွေနဲ့တွေ့ရင် စတင်မိတ်ဆက်ပြီး ပြုမူနေထိုင်ပုံတွေကို အတုယူပြီး ကြိုးစားလေ့လာမယ်"ဆိုပြီး စိတ်ပိုင်းဖြတ်လိုက်သတဲ့ကွယ်။ အခြားဆင်သူငယ်ချင်းတွေရဲ့အပြုအမူကောင်းတွေ၊ စိတ်နေစိတ်ထားတွေ၊ နေထိုင်မှုတွေကိုအတုယူပြီး မကောင်းတာကိုပယ်ကာ ကောင်းတာတွေကို တစ်စတစ်စနဲ့ မသိမသာအတုယူနေသတဲ့ကွယ်။ ကိုယ်တိုင်ကိုယ်ကျလဲ ပြုမူကြည့်သတဲ့။ အစပိုင်းမှာတော့ သိပ်အဆင်မပြေလှဘူးတဲ့။ အခြားဆင်တွေဟာ သူရဲ့အားနည်းချက်ကို လှောင်ပြောင်ကြသတဲ့။ ဒါပေမဲ့ ဆင်မလေးမိုမိုဟာ စိတ်ပျက်မသွားဘူးတဲ့။ လှောင်ပြောင်တဲ့ဆင်သူငယ်ချင်းအုပ်စုကိုလဲ စိတ်မဆိုးဘူးတဲ့ကွယ်။ "သူလဲဆင်၊ ငါလဲဆင် သူတို့လိုပဲ ငါလဲတစ်နေ့ ပေါင်းသင်းဆက်ဆံရေးပြေပြစ်စေရမယ်၊ အဆင်ပြေစေရမယ်"ဆိုတဲ့စိတ်နဲ့ ကြိုးစားပြုပြင်နေရှာသတဲ့ကွယ်။ ဒီလိုနဲ့ တစ်နေ့မှာ ဆင်မလေးမိုမိုဟာ ဆင်စခန်းကိုလျှောက်လည်မလို့ ထွက်လာတုန်း ရန်မူနေကြတဲ့ ဆင်နှစ်ကောင်ကိုတွေ့သတဲ့ကွယ်။ အဲဒီအခါ ဆင်မလေးမိုမိုက "သူငယ်ချင်းတို့။ ဘာဖြစ်လို့ တစ်ကောင်နဲ့တစ်ကောင် ရန်မူနေကြတာလဲ" လို့ မေးလိုက်သတဲ့။



ဆင်လေးငတိုက "ငါ မနက်ကခူးလာတဲ့သစ်သီးတွေကို ဒီဆင်လောရှည်ကခိုးနေလို့"လို့ ပြန်ပြောလိုက်သတဲ့။

အဲဒီအခါ ဆင်လေးလောရှည်ကလဲ "ငါယူမိတာတော့ဟုတ်ပါတယ်ကွာ။ ဒါပေမဲ့ ငါ့ညီလေး ဗိုက်ဆာတယ်ပြောလို့ ငါ့မှာ ကျွေးချင်ဇောနဲ့ယူမိတာပါ။ ငါယူမိတဲ့သစ်သီးတွေကို ပြန်ရှာပြီးဆပ်ပါ့မယ်လို့ ပြောတာကို သူကရန်မူနေတာ"လို့ ဆင်မလေးမိုမိုကို အကြောင်းစုံရှင်းပြလိုက်သတဲ့ကွယ်။

အဲဒီအခါ ဆင်မလေးမိုမိုက "ဟုတ်သားပဲ ငတိုရာ။ ဒီလောက်အကြောင်းစုံရှင်းပြနေတာတောင် ဘာလို့ရန်မူနေရတာလဲ။ အေးအေးဆေးဆေးကျေနပ်လိုက်ပါ။ သူ့ညီလေးဗိုက်ဆာလို့ ယူမိတာပါ။ မကျေနပ်ရင် ငါ့ဆီကပြန်လျော်ပေးမယ် ယူမလား"လို့ မေးလိုက်တဲ့အခါ ဆင်လေးငတိုက "မဟုတ်တာကွာ။ မယူတော့ပါဘူး။ ငါလဲ အခုကိုယ်ချင်းစာမိပါပြီ။ ကျေးဇူးပါ မိုမိုရေ"လို့ တောင်းပန်သတဲ့။ ဆင်လေးလောရှည်ကလဲ "အခုလို ပြေပြေလည်လည်ဖြစ်အောင်လုပ်ပေးလို့ မင်းကိုသိပ်ကျေးဇူးတင်တယ်"လို့ ပြောလိုက်သတဲ့။ ဆင်မလေးမိုမိုဟာ ဒီလိုနဲ့ပဲ သူ့ပတ်ဝန်းကျင်က လောကတာဝန်တွေကိုထမ်းဆောင်ရင်း နေထိုင်သတဲ့။

နှစ်တွေကြာလာတဲ့အခါ "အတုမြင် အတတ်သင်" လာတဲ့ ဆင်မလေးမိုမိုဟာ ဆင်အုပ်စုထဲမှာ ဖြစ်ပေါ်တဲ့ပြဿနာတွေကို သူတတ်နိုင်တဲ့ဘက်ကနေ မျှမျှတတနဲ့ ပြေလည်အောင်ဖြေရှင်းပေးနိုင်တဲ့ထိ အားကိုးထိုက်တဲ့ဆင်တစ်ကောင်ဖြစ်လာသတဲ့။ ဆင်အများနဲ့နေထိုင်သွားလာတဲ့အခါမှာလဲ လိမ္မာပါးနပ်စွာ၊ သွက်လက်ချက်ချာစွာနဲ့ နေထိုင်တဲ့အတွက်ကြောင့် ဆင်အများရဲ့ ချီးမွမ်းမြှောက်စားခြင်းကိုခံရသတဲ့။ အဲဒီအချိန်ကစပြီးတော့ ဆင်မလေးမိုမိုဟာ သူ့ရဲ့အားနည်းချက်ကိုပြုပြင်ပြီး ကောင်းတဲ့အနေအထိုင်၊ အပြုအမူ၊ အလေ့အကျင့်ကောင်းတွေကို ဆင်ငယ်တွေကိုလဲ တတ်စွမ်းသလောက်သင်ပြပေးရင်း နေထိုင်သွားသတဲ့ကွယ်။

ပုံပြင်လေးကတော့ ဒါပါပဲကလေးတို့ရေ။ ဆင်မလေးမိုမိုဟာ ပြင်ပလောကနဲ့ ထိတွေ့မှုနည်းပါးတဲ့အတွက် သိမ်ငယ်ခဲ့ပေမဲ့လဲ ပြင်ပလောကနဲ့ထိတွေ့လာရတဲ့အခါ သူတစ်ပါးရဲ့အပြုအမူကောင်းတွေ၊ စိတ်နေစိတ်ထားတွေ၊ နေထိုင်မှုတွေကို အတုယူပြုမူသွားတာကို မှတ်သားကြရမှာဖြစ်ပါတယ်။ ကလေးတို့လဲ ဆင်မလေးမိုမိုလို ပတ်ဝန်းကျင်က ကောင်းတဲ့အရာတွေကိုယူပြီး မကောင်းတဲ့အရာတွေကို ပြစ်ပယ်ကာ ပြုမူနေထိုင်သင့်တယ်နော်။ အဲဒါကြောင့် ကလေးတို့အနေနဲ့ "အတုမြင် အတတ်သင်"ရင်း လူကောင်းလူတော်တွေဖြစ်အောင် ကြိုးစားကြရမယ်နော်။

**မင်းသူရိန်(သာကီနွယ်)**

# မေမေ့သမီး

- နံနက်ခင်းထက်လှသွေးကြွယ်
  မေမေ့သမီးငယ်။
- ချစ်ချင်စဖွယ် သွားအပြုံး
  ချမ်းမြေ့စိတ်နှလုံး။
- အချစ်ဆုံးမို့အကဲပို
  မမနဲ့ကိုကို။
- မူဟန်ပိုပို သွားအလှ
  ကြည့်ရှုလို့မဝ။
- ပီပီသသပြောဆိုဟန်
  မေမေပို့ချစ်ပြန်။
- ကဗျာဆန်ဆန်ရှုမငြီး
  မေမေ့ချစ်သမီး။ ။


**မိုးကောင်း**



# ပစ်တိုင်းထောင်

- အခက်အခဲ ပြဿနာ
  လူတိုင်းကြုံရမှာ၊
  ဘဝဆိုတာ မတည်မြဲ
  ရင်ဆိုင်ယှဉ်ပြိုင်နွှဲ။
- လဲရင်ပြန်ထ အတုယူပါ
  ပစ်တိုင်းထောင်ပမာ၊
  တွန်းလှဲခါခါ အပြုံးမပျက်
  ထိုင်လို့ရယ်နေလျက်။ ။

**မင်းဝေအောင်(ရဲကျွန်း)**



နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်ခြိုက်မက်မောစွာ အသုံးပြုနေသော

ပြင်ဦးလွင်

# နန်းမြိုင်ကော်ဖီ






ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၀၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

အာရေဗီးကားကော်ဖီစေ့စစ်စစ်ကိုသာအသုံးပြုထားကြောင်း အာမခံပါသည်။

# STARMART MANDALAY Wholesale





## ဝန်ထမ်းအလိုရှိသည်

**မန္တလေးပင်လယ်စာဆိုင်တွင် ကွန်ပျူတာစာရေးမ (၁)ဦး အလိုရှိသည်။**

-ဘွဲ့ရရှိသူဖြစ်ရမည်။
-Level (1), (2) တတ်ကျွမ်းသူဖြစ်ရမည်။
-ကျောင်းဆက်မတက်သူဖြစ်ရမည်။
-မှတ်ပုံတင်ရှိရမည်။ နေစရာပေးသည်။
-အလုပ်နားရက် (၂)ရက်ရှိသည်။
-အခြေခံလစာ (၂၀၀၀၀၀) , ရက်မှန်ကြေး(၂၀၀၀၀)
-အလုပ်ချိန် နံနက်(၇)နာရီ, ညနေ (၆)နာရီ

ဆက်သွယ်ရန်ဖုန်း/ 09-750114426

## မွေးသက္ကရာဇ်အမှန်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၂) မူလတန်းလွန်ကျောင်းတွင် ဒုတိယအလယ်တန်းပြဆရာဝန် ထမ်းဆောင်နေသော ဒေါ်ဝင်းဝင်း (ဘ) ဦးပန်းအောင်(၇/ညလပ(နိုင်) ၀၇၇၂၇၉)၏ မွေးသက္ကရာဇ်အမှန်မှာ အခြေခံပညာအထက်တန်းစာမေးပွဲအောင်လက်မှတ်(က)အရ ၃-၇-၁၉၆၉ ဖြစ်ပါကြောင်း။

၃-၇-၁၉၆၉

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်နေ ဦးစိုးမြင့်-ဒေါ်အေးသန္တာ တို့၏သား **မောင်အောင်ကောင်းမြတ် (၁၂/ဒဂမ(နိုင်)၀၃၉၅၁၁)** သည် မိဘတို့၏ဆိုဆုံးမမှုကိုမနာခံဘဲ မိမိဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးစိုးမြင့်(၁၃/မပတ(နိုင်)၀၁၄၂၅၇)**

**ဒေါ်အေးသန္တာ(၉/မထလ(နိုင်)၁၄၄၇၂၄)**

## မွေးသက္ကရာဇ်အမှန်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အ. ထ. က(ခွဲ)(၃)တွင် ဒုတိယအလယ်တန်းပြဆရာဝန် ထမ်းဆောင်နေသော ဒေါ်အေးမြင့်ခိုင်(ဘ) ဦးခင်ငြိမ်း (၅/ဗမန(နိုင်)၀၀၈၁၉၁)၏ မွေးသက္ကရာဇ်အမှန်မှာ အခြေခံပညာအထက်တန်းစာမေးပွဲအောင်လက်မှတ်(က)အရ ၆-၄-၁၉၆၇ ဖြစ်ပါကြောင်း။

၆-၄-၁၉၆၇

## မွေးသက္ကရာဇ်အမှန်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အ. ထ. က(ခွဲ)(၃)တွင် ဒုတိယအလယ်တန်းပြဆရာဝန် ထမ်းဆောင်နေသော ဒေါ်တင်တင်ဝင်း (ဘ) ဦးလှမြင့် (၉/နထက(နိုင်)၁၀၈၅၉၇)၏ မွေးသက္ကရာဇ်အမှန်မှာ အခြေခံပညာအထက်တန်းစာမေးပွဲ အောင်လက်မှတ်(က)အရ ၁၉-၅-၁၉၇၇ ဖြစ်ပါကြောင်း။

၁၉-၅-၁၉၇၇

## အများသိစေရန်ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ ၄၄လမ်း၊ ၁၁၇ (E)ထောင့်ရှိ မမ-၂၄၊ ဦးပိုင်အမှတ်(၁၂၇-၁၂၈)၊ဧရိယာ(၄၀×၆၀)ပေအားရောင်းချပိုင်ခွင့်ရှိသူဟုအဆိုပြုသူ ဦးအောင်သာဦး (၅/စကန(နိုင်)၁၄၇၇၆၂)ထံမှ ကျွန်တော် ဦးဇော်ဝင်းထွန်း(၉/မနတ(နိုင်)၁၀၁၄၈၈)က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေများ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်ဝင်းထွန်း (၉/မနတ(နိုင်)၁၀၁၄၈၈)**

**ကန်တော်ကြီး(အရှေ့ခြမ်း)၊**

**အဆောင်(၆)၊ အခန်း(၁)၊ မန္တလေး။**

## ရန်ကုန်ရုံးနှင့်မန္တလေးရုံးတွင် တာဝန်ထမ်းဆောင်ရန် ဝန်ထမ်းအလိုရှိသည်

လျှပ်စစ်ပစ္စည်းအရောင်းပိုင်းဆိုင်ရာအတွက် အမှန်တကယ်ကြိုးစားအလုပ်လုပ်ချင်သော ဝန်ထမ်းများအလိုရှိသည်။

**အမှတ်စဉ်(1)** **Sale Leader** ကျား/မ (4) ဦး
- အရောင်းလုပ်ငန်းအတွေ့အကြုံ (3)နှစ်အထက်
- လစာ + % (400000)အထက်

**အမှတ်စဉ်(2)** **Sale Representative** ကျား/မ (6) ဦး
- အရောင်းလုပ်ငန်းအတွေ့အကြုံ (1)နှစ်အထက်
- လစာ + % (300000)အထက်

**အမှတ်စဉ်(3)** **ယာဉ်မောင်း** ကျား (2) ဦး
- ယာဉ်မောင်းလိုင်စင်ရှိရမည်။ ယာဉ်မောင်းအတွေ့အကြုံ (2)နှစ်အထက်။
- လစာ (ညှိနှိုင်း)

အမှတ်စဉ် (1)နှင့်(2) အတွက် ပညာအရည်အချင်းအနည်းဆုံး အထက်တန်းအဆင့်မှ ဘွဲ့ရထိဖြစ်ရမည်။ အသက် (20) မှ (32) ကြား။ ယာဉ်မောင်းလိုင်စင်ရှိ၍ မန္တလေးမြို့တွင်း ကျွမ်းကျင်စွာသွားလာနိုင်ရမည်။ လိုအပ်သောစာရွက်စာတမ်းများနှင့်တကွ အောက်ပါလိပ်စာသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

- **အလုပ်လျှောက်ထားရန်အချိန်။** ။ နံနက် (၉)နာရီ မှ ညနေ (၅)နာရီ (ဥပုသ်ပိတ်)
- **လျှောက်လွှာနောက်ဆုံးလက်ခံမည့်ရက်။** ။ ၃၀-၉-၂၀၂၃ အထိ

လိပ်စာ- Quality Star Distribution Group Co.,Ltd, 67 (A)လမ်း၊ 42 လမ်းထောင့်

ဖုန်း- 09-798925833 , 09-772688880, 09-773688880

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။**

**ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး**

**ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)**

**ရန်သူမီးဘေး တားဆီးရေး မနေးဆောင်ရွက်ကြ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ မိသားစုတစ်ခုရဲ့ အသက်ဟာ မိသားစုစိတ်ဓာတ်ဖြစ်သလို ပြည်ထောင်စုတစ်ခုရဲ့ အသက်ဟာလည်း ပြည်ထောင်စုစိတ်ဓာတ်ပဲဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး မှီခိုရှင်သန်ရာပြည်ထောင်စုရဲ့ အရိပ်အာဝါသကို အသက်သဖွယ် မြတ်နိုးတန်ဖိုးထားပြီး စုပေါင်းဆောင်ရွက်ကြရင် နိုင်ငံ့တိုးတက်မှုအရှိန်အဟုန်ကောင်းတွေဟာ ရပ်တန့်နေမှာမဟုတ်ပါဘူး။ ကျွန်တော်တို့သွားလိုတဲ့ပန်းတိုင်ကို မဖြစ်မနေရောက်ရှိမယ်လို့ ယုံကြည်ပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဧပြီ ၁၇ ရက်တွင် ကျရောက်သော မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် နှစ်သစ်ကူးအခါသမယတွင် ပြောကြားသည့် မြန်မာနှစ်သစ်ကူးနှုတ်ခွန်းဆက်မင်္ဂလာစကားမှ ကောက်နုတ်ချက်)**

## ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်လာခြင်းမှသည် တစ်နိုင်ငံလုံးအတိုင်းအတာအထိ ဖွံ့ဖြိုးတိုးတက်လာစေရေး အားလုံးအတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်

စာမျက်နှာ - ၁၆-၁၇

## ၂၀၂၆ ခုနှစ်တွင် မြန်မာနိုင်ငံမှ အာဆီယံဥက္ကဋ္ဌတာဝန်ကို ဖိလစ်ပိုင်နိုင်ငံသို့ လွှဲပြောင်းသည့် ကိစ္စဆိုင်ရာ ရှင်းလင်းချက်

စာမျက်နှာ - ၂၁

## ရုရှားဖက်ဒရေးရှင်းနိုင်ငံက မိုခါဆိုင်ကလုန်းမုန်တိုင်းဘေးသင့်ပြည်သူများအတွက် လူသားချင်းစာနာမှုအကူအညီပစ္စည်းများတင်ဆောင်လာသည့် ကုန်တင်လေယာဉ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိ



**ရန်ကုန် စက်တင်ဘာ ၉**

ရုရှား-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို အခြေခံ၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံက ပေးအပ်သည့် မိုခါဆိုင်ကလုန်းမုန်တိုင်းဘေးသင့် ပြည်သူများအတွက် လူသားချင်းစာနာမှုအကူအညီပစ္စည်းများတင်ဆောင်လာသော ရုရှားနိုင်ငံမှ ကုန်တင်လေယာဉ်သည် ယနေ့နံနက် ၄ နာရီ မိနစ် ၂၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

ဦးစွာ ရောက်ရှိလာသည့်အကူအညီပစ္စည်းများကို ရန်ကုန်တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းစိုးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူတို့က ကြည့်ရှုစစ်ဆေးကြသည်။

စာမျက်နှာ ၂၂ ကော်လံ ၁ ☆

### နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်
### ၉-၉-၂၀၂၃

မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့်ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပြီး ရွာရန် ရာနှုန်းပြည့်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

